# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက် | ၂၀၂၁ ခုနှစ်၊ ဩဂုတ် ၂၀ ရက်၊ သောကြာနေ့ | အတွဲ (၆၀)၊ အမှတ် (၃၂၁)


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး အစီအစဉ်တွင် အကျုံးဝင်ကြောင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ကျန်းမာရေးဝန်ကြီးဌာန**
**အမိန့်အမှတ် ၃၀၂/၂၀၂၁**
**၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်**
**(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)**

ကျန်းမာရေးဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 – COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်အတွင်းရှိ ကျိုင်းတုံမြို့နယ်တွင် COVID-19 ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာပြီး ပိုးတွေ့နှုန်း မြင့်တက်လျက်ရှိပါသဖြင့် အဆိုပါမြို့နယ်တွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

*စာမျက်နှာ ၅ ကော်လံ ၁ ✪*




မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကမ္ဘောဒီးယားနိုင်ငံအစိုးရနှင့် ပြည်သူများက လှူဒါန်းသည့် ပစ္စည်းများအား ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးက ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းထံ လွှဲပြောင်းပေးအပ်စဉ်။

## ကမ္ဘောဒီးယားနိုင်ငံအစိုးရက မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အထောက်အကူပြုပစ္စည်းများလှူဒါန်း

နေပြည်တော် ဩဂုတ် ၁၉

မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကမ္ဘောဒီးယားနိုင်ငံအစိုးရနှင့် ပြည်သူများက အထောက်အကူပြုဆေးပစ္စည်းများ လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပသည်။

*စာမျက်နှာ ၄ ကော်လံ ၁ ○*


**ယနေ့ ဖတ်စရာ**

**မျိုးမြန်မာပြည်ရွာ တို့စောင့်ရှောက်ဖို့ပါ**
(သမိုင်းကို ခြေရာကောက်ကြည့်ခြင်း)
*ဆောင်းပါး* စာ ၆

**အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် အစ္စရေးဝန်ကြီးချုပ်ကို အိမ်ဖြူတော်တွင် တွေ့ဆုံမည်**
*နိုင်ငံတကာသတင်း* စာ ၁၃





# အသက်ကလေးရယ်တဲ့ ရှည်စေလို ကိုယ့်အိမ်အရိပ်မှာသာခို

မြန်မာနိုင်ငံ ကိုဗစ်-၁၉ တတိယလှိုင်းတွင် မြို့နယ်အချို့ကို Stay at Home ချမှတ်ခဲ့ရပြီး ယနေ့ထိတိုင်လည်း Stay at Home မြို့နယ်များ လိုအပ်သလို သတ်မှတ်နေရဆဲဖြစ်သည်။ Stay at Home ခေါ် အိမ်မှာသာနေရသည့် အစီအစဉ်ကို ချမှတ်ရခြင်းမှာ ပြင်ပအသွားအလာများ လျော့ကျသွားစေရန်အတွက် ကန့်သတ်ထိန်းချုပ်ခြင်းဖြစ်သည်။ ရရှိလာမည့် အကျိုးရလဒ်မှာ လူတစ်ဦးနှင့်တစ်ဦး ထိတွေ့မှုလျော့ချနိုင်ကာ ရောဂါကူးစက်ပျံ့နှံ့မှုလမ်းကြောင်းများ ပြတ်တောက်သွားခြင်းဖြင့် ရောဂါကူးစက်မှုမြင့်တက်နေသည့်အခြေအနေကို တားဆီးနိုင်ခြင်းပင်ဖြစ်သည်။ လူဦးရေထူထပ်သော မြို့ကြီးများတွင် အများပြည်သူရုံးပိတ်ရက်ရှည် သတ်မှတ်ခြင်းနှင့် အိမ်မှာသာနေရမည့် အစီအစဉ်ချမှတ်ခြင်းတို့၏ အကျိုးကျေးဇူးကြောင့် ကပ်ရောဂါကူးစက်ပျံ့နှံ့မှု သိသိသာသာလျော့ကျသွားခဲ့သည်ကို တွေ့ရသည်။

အများသိပြီး ဖြစ်ကြသည့်အတိုင်း ကိုဗစ်-၁၉ တတိယလှိုင်းသည် ဗိုင်းရပ်စ်ပိုး၏ မျိုးဗီဇပြောင်းလဲခြင်းနှင့်အတူ ပို၍ကူးစက်မြန်သော၊ များသော၊ ပြင်းထန်သော ကပ်ရောဂါအဖြစ်သို့ ပြောင်းလဲသွားပြီး ကာကွယ်မှု၊ ထိန်းချုပ်မှု၊ ကုသမှုအားလုံးတို့တွင် အခက်အခဲများစွာနှင့် ရင်ဆိုင်ခဲ့ကြရသည်။ ရောဂါခံတတ်ခွဲအတည်ပြုလူနာများ အများအပြား တစ်ဟုန်ထိုးတက်သွားသလို ဆေးရုံများ၊ ကုသရေးစင်တာများ၊ ရောဂါစောင့်ကြည့်စင်တာများ ပြည့်လျှံသွားခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများ၊ ဆရာဝန်၊ ဆရာမများ၊ စေတနာ့ဝန်ထမ်းလုပ်အားပေးများ၊ ဆေးနှင့်ဆေးဘက်ဆိုင်ရာ စက်ကိရိယာများ၊ အောက်ဆီဂျင် လိုအပ်ချက်များလည်း ရုတ်တရက် မဖြည့်ဆည်းနိုင်အောင် မြင့်တက်သွားခဲ့သည်။ ရောဂါပြင်းထန်မှုနှင့်အတူ သေဆုံးမှုနှုန်းလည်း ရုတ်တရက် မြင့်မားသွားခဲ့ရာ နေ့ရောညပါ သဂြိုဟ်ရသည့် အခြေအနေအထိ ဖြစ်ပေါ်ခဲ့ရသည်။

လက်ရှိအခြေအနေတွင် ရောဂါကူးစက်ပြန့်ပွားမှု လျော့ကျလာနေသော်လည်း ဒေသအချို့တွင် တန်းနေခြင်းနှင့် အချို့တွင် အတက်ဘက်သို့ ပြနေခြင်းတို့ရှိနေသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကျဘက်သို့ ရောက်လာပြီဟု ဆိုသော်ငြားလည်း ကူးစက်ပြန့်ပွားမှု မြင့်တက်နေသည့် ဒေသများအားလုံးပါကျဆင်းလာမှသာ ထိန်းချုပ်နိုင်ပြီဟု ဆိုနိုင်မှာဖြစ်သည်။ သို့ရာတွင် ကိုဗစ်-၁၉ တတိယလှိုင်းကာလ ရုံးပိတ်ရက်ရှည်နောက်ပိုင်း တတိယပတ်တွင် လူများ လမ်းပေါ်တွင် ပြန်တွေ့လာရကြောင်း၊ နိုင်ငံတကာတွင်လည်း ယင်းကဲ့သို့ပင်ဖြစ်ကြောင်း၊ Stay at Home အနေကြာလာသည်နှင့်အမျှ လူများက လမ်းပေါ်ပြန်ထွက်ချင်ကြကြောင်း၊ အခြေအနေမှာ စိတ်မချရသေးကြောင်း၊ ကူးစက်မှုများ ရှိနေသေးပြီး အကြွင်းအကျန်မှ ပြန်၍ပွားနိုင်ကြောင်း ကျန်းမာရေးပညာရှင်တစ်ဦးက ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး ပညာပေးအစီအစဉ်တစ်ခုတွင် ပြောကြားခဲ့ရာ သတိပြုလိုက်နာကြရန် လိုအပ်သည်။

အထက်တွင်ဆိုခဲ့ပြီး ဖြစ်သည့်အတိုင်း Stay at Home ချမှတ်ခြင်းသည် ရောဂါကူးစက်မှုလမ်းကြောင်းများကို ပြတ်တောက်သွားစေရန် ရည်ရွယ်ခြင်းဖြစ်ပြီး အချိန်ကာလအားဖြင့်လည်း အတိုင်းအတာတစ်ခုအတွင်းမှာသာ ဖြစ်သည့်အလျောက် အားလုံးက လိုက်နာဆောင်ရွက်ပေးခြင်းအားဖြင့် ကပ်ရောဂါကူးစက်မှု မြန်မြန်ဆန်ဆန် ရပ်တန့်သွားမှာဖြစ်သည်။ ဤနေရာတွင် သာဓကအားဖြင့် ကမ္ဘာပေါ်တွင် ကျန်းမာရေးစောင့်ရှောက်မှု အကောင်းဆုံးနိုင်ငံကြီးတစ်ခုဖြစ်သည့် အမေရိကန်ပြည်ထောင်စုသည် တစ်ဦးချင်း လွတ်လပ်မှုကို ဦးစားပေးခြင်းနှင့်အတူ ကမ္ဘာပေါ်တွင် ခံတတ်ခွဲအတည်ပြုလူနာအများဆုံး၊ သေဆုံးသူအများဆုံးဖြင့် နံပါတ်(၁)နေရာ ရောက်နေခြင်းကို တွေ့မြင်နိုင်သည်။ အဘက်ဘက်မှ အားနည်းသည့် မိမိတို့နိုင်ငံအနေဖြင့်မူ လူတစ်ဦးချင်းဆီက စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြကာ မိမိကိုယ်ကိုယ် ကာကွယ်ခြင်းနှင့်အတူ မိမိ၏ မိသားစုနှင့် မိမိ၏ပတ်ဝန်းကျင်ကို ကာကွယ်မှုပေးနိုင်ကြရန် လိုအပ်သည်။ မဖြစ်မီက ကာကွယ်ခြင်းသည် ဖြစ်ပြီးမှ ကုသခြင်းထက် ပို၍သေချာ၊ ပို၍ ကောင်းသည်ဟု ဆိုရပါမည်။

Stay at Home စည်းမျဉ်း စည်းကမ်းများနှင့်အညီ မလိုအပ်ဘဲ အပြင်မထွက်ခြင်း၊ မဖြစ်မနေ အပြင်ထွက်ရပါက ပါးစပ်နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်ခြင်း၊ လူစုလူဝေးကို ရှောင်ခြင်း၊ လက်ကို ဆပ်ပြာဖြင့် မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာမှနေထိုင်ဆက်ဆံခြင်းတို့ဖြင့် မမြင်နိုင်သော်လည်း အန္တရာယ်ကြီးမားလှသည့် ကိုဗစ်-၁၉ ကပ်ရောဂါဘေးမှ လွတ်မြောက်အောင် ရှောင်ရှားနိုင်ကြပါစေဟု အကျိုးမျှော်ကာ နှိုးဆော်အပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး (သာသနာရေး) မှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးစိုးမင်းထွန်း ကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်တင်စိုး အား အမြဲတမ်းအတွင်းဝန် တာဝန်များကို ပူးတွဲထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် အောက်ဆီဂျင်စက်သစ်လည်ပတ်ရန်ပြင်ဆင်နေမှု ကြည့်ရှုစစ်ဆေး



ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက အောက်ဆီဂျင်ပေးအပ်လှူဒါန်းပွဲတက်ရောက်ပြီး အောက်ဆီဂျင်စက်သစ် လည်ပတ်ရန် ပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မင်္ဂလာဒုံမြို့နယ် အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)တွင် စစ်တက္ကသိုလ် ဗိုလ်လောင်းအမှတ်စဉ် ၂၅ ကျောင်းဆင်း အရာရှိများမှ တပ်မတော်ဆေးရုံကြီးနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးများသို့ Liquid Oxygen တန် ၂၀ ပေးအပ်လှူဒါန်းသည့်အခမ်းအနားကို တက်ရောက်ပြီး လှူဒါန်းမှုများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် လှူဒါန်းပေးအပ်သည့် Liquid Oxygen များကို တပ်မတော်ဆေးရုံကြီးရှိ ဖိအားမြင့်အောက်ဆီဂျင်အရည် သိုလှောင်ကန်အတွင်းသို့ တပ်မတော်နှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ကျွမ်းကျင်သူနည်းပညာရှင်များက ဖြည့်သွင်းပေးနေမှုများကို အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) တပ်မှူး ဗိုလ်မှူးချုပ် မြင့်ဇော်နှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူတို့က ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာသို့ ရောက်ရှိရာ စည်ပင်သာယာရေး ဝန်ကြီး (မြို့တော်ဝန်) ဦးဗိုလ်ဌေး နှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ပိုင် တစ်ရက်လျှင် လီတာ ၄၀ ဆံ့ ဆလင်ဒါအိုး ၈၀၀ ထုတ်လုပ်နိုင်မည့် တန် ၂၀ ဆံ့ Liquid Oxygen Tank တပ်ဆင်တည်ဆောက်နေမှုအခြေအနေ၊ မြန်မာကွန်ဗင်းရှင်း စင်တာ (MCC) ခြံဝင်းအတွင်း တည်ဆောက်နေသည့် ကိုဗစ်-၁၉ ပိုးတွေ့လူနာ ၂၄၀ ထားရှိနိုင်မည့် အလျား ၁၁၅ ပေ၊ အနံပေ ၄၀ ရှိ တိုးချဲ့အဆောင်သုံးဆောင် တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံဆောင်ရွက်မှုဖြင့် အောက်ဆီဂျင်အရည်ပါ လီတာ ၄၀ ဆလင်ဒါအိုးအသစ် ၂၄၀၀ ကျော် စုဆောင်းထားရှိပြီး ပြည်သူ့ဆေးရုံများနှင့် ကိုဗစ် – ၁၉ ရောဂါ ကုသရေးစင်တာများသို့ အောက်ဆီဂျင်ပြတ်လပ်မှု မရှိစေရေး ပြန်လည်မျှဝေပေးနေမှု အခြေအနေများနှင့် MCC စင်တာတွင် ပိုးတွေ့လူနာ ၇၀ ကို ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့သည်။

**ဆန်းကျော်ဦး (ပြန် /ဆက်)**

# ငါးသိုင်းချောင်းမြို့၌ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်

ငါးသိုင်းချောင်း ဩဂုတ် ၁၉

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ဦးစီးဌာနအစီအစဉ်ဖြင့် တိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ အားကစားနှင့် ကာယပညာကော်မတီသို့ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးကျော်လွင်က သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဦးစီးဌာနတို့မှ ဆက်လက်ဆောင်ရွက်သွားမည့် အားကစားကဏ္ဍ မြှင့်တင်ရေး အစီအစဉ်များနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ညွှန်ကြားရေးမှူးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အား/ကာ ဦးစီးဌာန တာဝန်ရှိသူများက ငါးသိုင်းချောင်းမြို့အုပ်ချုပ်ရေးမှူး ဦးရဲထက်အောင်၊ မြို့အားကစားနှင့်ကာယပညာ ကော်မတီဥက္ကဋ္ဌ ဦးဟာတင်နှင့် ကော်မတီဝင်များထံ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ငါးသိုင်းချောင်းမြို့ အားကစားကဏ္ဍ မြှင့်တင်ရေးအတွက် ဘော်လီဘော၊ ပိုက်ကျော်ခြင်း အားကစားနည်းအတွက် ဆက်စပ်ပစ္စည်းများ ပေးအပ်ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**စိုးမင်းဦး (ပြန်/ဆက်)**

# ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရန် ကြိုတင်စီမံဆောင်ရွက်

ပြီးခဲ့သည့်နှစ်က မိုးခေါင်မှုဖြစ်ပေါ်ခဲ့သည့်အတွက် နိုင်ငံအတွင်း သောက်သုံးရေ အခက်အခဲများဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုနှစ်တွင် သတ်မှတ်မိုးရေချိန် ပြည့်မီသည့်အတွက် သောက်သုံးရေအတွက် အခက်အခဲမရှိပါကြောင်း၊ သို့သော်လည်း ဆည်တမံများ ထိခိုက်ပျက်စီးမှုမရှိစေရန်နှင့် ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရန် ကြိုတင်စီမံဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်း။

**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၈-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိဌာနများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၁၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်နယ်မြေအတွင်းရှိ မြန်မာ့စာတိုက်လုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒေတာစင်တာနှင့် မိုဘိုင်းဆက်သွယ်ရေးအိတ်ချိန်း၊ မြန်မာ့မီးရထား နေပြည်တော် ဘူတာကြီးနှင့် စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ဗဟိုစာတိုက်ကြီးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ အရာထမ်း၊ အမှုထမ်းများဖြင့် တွေ့ဆုံသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် မြန်မာ့စာတိုက်လုပ်ငန်းပြခန်း၊ နေပြည်တော်ဗဟိုစာတိုက်ကြီး ကောင်တာ၊ စာ/ပါဆယ်များ လုံခြုံရေးစစ်ဆေးနေသော X-Ray စက်ခန်းနှင့် စာတိုက်သေတ္တာထားရှိသည့် နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနသို့ ရောက်ရှိရာ ရုံးချုပ် အစည်းအဝေးခန်းမတွင် e-Government ဌာနညွှန်ကြားရေးမှူးက e-Government Data Center လုပ်ငန်းများ ဆောင်ရွက်မှု၊ ဝန်ဆောင်မှုပေးနေသည့် အခြေအနေနှင့် ဆောင်ရွက်ဆဲ စီမံကိန်းများဖြစ်သော e-Government integrated Data Center တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှုများ တင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

### အထူးဂရုစိုက်ဆောင်ရွက်

ဆက်လက်၍ အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန ညွှန်ကြားရေးမှူးက အမျိုးသား ဆိုက်ဘာလုံခြုံရေးဗဟိုဌာန၏ လုပ်ငန်းများကို သုံးသပ်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သတင်းအချက်အလက် နည်းပညာခေတ်တွင် ဆိုက်ဘာလုံခြုံရေးသည် အရေးကြီးသောလုပ်ငန်းတစ်ရပ် ဖြစ်သောကြောင့် အထူးဂရုစိုက် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ကို စနစ်တကျ ပြုစုပျိုးထောင်ရန်နှင့် နိုင်ငံတကာ စံနှုန်း၊ မြန်မာနိုင်ငံ၏ လိုအပ်ချက်တို့နှင့် ကိုက်ညီမည့် ဥပဒေ၊ စည်းမျဉ်းများ၊ မူဝါဒများ စနစ်တကျ ချမှတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန အဆောက်အအုံ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### အထူးအလေးထား

ဆက်လက်၍ ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဒေတာစင်တာနှင့် မိုဘိုင်းဆက်သွယ်ရေးအိတ်ချိန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသအလိုက် Mobile Team များဖွဲ့စည်း၍ အချိန်နှင့်တစ်ပြေးညီ ပြုပြင်နိုင်ရေး စီမံဆောင်ရွက်ထားရှိရန်နှင့် လုံခြုံရေးကိစ္စကို အထူးအလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

### မီးရထားပြတိုက်တည်ဆောက်

ယင်းနောက် နေပြည်တော်ဘူတာကြီးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ အထွေထွေမန်နေဂျာ(မြို့ပြ)က နေပြည်တော်ဘူတာတွင် သရုပ်ပြစက်ခေါင်းများထားရှိမည့် အဆိုပြုပုံစံများ၊ မီးရထားပြတိုက် တည်ဆောက်မည့် အဆိုပြုနေရာများ၊ နေပြည်တော်ဘူတာနှင့် မလွကုန်းဘူတာတို့တွင် မီးရထားပြတိုက် တည်ဆောက်ရန် ဒီဇိုင်းရေးဆွဲဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

### လိုအပ်သည်များ မှာကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့မီးရထားပြတိုက် တည်ဆောက်မည့် အဆိုပြုမြေနေရာများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နေပြည်တော်စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၉**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကူမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်းရှိ ဗန်းမော်မြို့နှင့် ရွှေကူမြို့တို့တွင် ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် အဆိုပါ မြို့နယ်များအတွင်းရှိ မြေနိမ့်ပိုင်း ရပ်ကွက်များတွင် မြစ်ရေ ဝင်ရောက်လာသဖြင့် အိမ်ထောင်စုများအား ဩဂုတ် ၁၉ ရက် ညနေ ၃ နာရီတွင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးစဉ်။

မျိုးမြင့်စိုး(ပြန်/ဆက်)



# အီလက်ထရွန်နစ်စနစ်ဖြင့် လူဦးရေမှတ်ပုံတင်ခြင်းစနစ် (e-ID Population Registry) လုပ်ငန်းကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၉

နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို ဥပဒေနှင့်အညီ နိုင်ငံသားအဖြစ် အကျုံးဝင်သူများကို ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုရုံးပိတ်ရက် သတ်မှတ်ကာလများတွင်လည်း ပန်းခင်းစီမံချက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများအဖြစ် ဝန်ကြီးဌာနမှ ဆောင်ရွက်ရန်၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်နှင့် မီဒီယာဖြင့် ပြည်သူများသို့ အသိပေးဆောင်ရွက်ရန်စသည့် အပိုင်း (၃) ပိုင်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပြောကြားသည်။





ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် အီလက်ထရွန်နစ်စနစ်ဖြင့် လူဦးရေမှတ်ပုံတင်ခြင်းစနစ် (e-ID Population Registry) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပသည့် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် အီလက်ထရွန်နစ်စနစ်ဖြင့် လူဦးရေမှတ်ပုံတင်ခြင်းစနစ် (e-ID Population Registry) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ထိုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားကို ရေရှည်တွင် ကျယ်ကျယ်ပြန့်ပြန့် ခိုင်ခိုင်မာမာဖြင့် နိုင်ငံတကာအဆင့်အတန်းမီ အသုံးပြုဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် အီလက်ထရွန်နစ်စနစ်ဖြင့် လူဦးရေမှတ်ပုံတင်ခြင်းစနစ် (e-ID Population Registry) ကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ e-ID စနစ်သည် နိုင်ငံတော်မှ ဆောင်ရွက်နေသည့် e-Government စနစ်၏ အခြေခံအကျဆုံးလုပ်ငန်းဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားကို e-ID စနစ်ဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် အခြားသောဆက်စပ်ဌာနများမှ ပြည်သူများအတွက် ဆောင်ရွက်လျက်ရှိသည့် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဋ္ဌေးလှိုင်က e-ID Population Registry လုပ်ငန်းနှင့် ပတ်သက်၍ ယခင်ကဆောင်ရွက်ခဲ့မှု အခြေအနေများကိုလည်းကောင်း၊ လုပ်ငန်းဆိုင်ရာ တာဝန်ခံများက e-ID စနစ်လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆပ်ကော်မတီများအလိုက် ဖွဲ့စည်းဆောင်ရွက်ခဲ့မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များနှင့် လိုအပ်သည်များ မေးမြန်းဆွေးနွေး ညှိနှိုင်းဆောင်ရွက်ပေးပြီး e-ID စနစ်လုပ်ငန်းဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို စီမံချက်စနစ်တကျ ရေးဆွဲဆောင်ရွက်နိုင်ရေး၊ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များ ရယူမှတ်တမ်းတင်ထိန်းသိမ်းခြင်းဖြစ်သည့်အတွက် ဥပဒေနှင့်အညီဖြစ်စေရေးနှင့် ဆက်စပ်ဌာနများ၊ နည်းပညာကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

○ *ရှေ့ဖုံးမှ*

အခမ်းအနား၌ ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီး Professor Mam Bunheng က မိမိအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ Samdech Akka Moha Sena Padei Techo Hun Sen ၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ နှုတ်ခွန်းဆက် အမှာစကားကို တစ်ဆင့်ပြောကြားလိုပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်အနေဖြင့် မြန်မာနိုင်ငံရှိ ပြည်သူအားလုံးကိုလည်း ကိုဗစ်-၁၉ ကပ်ရောဂါမှ အောင်မြင်စွာ ကျော်လွှားနိုင်ပြီး ကျန်းမာပါစေကြောင်း ဆုမွန်ကောင်း တောင်းပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံသည် နှစ်ကာလကြာရှည်စွာ ညီအစ်ကိုမောင်နှမ ဆက်ဆံရေးတည်ရှိပြီး အာဆီယံအသိုင်းအဝိုင်းမှတစ်ဆင့် ဒေသတွင်းငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများတွင် ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုများ ရှိပါကြောင်း။

**ပေးပို့လှူဒါန်းခြင်းဖြစ်**

ယနေ့အချိန်တွင် တစ်ကမ္ဘာလုံး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ ရင်ဆိုင်ကြုံတွေ့နေရာတွင် ကမ္ဘောဒီးယားနိုင်ငံနှင့် ပြည်သူများမှ ညီအစ်ကိုမောင်နှမကဲ့သို့ စည်းလုံးညီညွတ်သော စိတ်ထားဖြင့် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်ရေးအတွက် အထောက်အပံ့အနေဖြင့် ယခုကဲ့သို့ ဆေးပစ္စည်းများအား ပေးပို့လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ကမ္ဘောဒီးယား- မြန်မာ နှစ်နိုင်ငံရင်းနှီးမှုနှင့် ချစ်ကြည်စွာပူးပေါင်းမှုမှတစ်ဆင့် နှစ်နိုင်ငံ စည်းလုံးညီညွတ်မှု၊ လူမှုစီးပွားတိုးတက်မှုများသာမက ဒေသတွင်းငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများပါ ဆောင်ကြဉ်းနိုင်မည်ဟု ယုံကြည်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ အခမ်းအနားသို့ တက်ရောက်လာသော ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တကွ တာဝန်ရှိသူများနှင့် မြန်မာပြည်သူအားလုံးအား ကျန်းမာပျော်ရွှင်၍ အောင်မြင်ပါစေကြောင်း ဆုမွန်တောင်းပါကြောင်း ပြောကြားသည်။

**ဆေးပစ္စည်းများလွှဲပြောင်း**

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးက ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းထံ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ် ကုသရေးအတွက် အထောက်အကူပြုဆေးပစ္စည်းများ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် ယခုလှူဒါန်းမှုများသည် မိမိတို့နိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါ တုံ့ပြန်နိုင်ရေး ကျန်းမာရေး စောင့်ရှောက်မှုများ ပေးရာတွင် များစွာအထောက်အကူ ဖြစ်စေပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ကောင်းမွန်သည့် ချစ်ကြည်ရေး ပြယုဂ်တစ်ခုလည်း ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့်တစ်နှစ်ခွဲအတွင်း မိမိတို့သည် ကိုဗစ်-၁၉ ကပ်ရောဂါ၏ မမျှော်လင့်သော စိန်ခေါ်မှုများကို ရင်ဆိုင်ခဲ့ရပါကြောင်း၊ လတ်တလော ကာလတွင်လည်း ၎င်းရောဂါပိုး၏ မျိုးရိုးဗီဇပြောင်း Delta အမျိုးအစား ဗိုင်းရပ်စ်ပိုးကြောင့် ရင်ဆိုင်ရသည့်အခက်အခဲများမှာ ပိုမိုပြင်းထန်လာပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၊ ကျန်းမာရေးဝန်ကြီး၏ မြန်မာနိုင်ငံအတွက် ကိုဗစ်-၁၉ ကပ်ရောဂါ တုံ့ပြန်ရေးဆိုင်ရာ ထောက်ပံ့မှုများ ပေးနိုင်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်ချက်များသည် မိမိတို့နိုင်ငံအား များစွာ အထောက်အကူဖြစ်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း။

ယနေ့ အခမ်းအနားတွင် ပါးစပ်နှင့် နှာခေါင်းစည်း သုံးသန်း၊ COVID-19 AG sets ၅၀၀၀၀၀၊ တစ်ကိုယ်ရေ ရောဂါကာကွယ်ရေးဝတ်စုံ PPE အစုံ ၂၀၀၀ ၊ Oxygen Concentrators ၁၀၀ ၊ Ventilator Machines ၂၀ ၊ Patient Monitors and accessories အစုံ ၂၀ လက်ခံရရှိပါကြောင်း၊ အဆိုပါပစ္စည်းများသည် အာဆီယံ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာနမှတစ်ဆင့် လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ နှင့် ကမ္ဘောဒီးယားနိုင်ငံ အစိုးရမှ မြန်မာနိုင်ငံအစိုးရသို့ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၂၀၀၀၀၀ တို့အား ထပ်မံပံ့ပိုးလှူဒါန်းခြင်း ဖြစ်ကြောင်း။

ထိုသို့ ရင်းနှီးချစ်ကြည်စွာ လှူဒါန်းမှုများကြောင့် မြန်မာနိုင်ငံတွင် ကပ်ရောဂါတိုက်ဖျက်ရေး ရှေ့တန်းမှ တိုက်ပွဲဝင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများအား ထိရောက်စွာ ပံ့ပိုးပေးနိုင်မည့်အပြင် နိုင်ငံတစ်ဝန်းရှိ အသက်ပေါင်းများစွာကိုလည်း ကယ်တင်နိုင်မည်ဖြစ်ပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်နှင့် ကျန်းမာရေး ဝန်ကြီးတို့၏ ဦးဆောင်မှုဖြင့် ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကပ်ရောဂါ တုံ့ပြန်ရေးတွင် ထိရောက်သော လုပ်ဆောင်နိုင်မှုများ တွေ့မြင်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ယခုလှူဒါန်းသည့် ဆေးပစ္စည်းများ အဆင်ပြေချောမွေ့စွာ ရောက်ရှိနိုင်ရေး မြန်မာဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံရုံးမှ ညှိနှိုင်းလုပ်ဆောင်ပေးမှုများ အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့ လှူဒါန်းပေးအပ်ပွဲ ဖြစ်မြောက်ရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်ပေးကြပါသော နှစ်နိုင်ငံဘက်မှ တာဝန်ရှိသူများနှင့် ကမ္ဘောဒီးယားနိုင်ငံမှ မြန်မာနိုင်ငံအထိ လာရောက် လှူဒါန်းပေးသော တာဝန်ရှိသူများအားလုံး ကျေးဇူးတင်ရှိပါကြောင်း။

ကျန်းမာသောအနာဂတ် ရရှိပိုင်ဆိုင်နိုင်ရေးအတွက် ဒေသတွင်း နိုင်ငံများမှ ကိုဗစ်-၁၉ ကပ်ရောဂါအား တိုက်ဖျက်ရာတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကပ်ရောဂါအား ထိန်းချုပ်ကာကွယ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံ ပြည်သူများအားလုံး ကိုဗစ်-၁၉ ကပ်ရောဂါမှကင်းဝေးပြီး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

**လေယာဉ်သုံးစင်းဖြင့် ပို့ဆောင်**

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ကမ္ဘောဒီးယားနိုင်ငံ အစိုးရက လှူဒါန်းသည့် အထောက်အကူပြု ပစ္စည်းများကို အထူးလေယာဉ်သုံးစင်းဖြင့် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ လာရောက် ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **သတင်းစဉ်**

---

## ကျိုက်လတ်မြို့နယ်၌ စက်ရုံအလုပ်ရုံလုပ်သားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**ကျိုက်လတ် ဩဂုတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်တွင် ယနေ့နံနက် ၉ နာရီမှစတင်၍ ကျိုက်လတ် မြို့နယ်အတွင်းရှိ ဆန်စက်အလုပ်သမား ၆၃၈ ဦးကို ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကာကွယ်ဆေးထိုးရာတွင် ကျိုက်လတ်မြို့နယ်၌ စုရပ်လေးခုခွဲ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် စုရပ်များမှာ အထက (၁)ကျောင်းတွင် ၁၉၅ ဦး၊ MAPCO ပေါင်းဆန်စက်တွင် ၁၁၆ ဦး၊ အမှတ် (၆) ရပ်ကွက် ပြည့်လျှံ ဆန်စက်တွင် ၁၈၈ ဦး၊ အမှတ်(၆) ရပ်ကွက် ရွှေသားကျောင်းတွင် ၁၃၉ ဦးတို့ကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ကာကွယ်ဆေးထိုးနှံရန် လာရောက်သူများကို ပူးပေါင်းအဖွဲ့က ဆေးရည်များဖျန်းပေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြသည်။ **ဋ္ဌေးဋ္ဌေးလှိုင် (ပြန်/ဆက်)**

# နေပြည်တော် လယ်ဝေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအား ဆွမ်းဆန်တော်၊ ဆီနှင့်ပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၉

**လယ်ဝေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအား သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ဆွမ်းဆန်တော်၊ ဆီနှင့်ပဲများ ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြေ ရွှေလက်လှစေတီတော်၊ ဇမ္ဗူရာဇ်သိဂီသာသနာ့ဗိမာန်တော်၌ ကျင်းပသည်။** (ယာအောက်ပုံ)



အခမ်းအနားသို့ နေပြည်တော် လယ်ဝေးမြို့နယ် မြို့ဦးတိုက်သစ်သံလမ်း ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တသုဇန အမှူးပြုသော ဆရာတော်ကြီးသုံးပါး ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ အမြဲတမ်းအတွင်းဝန်၊ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ကြည်ညိုသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ်သရက်တောပရိယတ္တိ စာသင်တိုက်၊ ပဓာန နာယကဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရ ဆရာတော်ကြီးထံမှ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ငါးပါးသီလခံယူဆောက်တည် ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော် မူသည့် ရတနသုတ်၊ မေတ္တသုတ်၊ ပုဗ္ဗဏှသုတ် ပရိတ် တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေး ဆိုင်ရာများ လျှောက်ထားပြီး လယ်ဝေးမြို့နယ် သရက်တောကျောင်းတိုက် ပဓာနနာယက ဆရာ တော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရ ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာကြား ကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

နေပြည်တော် လယ်ဝေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်း များအား ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲတွင် လယ်ဝေးမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ကိုးကျောင်းတွင် သီတင်းသုံး နေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ ၅၀၂ ပါးနှင့် သီလရှင်ကျောင်း လေးကျောင်းမှ သီလရှင် ၅၁၇ ပါးတို့အား ဆွမ်းဆန် တော် ၁၀၂ အိတ်၊ ဆီ ၃၀၅ ပိဿာ၊ ပဲ ၄၁ အိတ်တို့ကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေ ဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်းကာလများအတွင်း ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၆၂၄ ကျောင်းရှိ ရဟန်း၊ သာမဏေ ၁၄၈၈၄ ပါးနှင့် သီလရှင်ကျောင်း ၅၇ ကျောင်းရှိ သီလရှင် ၃၆၁၇ ပါးတို့အတွက် ဆွမ်းဆန် တော်အိတ် ၃၀၁၁ အိတ်၊ ဆီ ၆၅၅ ပိဿာနှင့် ပဲ ၈၇ အိတ်တို့ကို လှူဒါန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၃ တိုက်မှ ရဟန်း သာမဏေ ၅၇၅၉ ပါးနှင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၀ တိုက်မှ ရဟန်း သာမဏေအပါး ၁၉၅၀၊ စုစုပေါင်း စာသင်တိုက် ၂၃ တိုက်မှ ရဟန်းသာမဏေ ၇၇၀၉ ပါးတို့အား ဆွမ်း ဆက်ကပ်နိုင်ရန်အတွက် ပဒေသာပင် ငွေကျပ်သိန်း ၁၄၀၀ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

⚙ *ရှေ့ဖုံးမှ*

၂။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်။

၃။ အဆိုပါမြို့နယ်ရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါ စည်းကမ်းချက်များကို လိုက်နာရမည် -

(က) မိမိနေအိမ်တွင်သာ နေထိုင်ရန်-

(၁) အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများမပါ၊

(၂) ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့် စက်သုံးဆီ အရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်းလုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်း ကိရိယာ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းများ၊ ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချ ရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံးပစ္စည်း ထုတ်လုပ်သည့် စက်ရုံများတွင် တာဝန်ထမ်းဆောင် ရန် သွားရောက်သူများနှင့် ဆက်စပ်ဆောင်ရွက် ရသည့်လုပ်ငန်းများ၌ မဖြစ်မနေ တာဝန်ထမ်းဆောင် သူများမပါ၊

(၃) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်း များဖြစ်သည့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှု များ (ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်းရောင်းချခြင်း၊ ဒေတာရောင်းချခြင်းများမပါ)၊ တာဝါနှင့် ဖိုင်ဘာ ပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများ မပါ၊

(ခ) ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစား လုပ်ငန်း(CMP)စက်ရုံ၊ အလုပ်ရုံများတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် သက်ဆိုင် ရာ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ကြီးကြပ်ကွပ်ကဲ ခြင်းများ ဆောင်ရွက်ပေးရန်၊

(ဂ) အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊

(ဃ) မဖြစ်မနေ ဈေးဝယ်ထွက်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊

(င) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

(စ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း (Mask) တပ်ရန်၊

(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူ များကို ပို့ဆောင်မည့်ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြု ထားသောယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

(ဇ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်း အပြင် ယာဉ်ပေါ်တွင်တစ်ဦး၊ ဆေးရုံဆေးခန်းသွားရောက် ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦး သာ သွားရောက်ရန်၊

(ဈ) အဆိုပါမြို့နယ်မှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့ စေရေးအတွက် ကုန်တင်ယာဉ်များသွားလာမှု စံသတ်မှတ် ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)၊ (င)နှင့် (ဇ)တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင် ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ် များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့် သွားလာ ရန်နှင့် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှ အပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှ လည်းကောင်း ဝင်/ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများ အရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၀-၈-၂၀၂၁ ရက်၊ နံနက် ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

---

## နွားထိုးကြီးမြို့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား အခြေခံစားကုန်ထောက်ပံ့

နွားထိုးကြီး ဩဂုတ် ၁၉

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ ကြက်သွန်နှင့်ကြက်ဥ ထောက်ပံ့ခြင်းကို ဩဂုတ် ၁၆ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦး၊ ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲထွန်းအောင်နှင့် ဒု ဦးစီးမှူးများ၊ ရုံးဝန်ထမ်းများ တက်ရောက်ကြပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း ၉၀ အတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ငွေးမြင့်မောင်**

## မုတ်သုံလေ အားနည်းနေမည်

နေပြည်တော် ဩဂုတ် ၁၉

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းနေမည်။ **မိုး/ဇလ**

# မျိုးမြန်မာပြည်ရှာ တို့စောင့်ရှောက်ဖို့ပါ
## (သမိုင်းကို ခြေရာကောက်ကြည့်ခြင်း)

စာချစ်သူ

လက်ရှိရုံးပိတ်ရက်ရှည်ကာလအတွင်းမှာ စာတွေတစ်ဝကြီးဖတ်ရှုဖြစ်သည်။ ကနဦးတွင် ဖတ်လက်စဗိုလ်မှူးကြီး(ဟောင်း)တင်မောင်၏ "မင်းရေး ကြွယ်ကြွယ်"။ ပြီးတော့ "ဂျပန်ခေတ် စစ်ပညာသင် တစ်ဦး"၊ "တိုင်းပြည်ကနုနု မုန်တိုင်းကထန်ထန်"၊ "မုန်တိုင်းလွန်သော်" စာအုပ်တွေကို တစ်ဆက်တစ်စပ်တည်း ပြန်လည်ဖတ်ရှုဖြစ်တော့သည်။

ထိုထိုသောစာအုပ်များကို တစ်ဆက်တစ်စပ်တည်း ဖတ်ရှုလိုက်သောအခါတွင် ဗိုလ်မှူးကြီး(ဟောင်း)တင်မောင်၏အတ္ထုပ္ပတ္တိ ဘဝပုံရိပ်လွှာများကိုသာမက တပ်မတော်၏ ဆယ်စုနှစ် နှစ်စု၊ နှစ်ပေါင်း နှစ်ဆယ်နီးပါးစာ သမိုင်းတစ်စိတ်တစ်ဒေသကို တွေ့မြင်ခဲ့ရသည်။

❖ လွတ်လပ်ရေးရရှိပြီးသည့်နောက် တိုင်းပြည် နုနုတွင် ဝါဒစွဲပြင်းထန်မှု၊ လူမျိုးရေး စိတ်ဓာတ်ပြင်းပြမှု၊ တစ်ဦးနှင့်တစ်ဦး မယုံကြည်မှု၊ အကွဲကွဲအပြားပြားဖြစ်ခဲ့မှု မုန်တိုင်းတွေကြောင့် ရရှိထားသည့် လွတ်လပ်ရေးကြီးပင် ဆုံးရှုံးရခမန်းဖြစ်ခဲ့ကြသည်။ ထိုအခြေအနေတွင် ထိုအချိန်က ပျို့ရွယ် လှသေးသော ထိုတပ်မတော်သည် အခက်အခဲ အမျိုးမျိုးတို့အကြားမှ ရှန်းကန်ရင်း ပြည်ထောင်စုကြီး၏အလံတော်ကို မယိုင်မလဲအောင် ထိန်းသိမ်းခဲ့ကြရသည်

### အတွေ့အကြုံများ

ဂျပန်ခေတ် စစ်ပညာတော်သင်တစ်ဦး စာအုပ်တွင် မြန်မာ့လွတ်လပ်ရေးအတွက် ထိုခေတ်စစ်ကျောင်းသားများ၊ အထူးသဖြင့် မင်္ဂလာဒုံ ဗိုလ်သင်တန်း ပထမပတ်ကျောင်းသားများ၏ဘဝ တစ်စိတ်တစ်ဒေသ၊ ဂျပန်ဆရာများထံမှ စစ်ပညာများကို သွေးချွေးတို့ အရင်းတည်ကာ အပင်ပန်းအဆင်းရဲခံ သင်ယူခဲ့ရမှုများ၊ ထိုမှတစ်ဖန် ဂျပန်ပြည်ရှိ ဘုရင့်စစ်တက္ကသိုလ်သို့ ဆက်လက်သွားရောက်ပညာဆည်းပူးခဲ့ကြရသော မြန်မာစစ်ပညာတော်သင်ကျောင်းသားတို့၏ အတွေ့အကြုံများကို တပ်မတော်၏ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း တစ်စိတ်တစ်ဒေသအဖြစ် မြင်တွေ့နိုင်သည်။

"တိုင်းပြည်ကနုနု မုန်တိုင်းကထန်ထန်"နှင့် "မုန်တိုင်းလွန်သော်" စာအုပ်တို့တွင် ၁၉၄၆ ခုနှစ်မှ ၁၉၅၀ ပြည့်နှစ်အတွင်း ဖြစ်ပျက်ခဲ့သည့် တိုင်းပြည်၏အခြေအနေနှင့် တပ်မတော်၏ အခန်းကဏ္ဍကို တစ်စိတ်တစ်ဒေသ မြင်တွေ့ရပါလိမ့်မည်။

### လွတ်လပ်ရေးရခဲ့

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် လွတ်လပ်ရေးရခဲ့သည်။ ကွန်မြူနစ်ပါတီက ထိုလွတ်လပ်ရေးသည် စစ်မှန်သောလွတ်လပ်ရေးမဟုတ်ဟု ကြွေးကြော်ခဲ့သည်။ ၁၉၄၈ ခုနှစ် မတ်လတွင် ဗမာပြည်ကွန်မြူနစ်ပါတီသည် ပျဉ်းမနားမြို့၌ ကွန်ဖရင့်ကြီးတစ်ခုကျင်းပပြီး ထိုကွန်ဖရင့်ဆုံးဖြတ်ချက်အရ ဖဆပလအစိုးရကို ပြောင်ပြောင်တင်းတင်း စစ်ကြေညာလိုက်သည်။ ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ဖဆပလအစိုးရက ကွန်မြူနစ်ခေါင်းဆောင်များအား ဖမ်းဆီးရန် အမိန့်ထုတ်သည်။ သို့ရာတွင် ဗမာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်ပိုင်းသည် သတင်းပေါက်ကြားမှုကြောင့် ကြိုတင်တောခိုသွားခဲ့ကြလေပြီ။

ထို့နောက်မှာတော့ တောခိုကွန်မြူနစ်တို့သည် စစ်ကြီးအပြီးက ဝှက်ထားခဲ့သော လက်နက်ပုန်းတို့ကို ဖော်ထုတ်ဆွဲကိုင်ကြကာ နီးရာကျေးရွာများ၊ ရဲကင်းတို့ကို စီးနင်းတိုက်ခိုက်ကြတော့သည်။

**မျက်မှောက်ခေတ်တွင်မူ လူငယ်လူရွယ်အချို့သည် တပ်မတော်နှင့် မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းကို လေ့လာဖတ်ရှုမှုအားနည်းလာခဲ့ကြရုံမက သူတို့သည် နိုင်ငံရေးသမားများ၏ ဒီမိုကရေစီ စကားလုံးအပေါ်၌သာ တစ်ဖက်သတ် သာယာချိုမြခဲ့ကြကာ လစ်ဘရယ်လိုင်းတံပိုးအောက်တွင်သာ စုံးစုံးမြုပ်သွားခဲ့ကြလေသည်**

တံတားများကို ဖောက်ခွဲကြသည်။ မီးရထားလမ်းများကို ဖျက်ဆီးကြသည်။ ထိုပွဲဦးထွက်အောင်မြင်မှုများကြောင့်လည်းကောင်း၊ ဝါဒဖြန့်ကောင်းမှုကြောင့်လည်းကောင်း ရိုးသားသော တောသူတောင်သားအများအပြားတို့သည် ကွန်မြူနစ်တို့၏အလံအောက်သို့ မျက်စိလည် လမ်းမှား ရောက်ရှိသွားကြသည်။

### မတည်မငြိမ် ဖြစ်လာခဲ့

ကွန်မြူနစ်တို့ တောခိုကြသောအခါ ထိုကွန်မြူနစ်တို့အပေါ်တွင် သံယောဇဉ်ငြိတွယ်လျက်ရှိသော ပြည်သူ့ရဲဘော်တို့သည် မတည်မငြိမ်ဖြစ်လာခဲ့ကြသည်။ ထိုအခါ မုန်တိုင်း၏နောက်ဆွယ်တွင် ဒီရေလှိုင်းတံပိုးတို့သည် ကပ်ကာပါလာတတ်သည့်အလား ကရင်အမျိုးသားသမဂ္ဂ(ကေအင်န်ယူ)နှင့် ၎င်း၏ လက်နက်ကိုင်အဖွဲ့ဖြစ်သော ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့(ကေအင်န်ဒီအို)တို့သည်လည်း လှုပ်လှုပ်ရွရွဖြစ်လာကြသည်။ ထိုအညီတွင် ပြည်ပယင်ကောင်တို့သည်လည်း အုံခဲကြလေသည်။

၁၉၄၈ ခုနှစ် မေလ ၂၅ ရက်နေ့တွင် ထိုစဉ်က ဝန်ကြီးချုပ် ဦးနုက လက်ဝဲညီညွတ်ရေးအတွက် "နုမူ ၁၅ ချက်"ကို ထုတ်ပြန်ကြေညာလိုက်သည်။ ၎င်း၏ ဂယက်အဖြစ် ပြည်သူ့ရဲဘော်တို့ နှစ်ခြမ်းကွဲသွားသည်။ ရဲဘော်ဝါတို့က"နုမူ"ကို လက်ခံကြသည်။ ရဲဘော်ဖြူတို့က လက်မခံကြ။ ၁၉၄၈ ခုနှစ် ဇူလိုင်လအတွင်းမှာတော့ ရဲဘော်ဖြူတို့ တောခိုသွားကြပြန်သည်။

### တောခိုသွားခဲ့ကြ

ထိုဂယက်သည် တပ်မတော်တပ်တွင်းသို့ ရိုက်ခတ်လာပြန်သည်။ ကွန်မြူနစ်အနွယ်ဝင် အရာရှိ၊ အကြပ်၊ တပ်သားအချို့သည် ကျိတ်ဝိုင်းကလေးတွေဖြင့် နိုင်ငံရေးအခြေအနေအရပ်ရပ်ကို လေ့လာကြသည်။ ဆွေးနွေးကြသည်၊ စည်းရုံးကြသည်။ အဖြေရှာကြသည်။ ၁၉၄၈ ခုနှစ် ဩဂုတ်လတွင် တပ်ရင်း (၃) တစ်ဝက်ခန့်၊ တပ်ရင်း (၆) မှ အရာရှိတစ်ဦး၊ နှစ်ဦးနှင့် ရဲဘော်အချို့နှင့် သရက်မြို့ရှိ တပ်ရင်း(၁) တစ်ရင်းလုံး တောခိုသွားခဲ့ကြသည်။

ထို့အပြင် တောင်ငူ၊ မန္တလေး၊ ရန်ကုန် မီးရထားလမ်းတစ်လျှောက်တွင်လည်း ကရင်သေနတ်ကိုင်တပ်များနှင့် ကရင်စစ်ရဲများသာရှိနေသည်။ သူတို့အဖို့ တောခိုရန်ပင်မလို။ လက်ရှိတပ်စွဲထားသော မြို့ရွာများကို "တို့သိမ်းလိုက်ပြီဟေ့" ဆိုရုံဖြင့် ကိစ္စပြီးနိုင်သည့် အနေအထားတွင်ရှိနေသည်။

### တစ်နေ့တခြား ထကြွလှုပ်ရှားလာ

ထိုအတွင်း ကေအင်န်ဒီအိုလက်နက်ကိုင်အဖွဲ့တို့သည် တစ်နေ့တခြား ပိုမို၍ထကြွ လှုပ်ရှားလာကြသည်။ ပေါ်ပေါ်ထင်ထင်ပင် အစိုးရအား ပုန်ကန်လာကြသည်။ ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အင်းစိန်မြို့ကို သိမ်းပိုက်လိုက်ကြသည်။ ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့၌ တောင်ငူမြို့ကို အတိအလင်း သိမ်းပိုက်လိုက်ကြသည်။ ထိုစဉ်က တောင်ငူတွင် ကရင်သေနတ်ကိုင်တပ်ရင်း (၁) ရှိနေသည်။ ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ပြည်မြို့ကို ကရင်သေနတ်ကိုင်တပ်ရင်း (၂) က သိမ်းလိုက်သည်။ တောင်ငူမှ သူပုန်တပ်တွေလည်း ပဲခူးသို့ဆင်းသည်။ ပြည် သူပုန်တပ်တွေသည် ရန်ကုန်ဘက်သို့ စုန်သည်။ ထိုစစ်ကြောင်းနှစ်ကြောင်းစလုံးသည် အင်းစိန်ရှိ ကေအင်န်ဒီအိုတို့နှင့်ပူးပေါင်းကာ ရန်ကုန်ကိုသိမ်းဖို့ ရည်ရွယ်သည်။ သို့ရာတွင် သူတို့နှစ်ဖွဲ့စလုံးသည် လမ်းခုလတ်၌ တပ်လန်သွားကြသည်။ ရည်မှန်းချက်သို့ မရောက်ကြ။

တောင်ငူမှ ဆင်းလာသူတို့အား ဒုဗိုလ်မှူးကြီး တင်ဦး ခေါင်းဆောင်သော ဗမာ့သေနတ်ကိုင်တပ်ရင်း (၆) နှင့် ဗိုလ်မှူးအေးငွေ၊ ဗိုလ်မှူးဝေလင်းတို့ ခေါင်းဆောင်သော စစ်ရဲဝန်ထမ်းတို့က ပဲခူးအဝင်မှာပင် တိုက်ဖျက်တွန်းလှန်လိုက်သည်။ ပြည်မှ ဆင်းလာသူတို့ကို ဒုဗိုလ်မှူးကြီးချစ်မြိုင် ခေါင်းဆောင်သော ဗမာ့သေနတ်ကိုင်တပ်ရင်း(၃) က ဝက်ကော်တစ်ဝိုက်တွင် တိုက်ခိုက်ချေမှုန်းလိုက်သည်။

အင်းစိန်၌ ဗိုလ်မှူးကြီးကျော်ဇော ခေါင်းဆောင်၍ ဗိုလ်မှူးကြီးဘလိပ်၊ ဒုတိယဗိုလ်မှူးကြီး ကြည်မောင်၊ ဒုတိယဗိုလ်မှူးကြီးကဲပင်းနက်၊ ဗိုလ်မှူးစောမြင့်တို့က ဗမာ့သေနတ်ကိုင်တပ်ရင်း(၅)၊ ချင်းသေနတ်ကိုင်တပ်ရင်းနှင့် အခြား ရရာတပ်တို့ကို ဦးဆောင်၍ ကေအင်န်ဒီအိုတို့အား တတိတိနှင့် ခြွေနေကြရသည်။

### တစ်ပြည်လုံး စိုးမိုးထားနိုင်

သို့ရာတွင် တစ်တိုင်းတစ်ပြည်လုံးက မည်းမည်းမှောင်ဆဲ။ အစိုးရအနေဖြင့် ထိုစဉ်က ပိုင်ပိုင်နိုင်နိုင် သိမ်းပိုက်စိုးမိုးထားနိုင်ခဲ့သည်မှာ ရန်ကုန်၊ ပဲခူး၊ သာစည်၊ စစ်ကိုင်း၊ ရွှေဘို၊ မြစ်ကြီးနားနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ အနည်းငယ်မျှသော ခရိုင်မြို့ကြီးများသာ။ ပုသိမ်ကဲ့သို့ မြို့ကြီးကိုပင် သူပုန်တို့သည် နာရီပိုင်းမျှသိမ်းပိုက်နိုင်ခဲ့ကြသည်။ မော်လမြိုင်၊ သထုံ၊ ညောင်လေးပင်၊ တောင်ငူ၊ မိတ္ထီလာ၊ မန္တလေး၊ ပခုက္ကူ၊ မြင်းခြံ၊ ရေနံချောင်း၊ မင်းဘူး၊ မကွေး၊ ပြည်နှင့် မြစ်ဝကျွန်းပေါ်မှ မြို့ကြီးအချို့ပင် သူပုန်တို့၏ သိမ်းပိုက်ခြင်းမှ မလွတ်ခဲ့ကြ။

**လွတ်လပ်ရေးရရှိပြီးသည့်နောက် တိုင်းပြည် နုနုတွင် ဝါဒစွဲပြင်းထန်မှု၊ လူမျိုးရေး စိတ်ဓာတ်ပြင်းပြမှု၊ တစ်ဦးနှင့်တစ်ဦး မယုံကြည်မှု၊ အကွဲကွဲအပြားပြားဖြစ်ခဲ့မှု မုန်တိုင်းတွေကြောင့် ရရှိထားသည့် လွတ်လပ်ရေးကြီးပင် ဆုံးရှုံးရခမန်းဖြစ်ခဲ့ကြသည်။ ထိုအခြေအနေတွင် ထိုအချိန်က ပျို့ရွယ် လှသေးသော ထိုတပ်မတော်သည် အခက်အခဲ အမျိုးမျိုးတို့အကြားမှ ရှန်းကန်ရင်း ပြည်ထောင်စုကြီး၏အလံတော်ကို မယိုင်မလဲအောင် ထိန်းသိမ်းခဲ့ကြရသည်။**

### တန်ပြန်ထိုးစစ် ဆင်နွှဲခဲ့

ရန်သူနှင့်နှိုင်းယှဉ်ပါက အရေအတွက်အားဖြင့် အဆပေါင်းများစွာ နည်းပါးလှကာ ကျည်ဆန်ခဲယမ်းမီးကျောက်တို့ကို တစ်တောင့်ချင်း လက်ချိုးရေတွက်ပြီး တိုက်ခိုက်နေရသည့် ထိုတပ်မတော်သည် ထိုရန်သူမျိုးစုံတို့အား အကြိတ်အနယ် ပြန်လည်ခုခံခဲ့ရာမှ တစ်စတစ်စဖြင့် တန်ပြန်ထိုးစစ်ကို ဆင်နွှဲနိုင်ခဲ့သည်။

၁၉၄၉ ခုနှစ်အတွင်း ရန်သူတို့လက်မှ မိတ္ထီလာ၊ မေမြို့(ပြင်ဦးလွင်)၊ အင်းစိန်၊ မန္တလေး၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်း၊ ရေနံချောင်း၊ တွံတေး၊ သထုံ၊ မလှိုင်၊ သာယာဝတီ၊ လက်ပံတန်း၊ လားရှိုး၊ သိန္နီ၊ လွိုင်လင်၊ သုံးခွ၊ ခရမ်း၊ ညောင်တုန်း၊ တောင်ကြီး၊ ဓနုဖြူ၊ စာဘူးတောင်းမြို့တို့ကိုလည်းကောင်း၊ ၁၉၅၀ ပြည့်နှစ်အတွင်း ရန်သူတို့လက်မှ ကျောက်ပန်းတောင်း၊ ကွမ်းလုံ၊ ပွဲ့န်တန်ဆာ၊ ညောင်လေးပင်၊ ဖြူး၊ တောင်ငူမြို့တို့ကို ထိုတပ်မတော်က ပြည်သူ့သားကောင်း အဖူးအညွန့်လေးတို့၏ အသက် သွေးပေါင်းများစွာပေးလှူ၍ တစ်မြို့ပြီး တစ်မြို့၊ နောက် တစ်မြို့ပြီး တစ်မြို့တို့ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

*စာမျက်နှာ ၇ သို့*

# စက်မှုဝန်ကြီးဌာနလက်အောက်ရှိ စက်ရုံ၊ အလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်ရေး လိုအပ်သော သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၁၉

**စက်မှုဝန်ကြီးဌာနလက်အောက်ရှိ စက်ရုံ၊ အလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်ရေးအတွက် လိုအပ်သော သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ် (၂၇) နေပြည်တော်အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်ရေးနည်းစနစ်များနှင့်အညီ ကျင်းပသည်။** (ယာပုံ)



ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး စက်မှုဝန်ကြီးဌာနလက်အောက်ရှိ စက်ရုံ၊ အလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်ရေးအတွက် လိုအပ်သော သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသန့်စင်၊ ဦးကိုကိုလွင်၊ အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးကိုကိုလွင်နှင့် တာဝန်ရှိသူများက စက်ရုံများအနက် ပထမအဆင့် ပြန်လည်လည်ပတ်မည့် စက်ရုံများအတွက် သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်နှင့် ပံ့ပိုးပေးရမည့် အခြေအနေ၊ ဓာတ်အားလိုင်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ကြံ့ခိုင်မှုစစ်ဆေးပေးရမည့် အခြေအနေနှင့် အချိန်ကာလတို့အား ဆွေးနွေးကြသည်။

ဆက်လက်၍ သဘာဝဓာတ်ငွေ့သုံး ဦးစားပေးလည်ပတ်မည့် စက်ရုံများဖြစ်သည့် အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)၊ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)၊ အမှတ်(၂၁) အကြီးစားစက်ရုံ (သထုံ)၊ အမှတ်(၂၂) အကြီးစား စက်ရုံ (ဘီးလင်း)၊ အမှတ်(၃၁) အကြီးစားစက်ရုံ (သရက်)၊ အမှတ်(၃၂)အကြီးစား စက်ရုံ (ကြံခင်း)၊ အမှတ်(၃၄) အကြီးစားစက်ရုံ (သာယာဝတီ)၊ အမှတ်(၁) အထည် စက်ရုံ(ရွှေတောင်)၊ အမှတ်(၂)အထည်စက်ရုံ(ပလိပ်)၊ အမှတ်(၄)အထည် စက်ရုံ (ပွင့်ဖြူ)၊ အမှတ်(၉) အထည်စက်ရုံ (ကျောက်ဆည်)၊ စက္ကူစက်ရုံခွဲ(ပလိပ်)၊ စက္ကူစက်ရုံ (ရေနီ)၊ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)၊ သတင်းစာစက္ကူ စက်ရုံ (သာပေါင်း)၊ ဆေးဝါးစက်ရုံ (အင်းစိန်)၊ သောက်ရေသန့်စက်ရုံခွဲ (ကျောက်ဆည်) စက်ရုံများအတွက် သဘာဝဓာတ်ငွေ့လိုအပ်ချက်နှင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်အခြေအနေများကို ရှင်းလင်းတင်ပြပြီး ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက စက်ရုံ၊ အလုပ်ရုံများအတွက် လိုအပ်သော သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အားများအစား ဇီဝလောင်စာ စွမ်းအင်နှင့် အခြားအပူစွမ်းအင်တို့ဖြင့် အစားထိုးလည်ပတ်နိုင်ရေး နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးပေးမည့် အခြေအနေများကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

မင်းရေးကြွယ်ကြွယ်စာအုပ်တွင်မူ ၁၉၅၈ ခုနှစ် ဖဆပလအဖွဲ့ကြီး၏ အကွဲအပြဲ၊ တည်မြဲဖဆပလဖြစ်သည့် ဆွေငြိမ်းတို့က သန့်ရှင်းဖဆပလဖြစ်သော နုတင်အစိုးရကို အယုံအကြည်မရှိ အဆိုတင်သွင်းမဲခွဲမှုများ၊ ပမညတနှင့် ပြည်နယ်အမတ်တို့၏ ထောက်ခံမဲဖြင့် နုတင်အစိုးရက ရှစ်မဲတည်းဖြင့် ကပ်နိုင်ခဲ့ပြီး အစိုးရဖွဲ့နိုင်ခဲ့မှု၊ ထို့နောက် သန့်ရှင်းနှင့်တည်မြဲ နှစ်ဖွဲ့တို့ ဆက်လက်အားပြိုင်မှုကြောင့် ၁၉၅၈ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဝန်ကြီးချုပ် ဦးနုက **"ဗိုလ်ချုပ်ကြီးက အိမ်စောင့်အစိုးရတစ်ရပ်ဖွဲ့ပြီး တိုင်းပြည်အခြေအနေကို ထိန်းသိမ်းပေးပါရန်နှင့် တရားမျှတသော ရွေးကောက်ပွဲကြီးကို ဦးဆောင် ကျင်းပပေးပါရန်"** ဗိုလ်ချုပ်ကြီးနေဝင်းထံ စာတစ်စောင်ပေးပို့ဖိတ်ကြားရာမှ အိမ်စောင့်အစိုးရ ပေါ်ပေါက်လာမှု၊ အိမ်စောင့်အစိုးရက ၁၉၆၀ ပြည့် နှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် တတိယအကြိမ် ပါလီမန်အထွေထွေ ရွေးကောက်ပွဲကြီးကို ကျင်းပ ပေးမှု၊ ဧပြီလ ၄ ရက်နေ့တွင် အနိုင်ရသန့်ရှင်း ဖဆပလအစိုးရသစ် တက်လာပြီးနောက် ထိုသန့်ရှင်းဖဆပလကို "ပြည်ထောင်စုပါတီ"(ပထစ)ဟု အမည်ပြောင်းလဲဖွဲ့စည်းမှု၊ ရွေးကောက်ပွဲတွင် တပ်မတော်သည် မည်သူ့ဘက်ကိုမှ မည်သည့် အကြောင်းကြောင့် မျက်နှာမလိုက် ဘက်မလိုက်မိ စေရန်၊ တရားမျှတသော ရွေးကောက်ပွဲကြီးအဖြစ် ကျင်းပနိုင်ရန် ဗိုလ်ချုပ်ကြီးနေဝင်း ကိုယ်တိုင် တပ်ရင်းတပ်ဖွဲ့များသို့ တွေ့ဆုံမှာကြားပြီး ထိုမိန့်ခွန်းတို့ကို တိပ်ခွေများဖြင့် အသံသွင်း၍ တပ်အသီးသီးတို့မှ ရဲဘော်များပါ ကြားနာစေရန် ပို့ပေးခဲ့မှု၊ သည်ကြားက စည်းကမ်းဖောက်မိသူ ဗိုလ်မှူးချုပ်အောင်ရွှေ၊ ဗိုလ်မှူးကြီးကြည်ဝင်း၊ ဒုဗိုလ်မှူးကြီးကျော်မြင့်၊ ဒုဗိုလ်မှူးကြီးဘဖြူ၊ ဒုဗိုလ်မှူးကြီးချစ်ခိုင်၊ ဗိုလ်မှူးကြီးတင်မောင်တို့အား ဗိုလ်ချုပ်ကြီး၏ဆန္ဒအရ တပ်မတော်မှ ထွက်ခွင့်ပြု လိုက်မှုတို့ကို လေ့လာတွေ့မြင်နိုင်ပါသည်။

### တရားမျှတသော ရွေးကောက်ပွဲ

**တစ်နည်းအားဖြင့် နိုင်ငံရေးသမားများနှင့် နိုင်ငံရေးပါတီများသည် ၎င်းတို့ အာဏာရရှိရေးအတွက် တပ်မတော်ကိုအသုံးချခဲ့မှု၊ တပ်မတော်သည် အိမ်စောင့်အစိုးရပီပီ ကတိအတိုင်း ရွေးကောက်ပွဲကြီးကို ကျင်းပပေးခဲ့မှု၊ တပ်မတော်သည် အစဉ်အလာကောင်းတစ်ရပ်အဖြစ် မည်သည့်ဘက်မှ ဘက်မလိုက်ဘဲ တရားမျှတသော ရွေးကောက်ပွဲအဖြစ် ပုံဖော်ပေးနိုင်ခဲ့မှုတို့ကိုလည်း လေ့လာတွေ့မြင်နိုင်ပါသည်။**

ဗိုလ်မှူးကြီး(ဟောင်း)တင်မောင်သည် ထိုထိုသော မှတ်တမ်းစာအုပ်များကို ရေးသားရာတွင် ထိုခေတ်တပ်မတော်သည် မည်သို့သောအခက်အခဲ၊ မည်သို့သော စွန့်စားမှုတို့ကို ရင်ဆိုင်ခဲ့ကြရသည်ကို ယနေ့လူငယ်လူရွယ်တို့အား သမိုင်း၏တစ်ကဏ္ဍကိုပြောပြလိုသည့် စေတနာဖြင့်ရေးသားပြုစုခဲ့ခြင်းဖြစ်ပါသည်ဟု အမှာစာတွင် ဖော်ပြခဲ့ပါသည်။

သို့ရာတွင် **မျက်မှောက်ခေတ်တွင်မူ လူငယ်လူရွယ်အချို့သည် တပ်မတော်နှင့် မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းကို လေ့လာဖတ်ရှုမှုအားနည်းလာခဲ့ကြရုံမက သူတို့သည် နိုင်ငံရေးသမားများ၏ ဒီမိုကရေစီ စကားလုံးအပေါ်၌သာ တစ်ဖက်သတ်သာယာချိုမြခဲ့ကြကာ လစ်ဘရယ်လှိုင်းတံပိုးအောက်တွင်သာ စုံးစုံးမြုပ်သွားခဲ့ကြလေသည်။**

### မေးမှိန်ပျောက်ကွယ်

**သမိုင်းအစဉ်အလာကြီးမားခဲ့သော တပ်မတော်၏အခန်းကဏ္ဍကို မေးမှိန်ပျောက်ကွယ်အောင်ပြည်သူနှင့် တပ်မတော်ကို ရန်တိုက်ပေးရန် ရည်ရွယ်ချက်ဖြင့် ပြည်ပအားကိုးပုဆိန်ရိုး နိုင်ငံရေးသမားအချို့နှင့် ဝန်းရံသူလော်ဘီတို့၏ လူမှုကွန်ရက်စာမျက်နှာပေါ်က တစိုက်မတ်မတ် ဝါဒဖြန့်ချိခဲ့မှုတို့ကို နားယောင်ကာ ဝိပ္ပလ္လာသတရားတို့ ဖုံးလွှမ်း၍ မိတ်ဆွေကို ရန်သူထင်၊ ရန်သူကို မိတ်ဆွေဟု ထင်မှတ်မှားခဲ့ကြသည်။**

ယုတ်စွအဆုံး ပါလီမန်ဒီမိုကရေစီခေတ်တွင် နိုင်ငံရေးပြဿနာများကို ဒီမိုကရေစီနည်းလမ်းကျကျ နိုင်ငံရေးနည်းလမ်းဖြင့် မဖြေရှင်းကြဘဲ လက်နက်စွဲကိုင် တောခိုခဲ့ကြသည့် သောင်းကျန်းသူ အဖွဲ့အစည်းများ(ယခု တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ)၏ လက်ရှိ ခါတော်မီ ဒီမိုကရေစီစကားသံများကိုပင် အဟုတ်မှတ်၍ အထင်တကြီး ဖြစ်နေကြသည်။

ပြီးခဲ့သည့် ၁၉၈၈ ခုနှစ် အရေးအခင်းအပြီးတွင်လည်း တပ်မတော်က ကျောင်းသားများကို လိုက်လံဖမ်းဆီးနေသည်ဟူသော ကောလာဟလသတင်းများကြောင့် ထောင်နှင့်ချီသော ရင်သွေးငယ်များသည် နယ်စပ်များတွင် အခြေပြုထားသည့် သောင်းကျန်းသူများထံ သွားရောက်ခိုအောင်းခဲ့ကြဖူးသည်။

### သဘောထားကြေညာချက်ကို ထုတ်ပြန်

ထို့ကြောင့် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ထိုစဉ်က ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး သန်းရွှေက ကျောင်းသား ကျောင်းသူများနှင့် ပတ်သက်၍ တပ်မတော်၏ သဘောထားကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

ယင်းကြေညာချက်တွင် **"စစ်မှန်သော ဒီမိုကရေစီအခွင့်အရေးရရှိရေးအတွက် ငြိမ်းချမ်းစွာ ဆန္ဒပြပြီးနောက် စိုးရိမ်စိတ်ဖြင့် မြို့ပေါ်တွင် ရှောင်တိမ်းပုန်းအောင်းနေသည့် ကျောင်းသား ကျောင်းသူများရှိနေကြောင်းနှင့်အချို့မှာ သောင်းကျန်းသူ အဖွဲ့အစည်းများထံ သွားရောက်ခိုလှုံရန် ကြံစည်လျက်ရှိနေကြောင်း သိရှိရပါသည်။ တပ်မတော်အနေဖြင့် ရာဇဝတ်မှုကျူးလွန်ခဲ့သည့် ပုဂ္ဂိုလ်များမှအပ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော သားငယ်သမီးငယ်အရွယ်များဖြစ်သည့် ကျောင်းသား ကျောင်းသူများအပေါ်တွင် မည်သည့် အာဃာတ တရားမျှမထားသည့်အပြင် အတိဒုက္ခရောက်စေလိုသောဆန္ဒ လုံးဝမရှိပါကြောင်း ကြေညာအပ်ပါသည်။ သို့ဖြစ်၍ ကျောင်းသား ကျောင်းသူများအနေဖြင့် ရှောင်တိမ်းပုန်းအောင်းခြင်း၊ သောင်းကျန်းသူ အဖွဲ့အစည်းများထံ ခိုလှုံရန်ကြံစည်ကြိုးစားခြင်း မဖြစ်ပေါ်စေရေးအတွက် မိဘဆရာများမှ ထိန်းသိမ်းကြပါရန် တိုက်တွန်းအပ်ပါသည်"** ဟူ၍ ဖော်ပြထားသည်။

ယင်းကြေညာချက်ထုတ်ပြန်ပြီး အောက်တိုဘာလ ၁၇ ရက်နေ့မှစတင်၍ နယ်စပ်ဒေသတွင် တပ်မတော်ကကြိုဆိုရေးစခန်းပေါင်း ၂၇ ခု ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား ပြန်လည်ကြိုဆိုခဲ့ရာ ၃၀-၁၂-၁၉၈၈ ရက်အထိ နှစ်လကျော်ကျော်ကာလအတွင်း ကျောင်းသား ကျောင်းသူ ၁၈၃၅ ဦးတို့ ပြန်လည်ရောက်ရှိလာခဲ့ကြသည်။

### နှံ့စပ်စုံလင်စွာ လေ့လာဖတ်ရှု

ဗိုလ်မှူးကြီး(ဟောင်း)တင်မောင်၏ ဖော်ပြပါစာအုပ်များသာမက မိုးမိုးတာရောစန်၏ "မုန်တိုင်းကိုမမှု အံတုလေသော်"၊ "ပန်းခင်းသောလမ်းမဟုတ်ပါ"၊ ဒေါက်တာမောင်မောင်၏ "သားမောင်စစ်သည်သို့"၊ ဗိုလ်မှူးချုပ်သန်းတင်(ငြိမ်း)၏ "စစ်ဆင်ရေးပြီး စစ်ဆင်ရေးမှ"၊ ဗိုလ်မင်းခေါင်(ရဲဘော်သုံးကျိပ်)၏ ဗိုလ်ချုပ်အောင်ဆန်းနှင့်ရဲဘော် သုံးကျိပ်၊ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော၏ "ဆိုင်းစုမှသည် မန်ဟိုင်းဆီသို့"၊ မှူးသမိန်၏ "ဘုံဘဝကြုံတွေ့ရဇာတ်လမ်းများ"၊ သောင်းဝေဦး၏ "စစ်သားဘဝ အတွေ့အကြုံများ"၊ ဇာနည်မောင်၏ "ပြည်တွင်းစစ်နှင့် လေကြောင်းအကူ" နှင့် "တို့နိုင်ငံကိုလာမထိနှင့်"၊ တက္ကသိုလ်စိန်တင်၏ "အောင်ဆန်းသူရိယ ဗိုလ်တိုက်ချွန်း" နှင့် "အောင်ဆန်းသူရိယ အေးချို"၊ တပ်ကြပ်မောင်ထူး၏ "အောင်ဆန်းသူရိယလှသောင်း"စသဖြင့် မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းနှင့် မြန်မာ့တပ်မတော်၏ အခန်းကဏ္ဍသမိုင်းစာပေများကို မြန်မာလူငယ်မောင်မယ်များ နှံ့စပ်စုံလင်စွာ လေ့လာဖတ်ရှုခဲ့ကြပါမူ အတိတ်သမိုင်း သင်ခန်းစာများအရ **"တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်"** ဟူသည့် သီအိုရီသဘောတရားကို နားလည်သဘောပေါက် လက်ခံနိုင်ကြပါလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် တပ်မတော်သည် ခေတ်အဆက်ဆက် မျိုးမြန်မာပြည်ရွာကို စောင့်ရှောက်ခဲ့၍ ဖြစ်ပါသည်။ ။

# တနင်္သာရီတိုင်းဒေသကြီးအတွင်း လိုအပ်သော အောက်ဆီဂျင်ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်

**ထားဝယ် ဩဂုတ် ၁၉**

တနင်္သာရီတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၇/၂၀၂၁)ကို ယနေ့ နံနက် ၉ နာရီခွဲက ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ယခုလက်ရှိဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ရောဂါပိုးများကို မြန်မြန်ပြီးပြတ်အောင် ကုသရေးလုပ်ငန်းများ ဆောင်ရွက်သွားရမည်ဖြစ်ပြီး အောက်ဆီဂျင်ဖူလုံမှုရရှိအောင် ဝိုင်းဝန်းညှိနှိုင်း ဆွေးနွေးရမည်ဖြစ်ကြောင်း၊ ထားဝယ်ခရိုင် လေးမြို့နယ်တွင် တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၄၀ ကျ စက်တစ်လုံး၊ အိုး ၁၀၀ ကျ စက်နှစ်လုံး၊ အိုး၂၀၀ ကျ စက်တစ်လုံး စုစုပေါင်း ၄၄၀ ရရှိနိုင်သည့်အတွက် အဆင်ပြေကြောင်း၊ မြိတ်မြို့နယ်တွင် တစ်ရက်လျှင် လီတာ ၄၀ အလုံး ၂၀၀ ကျ စက်တစ်လုံး တည်ဆောက်လျက်ရှိပြီး တန် ၂၀ ထည့်သွင်းသိုလှောင်နိုင်သည့် အောက်ဆီဂျင်အရည်စက်ရုံတစ်ခု ရောက်ရှိတပ်ဆင်လျက်ရှိကြောင်း၊ ယင်းစက်သည် တစ်ကြိမ်လျှင် အောက်ဆီဂျင် လီတာ ၄၀ အိုး ၂၆၀၀ ခန့် ရရှိနိုင်မည်ဖြစ်ကြောင်း၊ ကော့သောင်းမြို့နယ်တွင် အစိုးရအဖွဲ့အစီအစဉ်ဖြင့် ပထမအဆင့် လီတာ ၄၀ အိုး ၁၀၀ ကျ စက်တစ်လုံးနှင့် အိုး ၂၀၀ ကျ စက်တစ်လုံး မှာယူထားပြီး ရက်ပိုင်းအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း၊ အောက်ဆီဂျင်ထုတ်လုပ်သည့် စက်များကို ခရိုင်၊ မြို့နယ်များတွင်ထားရှိခြင်းဖြင့် ခရိုင်အတွင်းမြို့နယ်များ၏ လိုအပ်ချက်များကို လွယ်ကူလျင်မြန်စွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ ဒုတိယအဆင့် မြို့နယ်အလိုက် လိုအပ်သည့် အတိုင်းအတာထိ ပြည့်စုံအောင် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အတိုင်းအတာတစ်ခုအနေဖြင့် ပြည့်စုံနေပြီဖြစ်သော်လည်း ထပ်မံလိုအပ်လာပါက ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်းနှင့် ကိုဗစ်ရောဂါ ထိန်းချုပ်နိုင်ရေးအတွက် သွားလာရေးများကိုလည်း




ကန့်သတ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အဖွဲ့ဝင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် သစ်လွင်ထူးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး တိုင်းဒေသကြီး ဝန်ကြီးများနှင့် ကော်မတီဝင်များက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းများ အခြေအနေများကို အကြံပြုဆွေးနွေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော မိုးစပါးစိုက်ခင်းများအတွက် ပထမအကြိမ် မျိုးစပါး တင်း ၁၂၇၀ ထောက်ပံ့

**ဘားအံ ဩဂုတ် ၁၉**

ကရင်ပြည်နယ်အတွင်း ဇူလိုင်လကုန်ပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလွှမ်းမှု ဖြစ်ပွားရာ စိုက်ပျိုးပြီးမိုးစပါးကေအချို့ ရေလွှမ်းမိုးခဲ့ပြီး ပျက်စီးသွားသော မိုးစပါးစိုက်ခင်းများအတွက် မျိုးစပါးတင်း ၁၂၇၀ ကို ယနေ့ နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပထမအကြိမ် ထောက်ပံ့ပေးအပ်သည်။ **(အောက်ပုံ)**




ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ရေကြီးရေလျှံမှုကြောင့် လယ်ယာမြေ ဧက ၉၂၈၀ ခန့် ရေလွှမ်းမိုးခဲ့ပြီး ၄၆၅၆ ဧက ထိခိုက်မှုရှိခဲ့ကာ ၃၁၃၈ ဧကမှာ လုံးဝပျက်စီးခဲ့ကြောင်း၊ ပျက်စီးသွားသည့် လယ်မြေဧကအတွက် မိုးစပါးပြန်လည်ပျိုးထောင်စိုက်ပျိုးနိုင်ရန် ယခုကဲ့သို့ မျိုးစပါးများကို ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ မိမိတို့ပြည်နယ်အနေဖြင့် ဆန်စပါး ဖူလုံပိုလျှံရုံသာမက ထွက်ရှိလာသည့် ဆန်စပါးများကို ပြည်ပပို့ကုန်အနေဖြင့် တင်ပို့နိုင်မည်ဆိုပါက နိုင်ငံ၏ ပို့ကုန်ကဏ္ဍ ပိုမိုတိုးမြှင့် ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ ယခုထောက်ပံ့ပေးသည့်မျိုးစေ့ကို မိမိသက်ဆိုင်ရာ လယ်ယာမြေများတွင် အပြည့်အဝ ပြန်လည်စိုက်ပျိုးပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသိန်းကိုကို၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်တို့က ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော မိုးစပါးစိုက်ခင်းများ အတွက် မျိုးစပါးများ ထောက်ပံ့ပေးအပ်ရာ ဘားအံမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့မှ တောင်သူကိုယ်စားလှယ်များက လက်ခံယူကြပြီး ပျက်စီးသွားသော လယ်ယာမြေလုပ်ကိုင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် မွန်းလွဲပိုင်းတွင် ဘားအံမြို့နယ် ဇာသပြင်ကျေးရွာသို့ သွားရောက်၍ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသော စေတနာ့ဝန်ထမ်းများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး လိုအပ်သည်များနှင့် ကြုံတွေ့နေရသည့်အခက်အခဲများကို မေးမြန်းကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မာလဲနတ်တောင်ရေလှောင်တမံမှ ယခုနှစ် မိုးသီးနှံစိုက်ဧက ၃၂၀၀ ကျော်အတွက် စိုက်ပျိုးရေများပေးဝေသွားမည်

**မန္တလေး ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်းရှိ မာလဲနတ်တောင်ရေလှောင်တမံမှ တောင်သူများအတွက် စိုက်ပျိုးရေပြည့်ဝစွာပေးဝေပြီး စိုက်ပျိုးနိုင်ရန် မိုးသီးနှံစိုက်ဧက ၃၂၀၀ ကျော်အတွက် ယခုလ တတိယပတ်မှစ၍ စိုက်ပျိုးရေများ ပေးဝေသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစံမင်းထွန်းက ပြောကြားသည်။

အဆိုပါ မိုးသီးနှံစိုက်ဧကများအတွက် မာလဲနတ်တောင်ရေလှောင်တမံသို့ ဇူလိုင်နှင့် ဩဂုတ်လအတွင်း ၁၇၂၈၂ ဧကပေ ဝင်ရောက်လာပြီး ၁၈ ရက်တွင် ကန်တွင်းရေမှတ်ပေ RL-၄၂၈ ဒသမ ၄၀ သို့ ရောက်ရှိလာကြောင်း၊ ရေလှောင်တမံ၏ ကန်ရေပြည့်အမှတ်မှာ RL – ၄၄၃ ပေဖြစ်ပြီး တမံအတွင်း ယနေ့လက်ရှိသိုလှောင်ထားသည့် ရေပမာဏမှာ ၂၄၄၅၅ ဧကပေအနက်ရှိပြီး အသုံးပြုနိုင်သည့် ရေပမာဏ ၁၇၀၄၅ ဧကပေကို ယခုနှစ် မိုးစပါးလျာထားဧက ၃၂၈၅ ဧကများအတွက် စတင်၍ ရေပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

“တောင်သူတွေအတွက် စိုက်ပျိုးရေ ပြည့်ဝစွာပေးနိုင်အောင် မာလဲနတ်တောင်ဆည်ကို အဆင့်မြင့်တင်ပြုပြင်မှုလုပ်ငန်းတွေ ဆောင်ရွက်ထားပြီးပါပြီ။ နောက်ဆို မိုးရွာသွန်းမှုပေါ်မူတည်ပြီးတော့ တောင်သူတွေအတွက် စိုက်ပျိုးရေကို ပြည့်ဝစွာပေးသွားမှာပါ။ အခုမိုးသီးနှံတွေအတွက်လည်း စိုက်ပျိုးရေပေးဝေသွားတော့မှာပါ။ တောင်သူတွေအနေနဲ့ကလည်း ရေကိုစနစ်တကျနဲ့ ချွေတာသုံးစွဲကြဖို့ လိုပါတယ်။ ဒါမှ ရေတွေအလေအလွင့်မရှိဘဲနဲ့ တောင်သူတွေ အဆင်ပြေစွာ သုံးစွဲနိုင်ကြမှာပါ။ နွေ၊ မိုး ရာသီအလိုက် တောင်သူတွေအတွက် စိုက်ပျိုးရေကို ပေးဝေသွားမှာပါ” ဟု ၎င်းက ရှင်းပြသည်။

ယခုမိုးရာသီကာလအတွင်း ထပ်မံစီးဝင်လာသည့် ဝင်ရေများကို မာလဲနတ်တောင်ရေလှောင်တမံအတွင်း သိုလှောင်ပြီး နွေသီးနှံများအတွက် ဆက်လက်စိုက်ပျိုးနိုင်ရေးကို စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုမာလဲနတ်တောင်ရေလှောင်တမံမှ ရေပေးဝေနိုင်မှုအတွက်



မာလဲနတ်တောင် ရေလှောင်တမံ။

စနစ်တကျ အဆင့်မြှင့်တင်ပြီးဖြစ်၍ ဆည်ရေသောက်ဧရိယာ ဧက ၆၅၀၀ အတွက် အပြည့်အဝပေးဝေနိုင်ရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးရေများကို မာလဲကျေးရွာ၊ နတ်တောင်ကျေးရွာ၊ လက်ပန်လှ၊ ဝါးရုံးကုန်း၊ ရှောက်ပင်ရိုး၊ ခူလယ်၊ ကုက္ကို၊ စဉ့်ကူး(၂)၊ ငွေတောင်နှင့် မင်းရွာစသည့်ကျေးရွာများကို ပေးဝေသွားမည်ဖြစ်ရာ ယင်းကျေးရွာများတွင် ယခင်ကထက် ဆည်ရေအပြည့်အဝ ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများကို ပိတ်ရက်မရှိ တင်သွင်းခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာပစ္စည်းများကို အများပြည်သူရုံးပိတ်ရက်များ တွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ စဉ်ဆက်မပြတ် အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် ပိတ်ရက်မရှိ စီစဉ်ဆောင် ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည် ဆိုင်ရာ လေဆိပ်မှ Oxygen Concentrator ၇၃၉ ခု၊ Test Kit ၆၇၆၀ နှင့် ဆိပ်ကမ်းများမှ အောက်ဆီဂျင် (အိုးခွံ) ၈၆၄၀၊ Oxygen Plant တစ်ခုအပါအဝင် မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီ၊ တာချီလိတ်၊ ထီးခီး ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင် (အရည်) Bowser ယာဉ်နှစ်စီးဖြင့် ၃၈ တန်၊ အောက်ဆီဂျင် (အရည်) အိုးဖြင့် ၁၀ တန်၊ အောက်ဆီဂျင်အိုး(အခွံ) ၈၆၄၀၊ Oxygen Plant တစ်ခု၊ အိမ်သုံးအောက်ဆီဂျင် စက် (Oxygen Concentrator) ၁၀၉၀၊ PPE ဝတ်စုံ ၄၄၀၀ နှင့် နှာခေါင်းစည်း (Mask) ၁၅ တန် တင်သွင်း နိုင်ခဲ့သည်။ အထက်ပါပစ္စည်းများအား ကုမ္ပဏီ ၁၇ ခုမှ ယာဉ်စီးရေ ၃၅ စီးဖြင့် တင်သွင်းခဲ့ခြင်း ဖြစ်သည်။

ဩဂုတ်လအတွင်း ယာဉ်စီးရေ ၁၀၂ စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ်ဖြင့် ၁၀၂၅ တန်၊ အောက်ဆီဂျင် (အရည်) အိုးဖြင့် ၂၅၇ တန်၊ အောက်ဆီဂျင် (ဓာတ်ငွေ့) အိုးဖြင့် ၇၂ တန်၊ အောက်ဆီဂျင် (အရည်) Storage Container ၁၂ ခု၊ အောက်ဆီဂျင် (အရည်) Distributor ခြောက်ခု၊ အောက်ဆီဂျင်(အိုးခွံ) ၁၂၉၈၄၀၊ Oxygen Plant



ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများ တင်သွင်းလာသည့် မော်တော်ယာဉ်များကို တွေ့ရစဉ်။



မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်အရည်များ တင်သွင်းလာသည့် မော်တော်ယာဉ်တစ်စီး ကို တွေ့ရစဉ်။

၃၃ ခု၊ ဆေးရုံသုံး အောက်ဆီဂျင်ဖြည့်စက် နှစ်ခု၊ အောက်ဆီဂျင် (Generator) ၁၁ ခု၊ အိမ်သုံးအောက်ဆီ ဂျင်စက် (Oxygen Concentrator) ၈၁၄၂၇ ခု၊ Test Kit ၁၅၇၈၀၈ ခု၊ PPE ဝတ်စုံ ၅၅၁၀၆၅ စုံ၊ လက်အိတ် ၈၃ တန်နှင့် နှာခေါင်းစည်း (Mask) ၁၂၉၃ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်မှ ဩဂုတ် ၁၉ ရက် အထိ ပြည်ပမှတင်သွင်းလာသည့် အောက်ဆီဂျင် အရည် (Bowser) ယာဉ် စုစုပေါင်း ၉၁ စီးမှာ ရန်ကုန် မြို့သို့ ၆၈ စီး၊ မန္တလေးမြို့သို့ ၁၅ စီး၊ မော်လမြိုင်မြို့သို့ လေးစီး၊ ပဲခူးမြို့သို့ နှစ်စီး၊ သထုံမြို့သို့ တစ်စီး၊ သံဖြူဇရပ်မြို့သို့ တစ်စီးဖြစ်ကြောင်း သိရှိရသည်။ Oxygen Plant စုစုပေါင်း ၄၁ ခုမှာ ရန်ကုန်မြို့သို့ ၁၁ ခု၊ လားရှိုးမြို့သို့ ငါးခု၊ ပဲခူးမြို့သို့ လေးခု၊ မန္တလေး မြို့သို့ လေးခု၊ ကျောက်ပန်းတောင်းမြို့သို့ သုံးခု၊ ပခုက္ကူမြို့သို့ နှစ်ခု၊ ဘားအံမြို့သို့ နှစ်ခု၊ မော်လမြိုင် မြို့သို့ နှစ်ခု၊ တောင်ကြီး၊ သံဖြူဇရပ်၊ မကွေး၊ ထားဝယ်၊ ဝါးခယ်မ၊ မြစ်သား၊ မိုးကောင်းမြို့နှင့် ကျောက်တံခါးမြို့များသို့ တစ်ခုစီဖြစ်ကြောင်း သိရှိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ် ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူ မြန်ဆန်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ် ပါကလည်း သက်ဆိုင်ရာတာဝန်ရှိသူများထံ တိုက်ရိုက် ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များနှင့် အသိပေးကြေညာချက်များကို လည်း ဝန်ကြီးဌာန Website ဖြစ်သည့် Commerce. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင် ရွက်ပေးထားပါကြောင်း သိရသည်။ **သတင်းစဉ်**

❍ *ကျောဖုံးမှ*

ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ Rapid Test Kit စနစ်ဖြင့် စစ်ဆေးဆောင်ရွက်ပေးခဲ့ရာ စစ်ဆေးချက်အဖြေအရ နေရပ်ပြန်ပြည်သူ ၁၇ ဦးထံတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိခဲ့ပြီး ကျန်ပြည်သူ ၃၃၁ ဦးတို့တွင် ကိုဗစ်-၁၉ ရောဂါပိုးမတွေ့ရှိ (Negative) အဖြေထွက်ရှိခဲ့သည်။ ၎င်းပိုးတွေ့ရှိသည့် နေရပ်ပြန်ပြည်သူများကို တာချီလိတ်မြို့ရှိ ဝမ်လုံးအသွားအလာကန့်သတ်စောင့်ကြည့်ရေး စင်တာတွင်ထားရှိကာ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက် ရှိသည်။

ယနေ့ လာအိုနိုင်ငံမှလွှဲပြောင်းလာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၃၄၈ ဦးအနက်မှ ကိုဗစ်-၁၉ ရောဂါပိုးမတွေ့ရှိသည့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များသို့ နေရပ်ပြန် ပြည်သူ ၃၂၄ ဦးအား စစ်ဖျူဟာအဖွဲ့(အခြေချ) တာချီလိတ်မှ စစ်ဖျူဟာမှူး ဗိုလ်မှူးကြီး မင်းမင်းထွန်း၊ ခရိုင်ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင် နှင့် ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဦး ကျော်နှင့် မြို့ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင် များက နွေးထွေးစွာ ကြိုဆိုလက်ခံခဲ့ကြပြီး ၎င်းတို့အား သက်ဆိုင်ရာ နေရပ်အသီးသီးသို့ ရောက်ရှိနိုင်ရေးအတွက် မော်တော်ယာဉ်များ အခမဲ့စီစဉ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ၊ တစ်ကိုယ်ရေသုံးပစ္စည်း များ၊ ထောက်ပံ့ငွေများ လှူဒါန်းပေးခြင်းနှင့်အတူ နေရပ်ပြန်ပြည်သူ များကို အားပေးစကားများပြောကြားခဲ့ကာ ဆက်လက်ပို့ဆောင်ပေးခဲ့ ကြောင်း သိရသည်။ **ယာဆေး(ပြန်/ဆက်)**

### ၁၉-၈ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၈၀၇၂၈၃၈ | ၃၀၃၄၁၈၈၆ | ၆၄၁၃၅၈ |
| ၂။ | အိန္ဒိယ | ၃၂၃၂၀၈၉၈ | ၃၁၅၁၆၂၂၄ | ၄၃၃၀၆၃ |
| ၃။ | ဘရာဇီး | ၂၀၄၅၈၂၂၁ | ၁၉၃၆၂၉၉၀ | ၅၇၁၇၀၃ |
| ၄။ | ရုရှား | ၆၆၈၄၅၃၁ | ၅၉၆၃၀၅၄ | ၁၇၃၇၀၀ |
| ၅။ | ပြင်သစ် | ၆၅၃၃၃၈၃ | ၅၉၆၆၂၆၃ | ၁၁၂၉၇၆ |
| ၆။ | ဗြိတိန် | ၆၃၅၅၈၈၇ | ၄၉၂၃၈၉၂ | ၁၃၁၂၆၀ |
| ၇။ | တူရကီ | ၆၁၃၈၄၅၂ | ၅၆၅၁၈၁၉ | ၅၃၆၇၅ |
| ၈။ | အာဂျင်တီးနား | ၅၁၀၆၂၀၇ | ၄၇၇၄၇၆၀ | ၁၀၉၆၅၂ |
| ၉။ | ကိုလံဘီယာ | ၄၈၇၇၃၂၃ | ၄၇၀၂၄၇၈ | ၁၂၃၇၈၁ |
| ၁၀။ | စပိန် | ၄၇၄၅၅၅၈ | ၄၀၃၈၀၂၆ | ၈၂၈၈၃ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၉- ၈ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၃၉၃၀၃၀၀ | ၃၄၇၂၉၁၅ | ၁၂၂၆၃၃ |
| ဖိလစ်ပိုင် | ၁၇၉၁၀၀၃ | ၁၆၄၈၄၀၂ | ၃၀၈၈၁ |
| မလေးရှား | ၁၄၈၉၄၆၀ | ၁၂၀၄၄၆ | ၁၃၄၈၀ |
| ထိုင်း | ၉၈၉၈၅၉ | ၇၇၅၅၄၆ | ၈၅၈၆ |
| မြန်မာ | ၃၆၅၇၅၉ | ၂၈၆၇၇၅ | ၁၃၉၄၅ |
| ဗီယက်နမ် | ၃၁၂၆၁၁ | ၁၂၀၀၅၉ | ၇၁၅၀ |
| ကမ္ဘောဒီးယား | ၈၇၇၂၃ | ၈၃၂၉၈ | ၁၇၄၇ |
| စင်ကာပူ | ၆၆၃၆၆ | ၆၅၁၅၂ | ၄၆ |
| လာအို | ၁၁၃၁၃ | ၄၄၃၅ | ၉ |
| ဘရူနိုင်း | ၉၄၆ | ၃၃၈ | ၃ |

# မရှိမဖြစ်အောက်ဆီဂျင်

ခိုင်ဆုနွယ် (ရှမ်းပြည်)

အောက်ဆီဂျင်ဟာ လေထုထဲမှာ အဓိကပါဝင်ပြီး သက်ရှိသတ္တဝါတွေအတွက် အရေးပါတဲ့ ဓာတ်ငွေ့တစ်မျိုးဖြစ်ပါတယ်။ အောက်ဆီဂျင်ဓာတ်ငွေ့ကို ၁၇၇၄ ခုနှစ်မှာ ဂျိုးဇက်ပရီးစတီးအမည်ရှိ အင်္ဂလိပ်ဓာတုဗေဒပညာရှင်က ဒြပ်စင်တစ်ခုအဖြစ်တွေ့ရှိခဲ့ပြီး ၁၇၇၇ ခုနှစ်မှာ ပြင်သစ်ဓာတုပညာရှင် အန်တွိုင်းလဗွိုင်ယာစီက ဆက်လက်စမ်းသပ်ကာ အောက်ဆီဂျင်လို့ အမည်ပေးခဲ့ပါတယ်။ ဓာတုသင်္ကေတနဲ့ အဆင်းကင်းမဲ့တဲ့ အောက်ဆီဂျင်ဟာ စကြဝဠာကြီးအတွင်း ဟိုက်ဒရိုဂျင်နဲ့ နိုက်ထရိုဂျင်ပြီးနောက် အများဆုံးတွေ့ရှိရတဲ့ ဒြပ်စင်ဖြစ်တယ်။ ကမ္ဘာ့လေထုရဲ့ ၂၁ ရာခိုင်နှုန်းမှာ အောက်ဆီဂျင်ဖြစ်ပါတယ်။ အောက်ဆီဂျင်ကို ဓာတ်ငွေ့သန့်သန့်အနေနဲ့သော် လည်းကောင်း၊ အခြားဒြပ်စင်တွေနဲ့ ပေါင်းစပ်၍သော် လည်းကောင်း ကျွန်မတို့ပတ်ဝန်းကျင်မှာ အများအပြား တွေ့ရတယ်။

**ရေသန့်စင်စက်တွေမှာ အသုံးပြု**

အောက်ဆီဂျင်ဟာ လူသားတွေအသက်ရှင်သန်ရေးသာမက အခြားသတ္တဝါတွေနဲ့ အပင်တွေရှင်သန်ရေးအတွက်ပါ မရှိမဖြစ်လိုအပ်ပါတယ်။ ကျွန်မတို့ဟာ လေထုထဲက အောက်ဆီဂျင်ကို အဆုတ်ဆီသို့ရှူသွင်းပြီး သွေးမှာပါဝင်တဲ့ ဟေမိုဂလိုဗင်ကတစ်ဆင့် ခန္ဓာကိုယ်အနှံ့ရောက်ရှိအောင် သယ်ဆောင်ပေးပါတယ်။ ဒါကြောင့် အဆုတ်ရောင်ရောဂါ ခံစားနေရသူတွေ အသက်ရှူလွယ်ကူစေဖို့အတွက် အောက်ဆီဂျင်ပေးဖို့ လိုအပ်ပါတယ်။ ရေငုပ်သမားတွေ၊ တောင်တက်သမားတွေ၊ လေယာဉ်မောင်းသူတွေဟာ အသက်ရှူလွယ်ကူစေဖို့ အောက်ဆီဂျင်ယူဆောင်ထားရပါတယ်။ အောက်ဆီဂျင်ဟာ မီးလောင်မှုကိုအားပေးတဲ့ ဓာတ်ငွေ့ဖြစ်ပြီး သတ္တုဆက်အလုပ်ရုံတွေမှာ သတ္တုဆက်လုပ်ငန်းအတွက် လိုအပ်တဲ့အပူချိန်ရရှိဖို့ အဆက်ဆီတလင်းဓာတ်ငွေ့နဲ့ ပေါင်းကာ အောက်ဆီအက်ဆီတလင်းအဖြစ်လည်း အပူပေးရာမှာ အသုံးပြုကြပါတယ်။ အောက်ဆီဂျင်အက်တမ်သုံးခု ပါဝင်တဲ့ မော်လီကျူးကို $O_3$ (အိုဇုန်း) လို့ ခေါ်ကာ ရောဂါပိုးမွှားတွေကို သေစေနိုင်တာကြောင့် ရေသန့်စင်စက်တွေမှာ အသုံးပြုကြပါတယ်။

အောက်ဆီဂျင်ရဲ့ အသုံးဝင်မှုများပြားတာကြောင့် လူသားတွေဟာ အောက်ဆီဂျင်ကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နိုင်ဖို့အတွက် နည်းပညာအသစ်တွေ တီထွင်ဖန်တီးလာကြပါတယ်။ ဇီရိုလိုက်လို့ခေါ်တဲ့ မော်လီကျူလာစေ့လေးတွေကို သုံးပြီး လေထဲက မလိုချင်တဲ့ဓာတ်ငွေ့တွေကိုဖယ်ရှားကာ အောက်ဆီဂျင်ဓာတ်ငွေ့ပဲကျန်ရှိအောင် ထုတ်လုပ်တဲ့နည်းစဉ် (Pressure Swing Adsorption) နဲ့ လေထုထဲက ဓာတ်ငွေ့တွေကို အရည်အဖြစ် အအေးခံပြီး သူတို့ရဲ့ ရေဆူအမှတ်တွေပေါ်မူတည်ကာ လေထုထဲက အောက်ဆီဂျင်၊ နိုက်ထရိုဂျင်တွေကို ခွဲထုတ်တဲ့နည်းစဉ် (Cryogenic)တွေကို အသုံးပြုပြီး စီးပွားရေးအရ တွက်ခြေကိုက်တဲ့ စက်ရုံကြီးတွေအဖြစ် တည်ဆောက်လာကြပါတယ်။

> ❐ **အောက်ဆီဂျင်ရဲ့ အသုံးဝင်မှုများပြားတာကြောင့် လူသားတွေဟာ အောက်ဆီဂျင်ကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နိုင်ဖို့အတွက် နည်းပညာအသစ်တွေ တီထွင်ဖန်တီးလာကြပါတယ်။ ဇီရိုလိုက်လို့ခေါ်တဲ့ မော်လီကျူလာစေ့လေးတွေကိုသုံးပြီး လေထဲက မလိုချင်တဲ့ဓာတ်ငွေ့တွေကိုဖယ်ရှားကာ အောက်ဆီဂျင်ဓာတ်ငွေ့ပဲကျန်ရှိအောင် ထုတ်လုပ်တဲ့နည်းစဉ် (Pressure Swing Adsorption) နဲ့ လေထုထဲက ဓာတ်ငွေ့တွေကို အရည်အဖြစ် အအေးခံပြီး သူတို့ရဲ့ ရေဆူအမှတ်တွေပေါ်မူတည်ကာ လေထုထဲက အောက်ဆီဂျင်၊ နိုက်ထရိုဂျင်တွေကို ခွဲထုတ်တဲ့နည်းစဉ် (Cryogenic)တွေကို အသုံးပြုပြီး စီးပွားရေးအရ တွက်ခြေကိုက်တဲ့ စက်ရုံကြီးတွေအဖြစ် တည်ဆောက်လာကြပါတယ်။**

**သံရည်ကျိုဖို့ အောက်ဆီဂျင်အသုံးပြု**

ပင်းပက်သံမဏိစက်ရုံရဲ့ သံစိမ်းထုတ်လုပ်တဲ့နည်းစဉ်ဟာ Romelt နည်းပညာလို့ဆိုတဲ့ ရုရှားနိုင်ငံရဲ့ နည်းပညာဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ သံသတ္တုရိုင်းကနေ သံစိမ်းထုတ်လုပ်တဲ့နေရာမှာ လေပြင်းမှုတ်သံရည်ကျိုမီးဖို (Blast Furnace)နည်းစဉ်၊ တိုက်ရိုက်ဓာတ်လျှော့ (Direct Reduction DRI) နည်းစဉ်တွေ အများဆုံးအသုံးပြုကြပါတယ်။ Romelt နည်းစဉ်ကတော့ သံသတ္တုရိုင်းအရည်အသွေးအနေနဲ့ အသင့်အတင့်သာရှိတဲ့ လီမွန်နိုက်၊ ဟေမတိုက် စတဲ့သံသတ္တုရိုင်းတွေကို စီးပွားရေးတွက်ခြေကိုက်အောင် ထုတ်လုပ်ပေးနိုင်တဲ့နည်းစဉ်ဖြစ်ပါတယ်။ ဒီနည်းစဉ်မှာ အဓိက ကတော့ သံသတ္တုရိုင်းတွေ၊ ကျောက်မီးသွေး၊ ထုံး၊ ဒိုလိုမိုက်၊ သဲ အစရှိတဲ့ သံစိမ်းကျိုချက်ရာမှာ လိုအပ်တဲ့ ကုန်ကြမ်းတွေကို Romelt ဆိုတဲ့သံရည်ကျိုမီးဖိုထဲထည့်ပြီး အောက်ဆီဂျင်နဲ့ လေအားသုံး ကျိုချက်တာပဲဖြစ်ပါတယ်။ Romelt သံရည်ကျိုမီးဖိုမှာ လေပြင်းမှုတ်တဲ့ လေမှုတ်ပေါက် (Tuyere) တွေ အဆင့်နှစ်ဆင့်ပါဝင်ပါတယ်။ အောက်ခြေဆင့် လေမှုတ်ပေါက်များမှ အောက်ဆီဂျင်ပါတဲ့ လေပြင်းမှုတ်ထည့်ခြင်းကို ကုန်ကြမ်းမှာ ပါဝင်တဲ့ သံသတ္တုရိုင်းနဲ့ ကျောက်မီးသွေးမှာပါတဲ့ ကာဗွန်တို့ ဓာတ်ပြုခြင်းဖြင့် ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့ထွက်ရှိလာပါတယ်။ ထွက်ရှိလာတဲ့ ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့ကို အပေါ်ဆင့် လေမှုတ်ပေါက်တွေမှ အောက်ဆီဂျင်မှုတ်ထည့်ခြင်းဖြင့် အပူထွက်ဓာတ်ပြုခြင်း ဖြစ်ပေါ်စေကာ မီးဖိုအတွက် လိုအပ်တဲ့ အပူရရှိကာ ကုန်ကြမ်းတွေ အရည်ပျော်စေပြီး သံစိမ်းရရှိအောင် ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ Romelt မီးဖိုမှာ သံရည်ကျိုဖို့ ရိုးရိုးလေထက် အောက်ဆီဂျင်အသုံးပြုမှသာ ပြင်းထန်တဲ့အပူကို ရရှိမှာဖြစ်ပြီး လိုအပ်တဲ့ အောက်ဆီဂျင်လေထုထဲက အောက်ဆီဂျင်ကို ခွဲထုတ်ယူဖို့ လိုအပ်လာပါတယ်။

**ကျန်းမာရေးနယ်ပယ်မှာသုံးစွဲ**

မီးဖိုမှာ ကျိုချက်ဖို့လိုအပ်တဲ့ အောက်ဆီဂျင်ရဖို့အတွက် မီးဖိုရဲ့အနီးမှာ အောက်ဆီဂျင်စက်ရုံတစ်ခု တည်ဆောက်ထားပါတယ်။ ကျွန်မတို့ပတ်ဝန်းကျင်မှာရှိတဲ့ လေထုထဲမှာ အောက်ဆီဂျင် (၂၁ ရာခိုင်နှုန်း)နဲ့ နိုက်ထရိုဂျင် (၇၈ ရာခိုင်နှုန်း) အဓိက ပါဝင်တာဖြစ်တဲ့အတွက်ပတ်ဝန်းကျင်လေထုကိုကုန်ကြမ်းအဖြစ် အသုံးပြုထားပါတယ်။ အောက်ဆီဂျင်စက်ရုံဟာ ဂျာမနီနိုင်ငံ Linde ကုမ္ပဏီရဲ့ Cryogenic နည်းစဉ်ကို အသုံးပြုထားပါတယ်။ လေထုထဲကလေကိုပဲ လေစစ်မှတစ်ဆင့် ဖိသိပ်လေစက် (Four Stage Dynamic Compressor) နှစ်လုံးနဲ့ စုပ်ယူဖိသိပ်ကာ ပြန်လည်အအေးခံခြင်းဖြင့် အောက်ဆီဂျင်နဲ့ နိုက်ထရိုဂျင်ကို ထုတ်လုပ်တဲ့နည်းစဉ်ဖြစ်ပါတယ်။ ဒီ ဖိသိပ်လေစက်တွေကို မောင်းနှင်ဖို့ အသုံးပြုတဲ့ မော်တာနှစ်လုံးဟာ ၈ ဒသမ ၉ မီဂါဝပ်၊ မြင်းကောင်ရေအားအနေနဲ့ ၁၁၉၃၀ အား ရှိပါတယ်။ ဖိသိပ်လေစက်ထဲကနေထွက်ရှိလာတဲ့လေကို အဆင့်ဆင့် အအေးခံကာ အောက်ဆီဂျင်နဲ့ နိုက်ထရိုဂျင်တို့ရဲ့ အရည်ပျော်မှတ်ပေါ်မူတည်ကာ ခွဲထုတ်တဲ့နည်းစဉ်နဲ့ အောက်ဆီဂျင်ဓာတ်ငွေ့နဲ့ နိုက်ထရိုဂျင်ဓာတ်ငွေ့တို့ကို ထုတ်လုပ်ပေးပါတယ်။ အောက်ဆီဂျင်စက်ရုံဟာဆိုရင် တစ်နာရီကို အောက်ဆီဂျင်ဓာတ်ငွေ့အား ၃၈၅၀၀ ကုဗမီတာနဲ့ နိုက်ထရိုဂျင် ၁၂၀၀ ကုဗမီတာ ထုတ်လုပ်ပေးနိုင်မှာဖြစ်ပါတယ်။ စက်ရုံတည်ဆောက်ရေးလုပ်ငန်းတွေပြီးစီးရင် Romelt သံရည်ကျို မီးဖိုကျိုချက်နိုင်ဖို့ အောက်ဆီဂျင်ဓာတ်ငွေ့အား ပိုက်လိုင်းနဲ့ ပေးပို့နိုင်ဖို့ သွယ်တန်းထားရှိပြီး ဖြစ်ပါတယ်။ ယခုကာလလို ကျန်းမာရေးနယ်ပယ်အတွက် အောက်ဆီဂျင်အရေးပေါ်လိုအပ်လာရင် အသုံးပြုနိုင်ဖို့ ပိုလျှံတဲ့ အောက်ဆီဂျင် ၄၀၀၀ ကုဗမီတာခန့်ကို အောက်ဆီဂျင်သိုလှောင်ကန်၊ ဖိအားမြင့်ပန့်များအသုံးပြုကာ ဆေးရုံတွေအတွက် လိုအပ်တဲ့ အောက်ဆီဂျင်အိုးတွေကို ဖြည့်တင်းပေးနိုင်မှာ ဖြစ်ပါတယ်။ အောက်ဆီဂျင်သန့်စင်မှုနှုန်း (၉၅ ရာခိုင်နှုန်း) နဲ့ နိုက်ထရိုဂျင်သန့်စင်မှုနှုန်း (၉၈ ရာခိုင်နှုန်း) ရှိတဲ့အတွက် ထွက်ရှိလာတဲ့ အောက်ဆီဂျင်နဲ့ နိုက်ထရိုဂျင်ဓာတ်ငွေ့တို့ကို စက်မှုလုပ်ငန်းနဲ့ ကျန်းမာရေး လုပ်ငန်းနယ်ပယ်တွေမှာလည်း သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။

လက်ရှိ အောက်ဆီဂျင်စက်ရုံဟာ တည်ဆောက်ရေးလုပ်ငန်းပိုင်းအနေနဲ့ (၉၈ ရာခိုင်နှုန်း) ပြီးစီးနေပြီဖြစ်ပါတယ်။ အောက်ဆီဂျင်ထုတ်လုပ်မှုနည်းစဉ်မှာ အသုံးပြုတဲ့ အအေးခံရေရရှိရေးအတွက်လည်း ၂၀၀ ကီလိုဝပ်မော်တာ မြင်းကောင်ရေအားဖြင့် ၂၆၈ အား အသုံးပြုထားတဲ့ ပန့်လေးလုံး တပ်ဆင်ထားရှိတဲ့ ပန့်အိမ်၊ အအေးခံမယ့်ရေစင်၊ ရေသန့်စင်ပေးမယ့် ရေသန့်စက်တွေကိုလည်း တပ်ဆင်ထားရှိပြီး ဖြစ်ပါတယ်။

အောက်ဆီဂျင်နဲ့ နိုက်ထရိုဂျင် ထုတ်လုပ်ရာမှာ အပူချိန်အနိမ့်အမြင့် ဖိအားအနည်းအများပေါ် မူတည်ကာ ခွဲထုတ်ရတဲ့ နည်းစဉ်ဖြစ်လို့ ပိုက်လိုင်းတပ်ဆင်ခြင်း လုပ်ငန်းတွေ ပြီးစီးနေပြီဖြစ်သော်လည်း ဖိအားမြင့် ပိုက်လိုင်းတွေကို စနစ်တကျပြန်လည် စစ်ဆေးဖို့ ကျန်ရှိနေပါတယ်။ အပူအအေးဒဏ်ခံ လျှပ်ကာလုပ်ငန်းတွေ လုပ်ဆောင်ဖို့ လျှပ်စစ်နဲ့အလိုအလျောက်ဖွင့်/ပိတ်ခြင်းဆိုင်ရာ (Automation) လုပ်ငန်းတွေအပြီးသတ်ဖို့ ရေအားနဲ့ စမ်းသပ်ခြင်း (Hydrulic Test)၊ ဖိအားဖြင့်စမ်းသပ်ခြင်း (Pressure Test) စတဲ့ စမ်းသပ်ခြင်းလုပ်ငန်းတွေ လုပ်ဆောင်ဖို့၊ အပူခံဖို့နဲ့ သံချေးမတက်ဖို့ ဆေးသုတ်ခြင်းလုပ်ငန်း၊ အဓိကစက်ပစ္စည်းတွေကို သက်ဆိုင်ရာ ထုတ်လုပ်တဲ့ကုမ္ပဏီက စစ်ဆေးသူကို ခေါ်ယူစစ်ဆေးရမယ့် လုပ်ငန်းတွေ၊ ဖိသိပ်လေစက်နဲ့ မော်တာတွေအတွက် ဝင်ရိုးချိတ်ဆက်ချိန်ညှိခြင်း (Shaft Alignment) ပြုလုပ်ဖို့၊ အပိုင်းလိုက်ကြိုတင် စမ်းသပ်လည်ပတ်ခြင်း (Pre Commissioning) နဲ့ စမ်းသပ်လည်ပတ်ခြင်း (Commissioning) လုပ်ငန်းတွေ ဆောင်ရွက်ဖို့ ကျန်ရှိနေပါတယ်။ ကျန်ရှိနေတဲ့လုပ်ငန်းတွေ လုပ်ဆောင်ပြီး စမ်းသပ်လည်ပတ်ထုတ်လုပ်နိုင်ရင် နောက်ဆုံး လက်ခံသဘောတူလက်မှတ် (Final Accepted Certificate) ရရှိမှာဖြစ်ပြီး စက်ရုံလည်ပတ်နိုင်မှာ ဖြစ်ပါတယ်။

**ထောက်ပံ့ကူညီပေး**

စက်ရုံပြန်လည် လည်ပတ်မယ်ဆိုရင် အောက်ဆီဂျင်စက်ရုံလုပ်ငန်းတွေလည်း အပြီးသတ်ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် ပိုလျှံတဲ့ အောက်ဆီဂျင်နဲ့ နိုက်ထရိုဂျင်ဓာတ်ငွေ့တွေကို စက်မှုလုပ်ငန်းနယ်ပယ်အလိုက် လိုအပ်တဲ့ အောက်ဆီဂျင်နဲ့ နိုက်ထရိုဂျင်ဓာတ်ငွေ့တွေကိုသာမက ကျန်းမာရေးနယ်ပယ်အတွက် အချိန်နဲ့အမျှ လိုအပ်နေတဲ့ အောက်ဆီဂျင်ဓာတ်ငွေ့ကိုလည်း ဆက်လက်ထုတ်လုပ်ပေးသွားနိုင်ဖို့ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ သက်ရှိသတ္တဝါတွေနဲ့ နယ်ပယ်အားလုံးအတွက် လိုအပ်နေတဲ့ အောက်ဆီဂျင် ထုတ်လုပ်ပေးနိုင်ရေး ပင်းပက်သံမဏိစက်ရုံအနေနဲ့ နိုင်ငံအတွက် တစ်ထောင့်တစ်နေရာက ထောက်ပံ့ကူညီပေးနိုင်မယ်လို့ယုံကြည်ရင်း ကျန်ရှိတဲ့ လုပ်ငန်းတွေ အမြန်ဆုံး ပြန်လည်ဆောင်ရွက်နိုင်ပါစေဖို့ ဆန္ဒပြုဖော်ပြလိုက်ပါတယ်။ ။

# ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား နှောင့်ယှက်တိုက်ခိုက်နေကြသော အကြမ်းဖက်သမားများ ဖမ်းဆီးရမိရေး ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးပါရန် မိဘပြည်သူများသို့ တိုက်တွန်းနှိုးဆော်ချက်

မြန်မာနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ (တတိယလှိုင်း) ကူးစက်နှုန်း မြင့်မားနေချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူလူထုနှင့်ပူးပေါင်းပြီး ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအား ဘက်ပေါင်းစုံမှ အစွမ်းကုန်ဆောင်ရွက်လျက်ရှိပါသည်။ မိဘပြည်သူများအနေဖြင့်လည်း ကိုဗစ်ရောဂါအန္တရာယ်အတွက် စိုးရိမ်ပူပန်နေကြရသလို ကျန်းမာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါအား တက်ကြွစွာ ပူးပေါင်းကာကွယ်တိုက်ဖျက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်နေစဉ်တွင် နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသည့် NUG အဖွဲ့နှင့် ၎င်းတို့ကို ထောက်ခံသော အစွန်းရောက် NLD ပါတီဝင်များ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) အမည်ခံ အဖျက်သမားများသည် အစိုးရယန္တရားများ ရပ်ဆိုင်းစေရေးအတွက် အရပ်ဘက်ပစ်မှတ်များဖြစ်သည့် စာသင်ကျောင်းများ မီးရှို့ဖျက်ဆီးခြင်း၊ ဗုံးခွဲတိုက်ခိုက်ခြင်း၊ အုပ်ချုပ်ရေးမှူးများ၊ အခြားပါတီဝင်များအား လုပ်ကြံသတ်ဖြတ်ခြင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပါသည်။

ယခုအခါ အဆိုပါအကြမ်းဖက်အဖွဲ့များက ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် အပြစ်မဲ့ပြည်သူလူထုကို ထိခိုက်နစ်နာစေမည့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများနှင့် အပြစ်မဲ့ပြည်သူများအား အောက်ဖော်ပြပါအတိုင်း အကြမ်းဖက် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြပါသည်-

(က) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည့်နေရာများနှင့် ကာကွယ်ဆေး လာရောက်ထိုးနှံသည့် အပြစ်မဲ့ပြည်သူများအား ဗုံးခွဲတိုက်ခိုက်ခြင်း။
(ခ) ကိုဗစ်ရောဂါစစ်ဆေးရေးဂိတ်များအား ဗုံးခွဲတိုက်ခိုက်ခြင်း။
(ဂ) ကိုဗစ်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်ဆောင်လာသည့်ယာဉ်များအား ဗုံးခွဲတိုက်ခိုက်ခြင်း။
(ဃ) မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့ဆေးရုံရှိ အောက်ဆီဂျင်ပိုက်လိုင်းများအား ဖျက်ဆီးခြင်း။
(င) ကာကွယ်ဆေးထိုးနှံပြီးပြန်လာသူများအား လမ်းမှစောင့်၍ လုပ်ကြံသတ်ဖြတ်ခြင်း။
(စ) ကိုဗစ်ကာကွယ်ရေးပစ္စည်းများ ဖြန့်ဝေပေးနေသည့် ပရဟိတအဖွဲ့ဝင်များအား လုပ်ကြံသတ်ဖြတ်ခြင်း။
(ဆ) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးရေးလုပ်ငန်းများတွင် ဦးဆောင်ပါဝင် ဆောင်ရွက်နေသူ အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်း။
(ဇ) ပရဟိတအယောင်ဆောင်၍ PPE ဝတ်စုံဝတ်ဆင်ပြီး အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်သတ်ဖြတ်ခြင်း။

၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များသည် နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍ ပြိုလဲပျက်စီးစေရန် ပစ်မှတ်ထားတိုက်ခိုက်လျက်ရှိပြီး မိဘပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးနှင့် မိသားစုဘဝလုံခြုံရေးအတွက် အလွန်အန္တရာယ်ကြီးမားသည့် လုပ်ရပ်များဖြစ်ပါသည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါကို နိုင်ငံရေးလက်နက်သဖွယ် အသုံးချပြီး ရောဂါပျံ့နှံ့စေရန် ရည်ရွယ်ချက်ဖြင့် ပိုးဖြန့်သပိတ်များ လူစုလူဝေးဖြင့် ဆင်နွှဲခြင်း၊ ရောဂါပိုးရှိပြီးသူများနှင့် ထိတွေ့မှုဖြစ်စေခြင်း၊ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်သည့်သတင်းအမှားများ ထုတ်လွှင့်ခြင်းများကို ဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရှိရပါသည်။

အထက်ပါ အဆင်အခြင်မဲ့ ဆောင်ရွက်ချက်များ အားလုံးသည် ကိုဗစ်ရောဂါပိုး ကူးစက်မှုထိန်းချုပ်ရေးလုပ်ငန်းများကို ထိခိုက်ပျက်စီးစေနိုင်သည့် ဇီဝနည်းအရ အကြမ်းဖက်မှု Bioterrorism ကို တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်၍ ကျူးလွန်ခြင်းဖြစ်ပြီး မည်သည့်နိုင်ငံတကာ အသိုက်အဝန်းနှင့် အဖွဲ့အစည်းများကမှ လက်မခံနိုင်သည့် အကြမ်းဖက်လုပ်ရပ်များ ဖြစ်ပါသည်။

သို့ဖြစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူလူထုအကျိုးစီးပွား၊ အသက်အိုးအိမ်ကို တိုက်ရိုက်ခြိမ်းခြောက်နေသည့် အကြမ်းဖက်လုပ်ရပ်များအားလုံး ရပ်တန့်စေရေးအတွက် ပြစ်မှုကျူးလွန်ထားသည့် အကြမ်းဖက်သမားများ၊ နောက်ကွယ်မှ စီစဉ်ကြိုးကိုင်ဆောင်ရွက်နေသူများနှင့် အားပေးအားမြှောက် ပြုလုပ်နေသူများအား ၎င်းတို့ကျူးလွန်ထားသည့် ပြစ်မှုများအလိုက် သက်ဆိုင်ရာ ရဲစခန်းများတွင် အမှုဖွင့်လှစ်ထားရှိပြီး အရေးယူ အပြစ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၎င်းအပြင် ပြည်ပနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်နေသည့် အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေးနှင့် နိုင်ငံတကာမှ ဆန့်ကျင် ရှုတ်ချတားဆီးပေးနိုင်ရေးအတွက်လည်း ဥပဒေလုပ်ထုံးလုပ်နည်းများ၊ သံတမန်နည်းလမ်းများနှင့်အညီ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အောက်ပါနိုင်ငံတကာအဖွဲ့အစည်းများနှင့် ရုံးဌာနများသို့ အကြောင်းကြားစာများ ပေးပို့ထားပြီးဖြစ်ပါသည်-

(က) မြန်မာနိုင်ငံရှိ ပြည်ပသံရုံးများ။
(ခ) မြန်မာနိုင်ငံရှိ နိုင်ငံတကာအဖွဲ့အစည်းများ။
(ဂ) ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ အကြမ်းဖက်မှုတိုက်ဖျက်ရေး အမှုဆောင်အရာရှိချုပ်ရုံး။
(ဃ) အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံ အကြမ်းဖက်မှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းရုံး။
(င) အာဆီယံအမျိုးသား ရဲအဖွဲ့အတွင်းရေးမှူးရုံးနှင့် အာဆီယံ ရဲအဖွဲ့ (၉) နိုင်ငံ။
(စ) အာဆီယံအပေါင်းအကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေး ဆိုင်ရာကျွမ်းကျင် လုပ်ငန်းအဖွဲ့များ။
(ဆ) INTERPOL အထွေထွေ အတွင်းရေးမှူးချုပ်နှင့် INTERPOL ၏ အကြမ်းဖက်မှု တိုက်ဖျက်ရေးဌာန။
(ဇ) BIMSTEC အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့။
(ဈ) တရုတ်၊ ရုရှား၊ လာအို၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ ပြည်ထဲရေးဝန်ကြီးများနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့များ။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် မိဘပြည်သူများအနေဖြင့် လူသားအားလုံး၏ အန္တရာယ်ဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များတွင် ဆက်လက်၍ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြပါရန်နှင့် မည်သည့်လူ့အဖွဲ့အစည်း၊ မည်သည့်နိုင်ငံကမှ လက်မခံသည့် အကြမ်းဖက်ဝါဒနှင့် အကြမ်းဖက်သမားများအား မြန်မာနိုင်ငံမှ အပြီးတိုင် ကွယ်ပျောက်သွားရေးအတွက် ဆက်လက်ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရသည့်ဖြစ်စဉ်အချို့


ဦးကျော်ဆန်း(ဒဏ်ရာရ)


မျိုးခိုင်(ဒဏ်ရာရ)


ဒေါ်မျိုးမျိုးအေး(ဒဏ်ရာရ)

ကျိုက်လတ်မြို့နယ်၌ မြို့နယ်ပညာရေးမှူးရုံးနှင့် COVID-19 ယာယီစစ်ဆေးရေးဂိတ်တို့တွင် လက်လုပ်ဗုံး/မိုင်း ၄ လုံး ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများ


ရဲတပ်သား ထွန်းလင်းဇော် (ကျဆုံး)


ရဲတပ်သား အောင်လွင်ဖြိုး (ကျဆုံး)


ရဲဒုတပ်ကြပ် အောင်မျိုး (ဒဏ်ရာရ)

ဖယ်ခုံမြို့၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးသည့်နေရာအား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရကျဆုံးခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ





ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း ဆောင်ရွက်နေသူများကို အကြမ်းဖက်သမားများက အကြောင်းမဲ့ လက်ပစ်ဗုံးဖြင့် ပစ်ခတ်သဖြင့် ပျက်စီးမှုနှင့် ဒဏ်ရာရရှိသူများ


ဒဏ်ရာရရှိသူ ဦးမျိုးထွန်း(၅၈)နှစ်


သဲကုန်းမြို့၊ သဲကုန်း-ပုတီးကုန်း သွားကားလမ်းရှိ မြို့ဝင် Covid-19 စစ်ဆေးရေးဂိတ်၌ လက်လုပ်မိုင်း ပေါက်ကွဲခဲ့သည့်နေရာ


မင်္ဂလာဒုံမြို့နယ်၊ တပ်မတော်စစ်ဆေးရုံ(၂/၅၀၀) အတွက် ဆေးရုံသုံးပစ္စည်းများကို တပ်မတော် Faw ယာဉ် ၆ စီးဖြင့် သယ်ဆောင်လာစဉ် အကြမ်းဖက်သူ (စိစစ်ဆဲ)က လက်လုပ်ဗုံးဖြင့် ပစ်ပေါက်တိုက်ခိုက်မှု


နန့်စီးအောင် ကိုဗစ်ရောဂါ စစ်ဆေးရေးဂိတ်အနီး မိုင်းခွဲတိုက်ခိုက်မှုကြောင့် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ သယ်ဆောင်လာသည့် မော်တော်ယာဉ် ပျက်စီးခဲ့မှု


မြောက်ဥက္ကလာပမြို့နယ်၊ အထွေထွေဆေးရုံကြီးရှိ အောက်ဆီဂျင်ပိုက်လိုင်းအား မသမာသူများက ထုရိုက်ဖျက်ဆီးထားမှု

# မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်၌ PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့မှ အမျိုးသား နှစ်ဦးက အရပ်သားပြည်သူ တစ်ဦးကို သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ငွေကျပ်သိန်း ၇၀၀ လုယက်ယူဆောင်

**နေပြည်တော် ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်၌ PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ဝင် အမျိုးသား နှစ်ဦးက အရပ်သားပြည်သူ တစ်ဦးကို သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ငွေကျပ်သိန်း ၇၀၀ လုယက်ယူဆောင်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁ နာရီတွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ဆူးဝင်းကျေးရွာနေ ဦးမျိုးထွန်း(၃၉)နှစ် (ဘ)ဦးကျော်သိန်းကို PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ဝင် အမျိုးသားနှစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ငွေကျပ်သိန်း ၇၀၀ လုယက်ယူဆောင်သွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ဦးမျိုးထွန်း(၃၉)နှစ် (ဘ)ဦးကျော်သိန်းသည် ၎င်း၏နေအိမ်၌ မိသားစုနှင့်အတူ ရှိနေစဉ် အစိမ်းရောင် ပြောက်ကျားဦးထုပ်ပိုင်း၊ အကျီလက်ရှည်၊ ဘောင်းဘီရှည်၊ တောစီးပြောက်ကျားဖိနပ်များ ဝတ်ဆင်ထားကာ မျက်နှာဖုံးတပ်ဆင်ထားသည့် PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့မှ အမျိုးသားနှစ်ဦးက ခြစည်းရိုးအုတ်တံတိုင်းနှင့် သွပ်ဆူးကြိုးများကို ဖျက်ဆီး၍ ခြံဝင်းအတွင်း ဝင်ရောက်လာပြီး နေအိမ်ရှေ့တံခါးကို ဆွဲဖွင့်နေသဖြင့် ဦးမျိုးထွန်းက တံခါးဖွင့် မေးမြန်းစဉ် ၎င်းတို့ နှစ်ဦးအနက် အမျိုးသားတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ဦးမျိုးထွန်းတွင် ယာဘက်မေးရိုးရှပ်ထိ ဒဏ်ရာတစ်ချက်ရရှိခဲ့သည်။



ဦးမျိုးထွန်း (ဒဏ်ရာရ)



သိမ်းဆည်းရမိသည့် ကျည် နှင့် ကျည်ခွံ

ဆက်လက်၍ အဆိုပါ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ဝင် အမျိုးသားနှစ်ဦးက ဦးမျိုးထွန်းကို ခြိမ်းခြောက်ကာ နေအိမ်ရှိ မီးခံသေတ္တာသော့ ဖွင့်ခိုင်း၍ အတွင်းရှိ ငွေကျပ်သိန်း ၇၀၀ အား လုယက်ယူဆောင်ထွက်ပြေးသွားခဲ့ပြီး အခင်းဖြစ်နေရာ၌ ၎င်းတို့ ပစ်ခတ်ခဲ့သည့် LC 87 စာတန်းပါ ကျည်ခွံတစ်ခုနှင့် ကျည်တောင့်တစ်တောင့်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်မှ သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ငွေကျပ်သိန်း ၇၀၀ လုယက်ယူဆောင်ကာ ထွက်ပြေးသွားခဲ့သည့် PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ဝင် အမျိုးသားနှစ်ဦးကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေးစိတ်စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မင်းကင်းမြို့နယ် လောင်းပြည့်ကျေးရွာရှိ ကောဝိသရာမဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်အား PDF အကြမ်းဖက် လက်နက်ကိုင်များက ပစ်ခတ်သတ်ဖြတ်

**နေပြည်တော် ဩဂုတ် ၁၉**

တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်အချို့တွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် အေးချမ်းစွာ နေထိုင်နေကြသော ပြည်သူလူထုအချို့ကို လူထုအတွင်း အကြောက်တရားများ လွှမ်းမိုးလာစေရန် လက်နက်ကိုင် အကြမ်းဖက်သူများက သေနတ်များ၊ တုတ်/ဓားများ အသုံးပြုကာ အကြောင်းမဲ့ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်နေကြောင်း သိရသည်။

**ဒလန်ဟု စွပ်စွဲကာသတ်ဖြတ်**

ထိုသို့အကြမ်းဖက်ခဲ့ရာတွင် ဩဂုတ် ၁၈ ရက် ည ၈ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် လောင်းပြည့်ကျေးရွာရှိ ကောဝိသရာမ ဘုန်းတော်ကြီးကျောင်းသို့ ဦးဂေါ်ရာ(ခ)ဦးအောင်ဦးဆောင်သည့် PDF အကြမ်းဖက်လက်နက်ကိုင် အဖွဲ့အင်အား ၃၀ ခန့်မှာ လက်နက်များ ကိုင်ဆောင်ကာ ရောက်ရှိလာပြီး ကျောင်းထိုင်ဆရာတော် ဦးကောဝိဒ (၇၄) နှစ်၊ ဝါတော်(၅၄)ဝါအား ဒလန်ဟု စွပ်စွဲကာ တူမီးသေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ကျောင်းထိုင်ဆရာတော် ဦးကောဝိဒတွင် သေနတ်ထိမှန်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ ပျံလွန်တော်မူခဲ့ကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်မှုကျူးလွန်ခဲ့သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အပြစ်ပေးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုင်းလုံမြို့၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လမ်းတာပေါင်ပျက်စီး

**မိုင်းလုံ ဩဂုတ် ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်း မိုင်းလုံမြို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကျောက်မဲ-မိုင်းလုံ-လဲကြီးလမ်း၌ လမ်းတာပေါင်ပျက်စီးခဲ့ကြောင်း မိုင်းလုံမြို့ လမ်းဦးစီးဌာနမှ သိရသည်။

လမ်းတာပေါင် ပျက်စီးမှုသည် ကျောက်မဲ-မိုင်းလုံ-လဲကြီးလမ်း (မိုင် ၅၄/၅-၅၄/၆)ကြားတွင် လမ်း၏ဝဲဘက် (ချောက်ဘက်ခြမ်း)တွင် လမ်းပခုံးအထိ လမ်းသားပွဲကျမှုဖြစ်၍ ကတ္တရာလမ်းထိခိုက်မှု မရှိ၊ လမ်းပိတ်ဆို့မှု မရှိ၊ လူထိခိုက်မှု မရှိကြောင်းသိရပြီး ထိုလမ်းတာပေါင်ပျက်စီးမှုနေရာ၏ အောက်ဘက်တွင် နမ့်ကော်ချောင်းရှိ၍ မြေသားမတည်ငြိမ်မှုကြောင့် လမ်းသားနိမ့်ကျမှု ဖြစ်လေ့ရှိသောနေရာဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းပျက်စီးသောနေရာတွင် ထပ်မံပွဲကျမှုမရှိစေရန် မိုးကာခင်းပြီး သဲအိတ်များစီ၍ ယာယီဆောင်ရွက်ထားကြောင်း၊ **(အောက်ပုံ)** ထိုနေရာတွင် မျှောတိုင်ရိုက် ကတ္တရာပီပါပုံးခွံများစီ၍ မြေထိန်းနံရံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကျောက်မဲခရိုင်သို့ တင်ပြထားကြောင်း သိရသည်။

**ဇော်(ပတ္တမြားမြေ)**



## မူဆယ်၌ မိုးများပြီးမြေသားများ ပြိုကျသဖြင့် နေအိမ် သုံးလုံးပျက်စီး



**မူဆယ် ဩဂုတ် ၁၉**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့ မြို့နယ်သစ်တောရုံး အနောက်ဘက်ရှိ တော်ရွက်ရပ်ကွက်အတွင်းရှိ လမ်းမပေါ်သို့ ယမန်နေ့က မြေသားအိကာ မြေပြိုမှုဖြစ်ပွားသည်။

ယင်းကဲ့သို့ မြေပြိုကျရာ လူနေအိမ်သုံးလုံးပေါ်သို့ မြေသားများ ကျရောက်ခဲ့သဖြင့် အိမ်များ ပျက်စီးခဲ့ကာ လူထိခိုက်မှု မရှိကြောင်းနှင့် အဆိုပါမြေပြိုမှု ဖြစ်ပွားသည့် နေရာသို့ ရပ်ကွက်အတွင်းရှိ အရန် မီးသတ်တပ်ဖွဲ့ဝင်များသွားရောက် ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး အတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၃ စီး၊ သွင်းကုန် ၂၃စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၉၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှုခန့်မှန်းတန်ဖိုး ငွေကျပ် ၀ ဒသမ ၉၀၀ သန်းတန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ပုဇွန် နှစ်ကောင် စားဆီ (11x12)5Pkgs (51x4) (10 Pkgs) ၊ Lactasoy (125mlx60 pcs)(5Pkgs) ၊ Detergent-SUE SAT Brand (45g x 32 pcs) (4 Pkgs) ၊ Lipovitan-D (100mlx50) (25 Pkgs) ကို ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် အစ္စရေးဝန်ကြီးချုပ်ကို အိမ်ဖြူတော်တွင် တွေ့ဆုံမည်

ဝါရှင်တန် ဩဂုတ် ၁၉

**အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ဩဂုတ် ၂၆ ရက်တွင် အစ္စရေးဝန်ကြီးချုပ် နဖ်တာလီဘန်နက်ကို အိမ်ဖြူတော်၌ လက်ခံတွေ့ဆုံမည်ဖြစ်ကြောင်း အိမ်ဖြူတော်ပြန်ကြားရေးဝန်ကြီး ဂျန်ဆာကီက ဩဂုတ် ၁၈ ရက်က ပြောကြားလိုက်သည်။**



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်

အမေရိကန်သမ္မတနှင့် ဝန်ကြီးချုပ်ဘန်နက်တို့သည် အီရန်ကိစ္စအပါအဝင် ဒေသတွင်းနှင့် ကမ္ဘာ့လုံခြုံရေးနှင့် သက်ဆိုင်သောအရေးကြီးကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်ကြောင်း အိမ်ဖြူတော်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ ခရီးစဉ်သည် ခေါင်းဆောင်နှစ်ဦးအတွက် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ သာယာဝပြောရေး၊ ဒေသတွင်း အနာဂတ်တွင် ပိုမိုငြိမ်းချမ်းပြီး ဘေးကင်းလုံခြုံရေးနှင့်ပတ်သက်သည့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ဆွေးနွေးရန် အခွင့်အလမ်းကောင်းများရရှိ မည်ဖြစ်သည်။

ထို့အပြင် တီဟီရန်နှင့် ဝါရှင်တန်တို့အကြား ရပ်ဆိုင်းထားရသော နျူကလီးယားသဘောတူစာချုပ်ကို ပြန်လည်အသက်သွင်းရန် ဆွေးနွေးမည်ဖြစ်သည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် ဩစတြီးယားမြို့တော် ဗီယင်နာတွင် ဧပြီလကတည်းက သွယ်ဝိုက်ဆွေးနွေးမှုများ အကြိမ်များစွာ ပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့၏ မတူညီသော အမြင်များကို ကျေလည်အောင် မလုပ်ဆောင်နိုင်သေးကြောင်း သိရသည်။

ဆင်ဟွာ

# သွေးထွက်သံယိုကိစ္စရပ်များကို ရှောင်ရှားရန် နိုင်ငံတွင်းမှ ထွက်ခွာခဲ့ခြင်းဖြစ်ကြောင်း အာဖဂန်သမ္မတ ဂါနီပြော

ဒူဘိုင်း ဩဂုတ် ၁၉

သူ့ကို ကဘူးလ်က ထွက်ခွာစေခဲ့ကြောင်း၊ သူ့အနေဖြင့်လည်း သွေးထွက်သံယို ကိစ္စရပ်များကို ရှောင်ရှားရန်အတွက် နိုင်ငံအတွင်းမှ ထွက်ခွာရန်ဆုံးဖြတ်ခဲ့ကြောင်း အာဖဂန်သမ္မတ မိုဟာမက် အာရှရက်ဖ်ဂါနီက ဩဂုတ် ၁၈ ရက် ညက ပြောကြားလိုက်သည်။

အာဖဂန်သမ္မတ ဂါနီက အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး) မှနေပြီး ဖေ့စ်ဘွတ်ခ်မှ တိုက်ရိုက်ထုတ်လွှင့်ပြောကြားခဲ့ခြင်းဖြစ်သည်။

ဂါနီက အကယ်၍သူ့အနေဖြင့် နိုင်ငံအတွင်းမှာ ဆက်နေမည်ဆိုပါက ကဘူးလ်တွင် ဖြစ်ပွားခဲ့သည့် သွေးထွက်သံယိုမှုများကို မျက်ဝါးထင်ထင် တွေ့မြင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



အာဖဂန်သမ္မတ မိုဟာမက်အာရှရက်ဖ်ဂါနီ

အာဖဂန်နစ္စတန်က အလျင်စလိုထွက်ခွာသွားသည် ဆိုသည့် ဝေဖန်မှုများကို သူ့အနေဖြင့် ယခုလို တုံ့ပြန်ပြောကြားလိုက်ခြင်းဖြစ်သည်။ မိမိထွက်ခွာသွားသည့် အသေးစိတ်အချက်အလက်များကို မသိဘဲ အလျင်စလို မဆုံးဖြတ်စေချင်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

ကဘူးလ်သို့ တာလီဘန်တပ်ဖွဲ့များ ဝင်ရောက်လာသောအခါ နိုင်ငံအတွင်းမှ ချက်ချင်းထွက်ခွာသွားသည့် ဝန်ကြီးဟောင်းများကိုလည်း ဂါနီက ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။

အာဖဂန်မြို့တော်ကဘူးလ်ရှိ ဘုရင့်နန်းတော်ကို တာလီဘန်များ ထိန်းချုပ်လိုက်ပြီးနောက် ဂါနီသည် နိုင်ငံတွင်းမှ ဩဂုတ် ၁၅ ရက် ညက ထွက်ခွာသွားခဲ့သည်။

သူ၏ လုံခြုံရေးအရာရှိများ၏ အကြံပေးချက်အရ ကဘူးလ်မှ ထွက်ခွာခဲ့ခြင်းဖြစ်ကြောင်း ဂါနီက ပြောသည်။

အာရပ်စော်ဘွားများ ပြည်ထောင်စု နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးဌာနက ယူအေအီးနိုင်ငံသည် ဂါနီနှင့် မိသားစုဝင်များကို လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အနေအထားအရ ကြိုဆိုခဲ့ကြောင်း ဩဂုတ် ၁၈ ရက်က ပြောကြားလိုက်သည်။

ဆင်ဟွာ

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၆၄၀၁ ဦးရှိလာ

နယူးဒေလီ ဩဂုတ် ၁၉

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၆၄၀၁ ဦးအပါအဝင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၂၃၂၂၂၅၈ ဦးအထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၅၃၀ ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၃၃၀၄၉ ဦးအထိ ရှိလာခဲ့သည်။ နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၃၆၄၁၂၉ ဦးရှိသည်။ **ဆင်ဟွာ**

## အာဖရိက၌ ကိုဗစ်-၁၉ လူနာပေါင်း ၇ ဒသမ ၃၈ သန်းကျော်ရှိ

အဒစ္စအဘာဘာ ဇူလိုင် ၁၉

အာဖရိကတွင် ဇူလိုင် ၁၉ ရက်အထိ ကိုဗစ်-၁၉ အတည်ပြု လူနာပေါင်း ၇၃၈၈၇၄၈ ဦးရောက်ရှိလာခဲ့ကြောင်း အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။ အာဖရိက ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူပေါင်း ၁၈၆၃၆၇ ဦး ရှိလာပြီဖြစ်ကြောင်းနှင့် ၆၅၀၇၇၁၅ ဦးမှာ ကိုဗစ်-၁၉ ကင်းစင်ပြီးဖြစ်ကြောင်း သိရသည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှားနှင့် အီသီယိုပီးယားနိုင်ငံတို့သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံး နိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွင် တောင်အာဖရိကသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး၊ အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ဒုတိယကူးစက်ဖြစ်ပွားမှုအများဆုံး ဖြစ်သည်။ **ဆင်ဟွာ**

# ဟေတီ၌ စနေနေ့က လှုပ်ခဲ့သည့် အင်အားပြင်းထန်သော ငလျင်ကြောင့် သေဆုံးသူ ၂၁၈၉ ဦးရှိလာ



ဟေတီငလျင်၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရစဉ်။

**လက်စ်ကာယက်စ် ဩဂုတ် ၁၉**

ဟေတီနိုင်ငံ အနောက်တောင်ပိုင်းတွင် စနေနေ့က လှုပ်ခတ်ခဲ့သည့် ပြင်းထန်သော ငလျင်ကြောင့် ယခုအခါတွင် သေဆုံးသူ ၂၁၈၉ ဦးအထိ ရောက်ရှိလာပြီဖြစ်ကြောင်း ကာရေဘီယံပင်လယ်ကျွန်းနိုင်ငံ၏ အရပ်ဘက် ကာကွယ်ရေးအေဂျင်စီက ဩဂုတ် ၁၈ ရက်က သတင်းထုတ်ပြန်လိုက်သည်။

ပြင်းအား ၇ ဒသမ ၂ အဆင့်ရှိသော ငလျင်လှုပ်ခတ်မှုကြောင့် လူပေါင်း ၁၂၀၀၀ ထက်မနည်း ဒဏ်ရာများ ရရှိခဲ့ကြောင်း အဆိုပါအေဂျင်စီက တွစ်တာတွင်ဖော်ပြခဲ့သည်။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ငလျင် လှုပ်ခတ်မှုကြောင့် နိုင်ငံတောင်ပိုင်းတွင် လူပေါင်း ၁၈၃၂ ဦးသေဆုံးခဲ့ပြီး ဒေသတွင်း သဘာဝ ဘေးအန္တရာယ်ကြောင့် သေဆုံးမှုအများဆုံးဖြစ်ကြောင်း အဆိုပါအေဂျင်စီက ဆက်လက်ဖော်ပြသည်။

အဆိုပါငလျင်သည်တိုင်းပြည်အတွင်းဖြစ်ပွားခဲ့သည့် အပြင်းထန်ဆုံး ငလျင်တစ်ခုဖြစ်သည်။ ငလျင်ကြောင့် သေဆုံးဒဏ်ရာရသူများ အများအပြားရှိခဲ့ပြီး အိုးအိမ် အဆောက်အအုံများ ပျက်စီးခဲ့ပြီး ဟေတီနိုင်ငံ၏ ဆေးဘက်ဆိုင်ရာ ကွန်ရက်များလည်း ပြိုလဲခဲ့ရသည်။


ပြင်းထန်သော ငလျင်လှုပ်ခတ်ပြီးနောက် ဟေတီနိုင်ငံကို ကူညီရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ကုလသမဂ္ဂကို တိုက်တွန်းပြောကြားခဲ့သည်။

ဟေတီပြည်သူများအတွက် သတင်းစကားရှိကြောင်း၊ ယခုလို ခံစားရသည်မှာ သင်တို့တစ်ဦးတည်း မဟုတ်ကြောင်း၊ ကျွန်ုပ်တို့အနေဖြင့် အသင်တို့နှင့်အတူ ရပ်တည်လျက် ရှိကြောင်း၊ သဘာဝဘေး ဒုက္ခအကျပ်အတည်းမှ ထွက်မြောက်နိုင်ရေးအတွက် ထောက်ပံ့မှုများလုပ်ဆောင်သွားမည် ဖြစ်ကြောင်း ဂူတာရက်စ်က ထုတ်ပြန်ကြေညာချက်တွင် ပြောကြားလိုက်သည်။

ဆင်ဟွာ

# ချမ်းသာနိုင်ငံများ ကိုဗစ်-၁၉ ကာကွယ်ဆေး တတိယအကြိမ် ထိုးပေးရန်ပြင်ဆင်မှုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ရှုတ်ချ

နှင်းမိုးအိမ်



ကမ္ဘာပေါ်ရှိ အချို့သောနိုင်ငံများတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးအတွက် ရှန်းကန်နေရချိန် ချမ်းသာသည့်နိုင်ငံများတွင်မူ တတိယအကြိမ် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးနိုင်ရေးအတွက် ပြင်ဆင်နေကြပြီဖြစ်သည်။

## ရှုတ်ချပြောဆို

ကာကွယ်ဆေးအညီအမျှမရရှိမှုမှာ လူသားမျိုးနွယ်အပေါ်တွင် ရက်ဖွယ်လိလိဖြစ်ရပ်တစ်ခုဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ တက်ဒရို့စ် အက်ဒ်ဟာနွန်ဂီဘရီယက်ဆုက ပြောသည်။ ချမ်းသာကြွယ်ဝသည့် နိုင်ငံများသည် ကိုဗစ် -၁၉ ကာကွယ်ဆေးကို နောက်တစ်ကြိမ် အပိုဆောင်း၍ ထိုးပေးနိုင်ရေးအလျင်စလို လုပ်ဆောင်လာကြသည့်အပေါ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဩဂုတ် ၁၈ ရက်နေ့တွင် ရှုတ်ချပြောဆိုခဲ့သည်။

## သက်သေပြချက်မျိုးမရှိသေး

တစ်ကမ္ဘာလုံးအနှံ့ သန်းနှင့်ချီသည့် လူများမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်မျှပင် မထိုးရသေးချိန် ချမ်းသာသည့်နိုင်ငံများက ၎င်းတို့ နိုင်ငံသားများအား နောက်တစ်ကြိမ် အပိုဆောင်း၍ ကာကွယ်ဆေးထပ်ထိုးပေးရန် ကြိုးပမ်းမှုမှာမဖြစ်သင့်ဟု ရှုတ်ချပြောဆိုခဲ့ သည်။ အမေရိကန်ရှိ ကာကွယ်ဆေးထိုးပြီးသား နိုင်ငံသားများမှာ မကြာမီအချိန်အတွင်း နောက်ထပ် တစ်ကြိမ်ထပ်၍ ကာကွယ်ဆေးထိုးပေးတော့မည်ဟု အမေရိကန်အာဏာပိုင်များက ကြေညာပြီးသည့်နောက်ပိုင်းတွင် ယခုလို ပြောကြားခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ကျွမ်းကျင်သူများကမူ နောက်ထပ်အပိုဆောင်း၍ ကာကွယ်ဆေးထိုးရန် လိုအပ်သည်ဟု တိကျသည့်သိပ္ပံနည်းကျသက်သေပြချက်မျိုး မရှိသေးဟု ပြောဆိုခဲ့ကြသည်။

## တောင်းဆိုခဲ့

အခြားသောသူများအတွက် အသက်ကယ်အကျီတစ်ထည်တောင် မရှိသေးသည့်အချိန်တွင် အသက်ကယ်အကျီရှိပြီးသားသူများကို နောက်ထပ်အသက်ကယ်အကျီပေးလိုက်ခြင်းနှင့် တူကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အရေးပေါ်ဌာနညွှန်ကြားရေးမှူးဖြစ်သူ မိုက်ခ်ရိုင်ယန်က သတင်းထောက်များကိုပြောသည်။ ယခုလ အစောပိုင်းကလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် ကိုဗစ် -၁၉ ကာကွယ်ဆေးနောက်ထပ်အပိုဆောင်း၍ ထိုးပေးခြင်းကို တားမြစ်ရန်တောင်းဆိုခဲ့သည်။ ချမ်းသာကြွယ်ဝသည့်နိုင်ငံများနှင့် ဆင်းရဲသည့်နိုင်ငံများအကြား ကာကွယ်ဆေးရရှိနိုင်မှုပမာဏ ခြားနားနေသည်ကို ဖြေရှင်းရန်အတွက် ယင်းသို့ တောင်းဆိုခဲ့ခြင်းဖြစ်သည်။

## ပြင်ဆင်လာကြ

ဗီဇပြောင်း ဒယ်လ်တာဗိုင်းရပ်စ် ကူးစက်မှုများပြားလာသည့်အချိန် ချမ်းသာသည့်နိုင်ငံများမှာ တတိယအကြိမ် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးရန် ပြင်ဆင်လာကြသည်။ အချိန်ကြာလာသည်နှင့်အမျှ ကိုဗစ်-၁၉ ကာကွယ်ဆေး၏ စွမ်းဆောင်ရည်မှာ ကျဆင်းလာသည်ဟု အမေရိကန်အာဏာပိုင်များက သတိပေးထားသည်။ အမေရိကန်တွင် တတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးခြင်းကို စက်တင်ဘာ ၂၀ ရက်မှစတင်ကာ ပြုလုပ်သွားမည်ဟု ဩဂုတ် ၁၈ ရက်တွင် ပြောကြားခဲ့သည်။

## ခွင့်ပြုပေးခဲ့ပြီးဖြစ်

ကာကွယ်ဆေး ထိုးထားခြင်းကြောင့် ရောဂါလက္ခဏာပြင်းထန်ခြင်း၊ ဆေးရုံတက်ရခြင်းနှင့် ကိုဗစ်-၁၉ ကြောင့် သေဆုံးရခြင်းတို့ကို ထိရောက်စွာ အကာအကွယ်ပေးနိုင်သည်။ ကာကွယ်ဆေး အပိုဆောင်း၍ ထပ်မထိုးလျှင်တောင်မှ သေဆုံးမှုနှုန်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုတို့ကို လျှော့ချပေးနိုင်သည်ဟု အရာရှိများက ပြောသည်။ ကိုယ်ခံအားနည်းပါးသည့် လူများအတွက် အပိုဆောင်း၍ ကာကွယ်ဆေးထိုးခြင်းကို အစိုးရက ခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။

## လူတိုင်းထိုးရန်မလို

အစ္စရေးနိုင်ငံသည် အသက် ၅၀နှင့်အထက်များကို တတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှု စတင်ခဲ့ပြီးဖြစ်သည်။ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်သည်လည်း ပြင်သစ်နိုင်ငံသည် စက်တင်ဘာလမှစတင်ကာ ကိုဗစ်-၁၉ ကာကွယ်ဆေး တတိယအကြိမ် ထိုးနှံပေးရန် ပြင်ဆင်မှုများပြုလုပ်နေသည်ဟုပြောကြားခဲ့သည်။

ကူးစက်ရန်လွယ်ကူသည့် လူများအတွက် ကာကွယ်ဆေးကို တတိယအကြိမ် ထိုးပေးမည်ဖြစ်ပြီး လူတိုင်းလူတိုင်းထိုးရန် မလိုအပ်ကြောင်း၊ သက်ကြီးရွယ်အိုများနှင့် ထိခိုက်လွယ်သည့်လူများအတွက်သာဖြစ်ကြောင်း ပြောကြားခဲ့သည်။

> “ ကာကွယ်ဆေး ထိုးထားခြင်းကြောင့် ရောဂါလက္ခဏာပြင်းထန်ခြင်း၊ ဆေးရုံတက်ရခြင်းနှင့် ကိုဗစ်-၁၉ ကြောင့် သေဆုံးရခြင်းတို့ကို ထိရောက်စွာ အကာအကွယ်ပေးနိုင်သည်။ ကာကွယ်ဆေး အပိုဆောင်း၍ ထပ်မထိုးလျှင်တောင်မှ သေဆုံးမှုနှုန်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုတို့ကို လျှော့ချပေးနိုင်သည်ဟု အရာရှိများက ပြော ”

## ပို၍ အရေးကြီးသည့်အချက်

အစ္စရေးနိုင်ငံသည် ကိုဗစ်-၁၉ ကာကွယ်ဆေး တတိယအကြိမ်ထိုးနှံခြင်းကို စတင်ခဲ့သလို ဗြိတိန်နှင့် ဂျာမနီနိုင်ငံတို့သည်လည်း လာမည့်လအတွင်း နောက်တစ်ကြိမ် ကာကွယ်ဆေးအတွက် ပြင်ဆင်မှုများ လုပ်ဆောင်နေပြီဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ်ကမူ ဆင်းရဲသည့်နိုင်ငံများမှ ပြည်သူများ ကာကွယ်ဆေး မထိုးရသေးခင် အချိန်အထိ အဆိုပါအစီအစဉ်ကို ရွှေ့ဆိုင်းထားရန် တောင်းဆိုခဲ့သည်။

နောက်ထပ်အပို ကာကွယ်ဆေးထိုးရန် လိုအပ်ခြင်းရှိမရှိကို သက်သေပြရန်အချက်များ လိုနေသေးသကဲ့သို့ ဆင်းရဲပြီးဝင်ငွေနိမ့်သည့် နိုင်ငံများတွင် ကာကွယ်ဆေးထိုးပေးရန်မှာ ပို၍အရေးကြီးသည့်အချက်ပင်ဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ကျွမ်းကျင်သူများက ပြောသည်။

## ပို၍ပင်အရေးကြီး

နောက်ထပ် အပိုဆောင်း၍ ကာကွယ်ဆေးထိုးမပေးခင် တစ်ကြိမ်တစ်ခါမျှ ကာကွယ်ဆေး မထိုးရသေးသူများကို ထိုးပေးရန်မှာ ပို၍ပင်အရေးကြီးသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူက ပြောသည်။

တစ်ကြိမ်သာထိုးရန် လိုအပ်သည့် J&J ကာကွယ်ဆေးကို တောင်အာဖရိကတွင် ထုတ်လုပ်ပြီးနောက် ဥရောပသို့တင်ပို့ရန် ပြင်ဆင်ခဲ့သည်။ J&J ကုမ္ပဏီအနေဖြင့်လည်း ၎င်းတို့ထုတ်လုပ်သည့် ကာကွယ်ဆေးကို ပြည့်စုံလုံလောက်ပြီးသား ဥရောပနိုင်ငံများသို့တင်ပို့ရန် မစဉ်းစားမီ အာဖရိကသို့ တင်ပို့ရန်သာ ဦးစားပေးစဉ်းစားသင့်သည်ဟု ၎င်းက တိုက်တွန်းခဲ့သည်။

## လုံးပါးပါးနေရဦးမည်

ကာကွယ်ဆေးဖြန့်ဝေပေးရာတွင် မျှတမှုမရှိခြင်းမှာ လူသားမျိုးနွယ်အတွက် ရက်ဖွယ်လိလိကိစ္စရပ်ဖြစ်သကဲ့သို့ ယင်းပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိပါက နှစ်ပေါင်းများစွာကြာအောင် ဗိုင်းရပ်စ်နှင့် လုံးပါးပါးနေရဦးမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ တောင်အာဖရိကမှ အင်န်ဂျီအိုများကလည်း တောင်အာဖရိကမှာ ကာကွယ်ဆေးများတင်ပို့မှုကို ရှုတ်ချခဲ့ကြသည်။

ယခုအချိန်အထိ အာဖရိကတွင် လူပေါင်း ၁ ဒသမ ၃ ဘီလီယံသာ ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးရသေးသည့်အချိန်တွင် ဥရောပသို့တင်ပို့ရခြင်းကို ရှုတ်ချပြောဆိုခဲ့ကြသည်။

## ထုတ်ပြန်ခဲ့

တောင်အာဖရိကတွင် ထုတ်လုပ်ပြီးသော ကာကွယ်ဆေးများကို မတ်လတွင် ဥရောပနှင့် အမေရိကန်ပြည်ထောင်စုတို့သို့ တင်ပို့ခဲ့ကြောင်း အင်န်ဂျီအိုများက ဩဂုတ် ၁၇ ရက်တွင် ကြေညာချက် ထုတ်ပြန်ခဲ့သည်။

J&J ကုမ္ပဏီသည်လည်း ကာကွယ်ဆေးကို ချမ်းသာသည့်နိုင်ငံများသို့ ဦးစားပေးကာ တင်ပို့ခဲ့သည့်အတွက် ကာကွယ်ဆေးအဆင့်အတန်းခွဲခြားမှုတွင် ကြံရာပါပင်ဖြစ်သည်ဟု တောင်အာဖရိကအင်န်ဂျီအိုတစ်ခုဖြစ်သည့် ကျန်းမာရေးမျှတမှုလှုပ်ရှားမှုအသင်းမှ ဖာတီမာဟတ်ဆန်က အေအက်ဖ်ပီသို့ ပြောသည်။ ။

ကိုးကား - အေအက်ဖ်ပီ

# ဩဂုတ် ၁၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၅၉၀ တွေ့ရှိ

## ထပ်မံသေဆုံးသူ ၁၅၉ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၃၉၄၅ ဦးရှိ

(၁၉-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅) နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါ တစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၈-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၅၄၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၅၉၀) ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၃၉၅,၁၂၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၆၅,၇၅၉) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃,၈၉၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၂၈၆,၇၇၅)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၅၉) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၃,၉၄၅) ဦး ရှိပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၁၉-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၆၆၇)ခု | (၁၄၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၀)ခု | (၂၆)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၀၈)ခု | (၃၃)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၂၅)ခု | (၁၁၂)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၅၈)ခု | (၂၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၂၄၅)ခု | (၃၉၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၄၆၃)ခု | (၁,၈၅၃)ဦး |
| စုစုပေါင်း | (၁၁,၅၄၆)ခု | (၂,၅၉၀)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ကျန်းမာရေးဝန်ကြီးဌာနမှ ပြည်သူသို့ အသိပေးပန်ကြားချက်

ပြည်သူတို့အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်မှသာ လုပ်ငန်းများအချိန်တိုအတွင်း အောင်မြင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ အချက်များကို အားလုံး ကိုယ်စီလိုက်နာကြပါရန် အသိပေး ပန်ကြားအပ်ပါသည်-

၁။ တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ပါ၊

၂။ အိမ်တွင် ဧည့်သည်လက်ခံခြင်း လုံးဝမပြုပါနှင့်၊ မိမိကိုယ်တိုင်လည်း ဧည့်သည်အဖြစ် သွားရောက်ခြင်း လုံးဝမပြုပါနှင့်၊

၃။ အိမ်တွင် အသက်(၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ (သို့မဟုတ်) ဆီးချို၊ သွေးတိုး၊ နှလုံး..စသည့် နာတာရှည်ရောဂါ တစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို တပ်ဆင်ထားစေပါ၊ လေဝင်လေထွက်ကောင်းသည့်နေရာတွင် နေစေပါ၊

၄။ မဖြစ်မနေအပြင်ထွက်ရပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို မဖြစ်မနေတပ်ဆင်ပါ၊ လက်ကို စနစ်တကျဆေးကြောပါ၊ အခြားသူများနှင့် (၆)ပေအကွာ ခပ်ခွာခွာနေပါ၊ လေဝင်လေထွက်မကောင်းသော အခန်းများသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ပါ၊

၅။ လူစုလူဝေး လုံးဝရှောင်ကြဉ်ပါ၊

၆။ ဖြစ်နိုင်ပါက တစ်ပတ်လျှင် တစ်ကြိမ်ခန့်သာ ဈေးဝယ်ယူပါ၊ ပါးစပ်နှင့်နှာခေါင်းစည်း စနစ်တကျ တပ်ဆင်ထားခြင်းမရှိသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်၊

၇။ အပြင်ထွက်ရာမှ အိမ်ပြန်ရောက်သောအခါတွင် အိမ်သို့ရောဂါပိုးများ သယ်ဆောင်လာခြင်းမရှိစေရန် သတိပြုပါ၊ အသုံးပြုပြီးသော ပါးစပ်နှင့်နှာခေါင်းစည်း(Mask)နှင့် တစ်ခါသုံးပစ္စည်းများကို အိမ်အပြင်တွင် စနစ်တကျစွန့်ပစ်ပါ၊ အဝတ်အစားမလဲမီ/ ကိုယ်လက်သန့်စင်ခြင်းမပြုမီ အိမ်သားများနှင့် အနီးကပ်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ၊

၈။ အလှည့်ကျရရှိသော ကာကွယ်ဆေးသည် မိမိအတွက် အကောင်းဆုံးဖြစ်၍ ကာကွယ်ဆေးထိုးနှံခြင်းကို အကြိမ်ပြည့်ခံယူပါ၊ ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ၊

၉။ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တတ်နိုင်သည့်ဘက်မှ လူအင်အား၊ ငွေကြေး၊ ပစ္စည်း၊ ကျွမ်းကျင်မှုပညာရပ်များဖြင့် စနစ်တကျပါဝင် ပူးပေါင်းပံ့ပိုးပေးကြပါရန် ဖြစ်ပါ သည်။

ကျန်းမာရေးဝန်ကြီးဌာန (၂ - ၈ - ၂၀၂၁)

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၉**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများကို လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ် အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ၁၉-၈-၂၀၂၁ရက်နေ့၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီ ၂၅ ခုမှ၊ Favipiravir Tablets ၁၈၈၁ ခု၊ Tast Kit ၆၇၆၀၊ LCD (Patient Monitor) ၃၀၊ Oximeter ၁၆၆၃ ခု၊ Oxygen Concentrator ၇၃၉ ခု၊ Oxygen Mask ၅၀၀၀၊ Oxygen Sensor ၃၀၊ ရန်ကုန်ဆိပ်ကမ်းများမှ ကိုဗစ်-၁၉ ကာကွယ် ကုသဆေးနှင့် အခြားဆေးမျိုးစုံ ၅၄၇၀၅ ဒသမ ၆၉ kg ၊ နယ်စပ်(မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီ၊ တာချီလိတ်) တွင် ကုမ္ပဏီ ၂၃ ခုမှ Oxygen Clider ၆၅၂၅ ခု၊ Oxygen Concentrator ၅၉၆ ခု၊ Mask ၆၅၅၃၈ခု၊ Liquid Oxygen ၁၅၀၈၀ ဒသမ ၁ kg၊ Liquid Oxygen တန် ၂၀၊ Flow Meter ၆၃၀၀၊ PPE ၂၆၈၅၀၊ Oxygen Mask ၁၅၀၀၊ Trolley ၃၅၀၊ Disposable Syringe ၂၂၁၆၀၊ Face Shield ၁၀၂ kg ၊ Goggle ၂၈၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဒီလိုမျိုးကာကွယ်ဆေးရဲ့ ကောင်းတဲ့အချက်တွေကို သိရှိတဲ့အခါ ကာကွယ်ဆေးထိုးခြင်း ခံယူလိုသူတွေများလာတာနဲ့ အမျှ ကျင့်ဝတ်နဲ့မညီတဲ့ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူတွေက ကာကွယ်ဆေးအတုတွေ ရောင်းချလာပါတယ်၊ ဝယ်တဲ့လူတွေကလည်း ဝယ်ယူသုံးစွဲတဲ့ဖြစ်စဉ်တွေ တွေ့လာရပါတယ်

ဒေါက်တာ သန်းနိုင်စိုး

## ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်

### ထက်လှျံ

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဩဂုတ် ၁၈ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

အစီအစဉ်မှူး ။ ။ နိုင်ငံတစ်ဝန်း ကိုဗစ် – ၁၉ တတိယလှိုင်း ဖြစ်ပွားနေတာနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာ သန်းနိုင်စိုးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးနဲ့ပတ်သက်ပြီး ကာကွယ်ဆေးတွေကို စနစ်တကျ တင်သွင်းဖို့ ကြေညာချက်တွေ ထုတ်ပြန်ထားတာရှိပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး ပြောကြားပေးပါဦး။

**ဒေါက်တာသန်းနိုင်စိုး** ။ ။ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေး အတုတွေနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ အချက်တွေရှိပါတယ်။ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးနဲ့ ပတ်သက်ပြီး တင်သွင်းရမယ့် စည်းမျဉ်းစည်းကမ်းတွေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့ ပတ်သက်ပြီး ဝန်ကြီးဌာနက ထုတ်ပြန်ထားတာတွေကို တင်ပြပေးသွားမှာ ဖြစ်ပါတယ်။ နောက်တစ်ခုက ဈေးကွက်အတွင်းမှာ အခြေခံအိမ်သုံးဆေးဝါးတွေ ဈေးကြီးမြင့်နေမှုနဲ့ ပတ်သက်ပြီး ပြည်သူများ သိရှိသင့်တဲ့ ကျန်းမာရေး အသိပညာ အခြေခံအချက်အလက်တွေကို တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဩဂုတ်လ ၁၂ ရက် ရက်စွဲနဲ့ "ပြည်သူသို့ အသိပေးချက်" ဆိုပြီး ထုတ်ပြန်ခဲ့ပါတယ်။ ဒါကို နိုင်ငံပိုင်မီဒီယာတွေကနေ ထည့်သွင်းဖော်ပြလျက်ရှိပါတယ်။ ဒါကိုတင်ပြရရင် "ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ခြင်းအတွက် ကမ္ဘာ့ကျန်းမာရေး အဖွဲ့မှ အသိအမှတ်ပြုထားသော အရည်အသွေးကောင်းမွန်၍ ဘေးကင်းစိတ်ချရသော ကာကွယ်ဆေးများ ဝယ်ယူ၍ ဦးစားပေးအုပ်စုများ သတ်မှတ်ကာ ကိုဗစ် – ၁၉ ရောဂါကြောင့် သေဆုံးမှု ကျဆင်းရေး၊ ကူးစက်မှုကွင်းဆက် ပြတ်တောက်ရေးနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေး ဦးတည်ချက်များထားရှိကာ Coronavirus Disease 2019 (COVID – 19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ပြည်သူလူထုအား ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိပါသည်။ ကာကွယ်ဆေးများ ထိုးနှံရာတွင် အရည်အသွေးကောင်းမွန်၍ ဘေးကင်းစိတ်ချရသော ကာကွယ်ဆေးများ ဖြစ်စေရန် ထုတ်လုပ်သည့်ကုမ္ပဏီများမှတရားဝင်ရောင်းချပြီး အအေးလမ်းကြောင်းမပြတ် ထားသိုသိမ်းဆည်းထားသည့် ကာကွယ်ဆေးများဖြစ်ရန် လိုအပ်ပါသည်" ဟု ဖော်ပြထားပါတယ်။

ဒါက တော်တော် အရေးကြီးပါတယ်။ အဓိက ထုတ်လုပ်တဲ့ကုမ္ပဏီကနေပြီး တရားဝင်မြန်မာနိုင်ငံမှာ ရောင်းပါဆိုပြီး Letter of Authorization (LoA) ခေါ်ပါတယ်။ ဒီလိုမျိုးပေးထားတဲ့ တင်သွင်းသူဖြစ်ဖို့ လိုပါတယ်။ ဒါက နံပါတ် ၁ အရေးကြီးဆုံး အချက်ဖြစ်ပါတယ်။ နောက်တစ်ခုက ဒီဆေးကို မြန်မာနိုင်ငံအတွင်းမှာ တရားဝင်ရောင်းချရမယ်၊ အအေးလမ်းကြောင်း မပြတ်ဖို့ဆိုတာ ပါပါတယ်။ အအေးလမ်းကြောင်းသည် ကာကွယ်ဆေးရဲ့ ဘေးကင်းလုံခြုံစိတ်ချရမှု၊ ဆေးအာနိသင် ထက်မြက်မှုနဲ့ အရည်အသွေး ကောင်းမွန်မှုအတွက် မရှိမဖြစ် လိုအပ်တဲ့အရာဖြစ်ပါတယ်။

ဒ့ါအပြင် ပြည်သူလူထုသို့ အသိပေးချက်တွင် "ယခုအခါ ဈေးကွက်အတွင်းမှာ ကာကွယ်ဆေးအတုအပများ Online မှတစ်ဆင့်သော်လည်းကောင်း၊ အခြားနည်းလမ်းဖြင့်သော် လည်းကောင်း ရောင်းချလက်ရှိကြောင်း၊ အဆိုပါ ကာကွယ်ဆေးများသည် တရားဝင်တင်သွင်းလာသည့် ကာကွယ်ဆေးများ မဟုတ်သောကြောင့် ရောဂါကာကွယ်နိုင်ခြင်းမရှိသည့်အပြင် ဘေးအန္တရာယ်ဖြစ်ပွားနိုင်သောကြောင့် ကျန်းမာရေးဝန်ကြီးဌာနက တရားဝင်အသိအမှတ်ပြုထားသော ကာကွယ်ဆေးများကိုသာ ထိုးနှံကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ကာကွယ်ဆေးအတုအပများ တင်သွင်း၍ ရောင်းချခြင်း သို့မဟုတ် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် "ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးများ တင်သွင်းဖြန့်ဖြူးရာတွင် လိုက်နာရမည့်အချက်များ" အား လိုက်နာခြင်းမရှိဘဲ တင်သွင်းဖြန့်ဖြူးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာန (၁၂ – ၈ – ၂၀၂၁)" ဟု ထုတ်ပြန်ထားတာ ရှိပါတယ်။

အဓိက ကာကွယ်ဆေးက ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် အလွန်ကောင်းမွန်ပါတယ်။ ရေရှည်မှာလည်း ဒီကာကွယ်ဆေး ရှိမှသာလျှင် ရောဂါဖြစ်ပွားမှု လှိုင်းတွေကို ကာကွယ်နိုင်မယ်၊ ကာကွယ်ဆေးထိုးထားရင် ရောဂါပြင်းပြင်းထန်ထန် ဖြစ်ပွားတာ၊ ဆေးရုံတက်ရောက်ရတာ၊ ရောဂါကြောင့် အသက်သေဆုံးရတာတွေကို လျှော့ချနိုင်တယ်ဆိုတာက တစ်ကမ္ဘာလုံး သိရှိပြီးသား အချက်တွေဖြစ်ပါတယ်။ ဒီလိုမျိုး ကာကွယ်ဆေးရဲ့ ကောင်းတဲ့အချက်တွေကို သိရှိတဲ့အခါ ကာကွယ်ဆေးထိုးခြင်း ခံယူလိုသူတွေ များလာတာနဲ့အမျှ ကျင့်ဝတ်နဲ့မညီတဲ့ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူတွေက ကာကွယ်ဆေးအတုတွေ ရောင်းချလာပါတယ်။ ဝယ်တဲ့လူတွေကလည်း ဝယ်ယူသုံးစွဲတဲ့ ဖြစ်စဉ်တွေ တွေ့လာရပါတယ်။

အဲဒီအခါမှာ ကာကွယ်ဆေးအတုတွေကြောင့် တကယ့်ကာကွယ်ဆေးအစစ်ရဲ့ အာနိသင်ဖြစ်တဲ့ ရောဂါကာကွယ်မှု မရရှိဘဲ တစ်နည်းအားဖြင့် ခန္ဓာကိုယ်ထဲမှာ ကိုဗစ်–၁၉ ရောဂါကို ကာကွယ်ပေးမယ့် ပဋိပစ္စည်းတွေ ထွက်လာမှုမရှိဘဲနဲ့ အန္တရာယ်ပဲ ဖြစ်စေမယ်ဆိုရင် ဒါသည်ကျင့်ဝတ်အရလည်း မဆောင်ရွက်သင့်တဲ့ကိစ္စဖြစ်ပါတယ်။ ဒါကြောင့် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူလူထုသို့ အသိပေးချက်ဆိုပြီး ထုတ်ပြန်ရခြင်း ဖြစ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနရဲ့ ပြည်သူသို့အသိပေးချက်ထဲမှာလည်း "ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ တင်သွင်း ဖြန့်ဖြူးရာတွင် လိုက်နာရမည့်အချက်များ" လို့ ရည်ညွှန်းထားတာ ပါပါတယ်။ ဒါကိုစနစ်တကျ လိုက်နာရမှာ ဖြစ်ပါတယ်။ ဒီလိုက်နာရမည့် အချက်တွေနဲ့ ပတ်သက်ပြီး ဝန်ကြီးဌာနအနေနဲ့ ထုတ်ပြန်ထားတာ ရှိပါတယ်။ ဩဂုတ်လ ၁၁ ရက် ရက်စွဲနဲ့ "ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးများ တင်သွင်းဖြန့်ဖြူးရာတွင် လိုက်နာရမည့်အချက်များ" ဆိုပြီး ထုတ်ပြန်ခဲ့တာ ရှိပါတယ်။

အဲဒီမှာ "ပုဂ္ဂလိကဆေးဝါးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများအနေဖြင့် နိုင်ငံတကာနှင့် အာရှဒေသတွင် ထိုးနှံဆောင်ရွက်နေသော အရည်အသွေး အာနိသင်ရှိပြီး ဘေးအန္တရာယ် ကင်းရှင်းသည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးများကို မိမိတို့အစီအစဉ်ဖြင့် တင်သွင်းဖြန့်ဖြူးခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်း ဆောင်ရွက်လိုပါက အောက်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်" ဆိုပြီး ကာကွယ်ဆေးတင်သွင်းရာတွင် လိုက်နာရမည့်အချက်တွေ ၁၁ ချက် ရှိပါတယ်။

ဒီလိုက်နာရမည့်အချက် ၁၁ ချက်ထဲမှာ နံပါတ် ၁ အချက်က အရေးကြီးပါတယ်။ ဒါက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနကို လျှောက်ထားရပါမယ်။ ဒီလိုလျှောက်ထားတဲ့အခါ လိုအပ်တာက Letter of Authorization from Owner ဆိုတဲ့ မူလကာကွယ်ဆေးထုတ်လုပ်တဲ့ ကုမ္ပဏီကနေပြီး သူ့ရဲ့ ကာကွယ်ဆေးကို မြန်မာနိုင်ငံမှာ ရောင်းချခွင့်ပြုတယ်ဆိုတဲ့ အသိအမှတ်ပြုတဲ့စာ ဒါက အရေးကြီးပါတယ်။ ဥပမာ – Sino–pharm ကာကွယ်ဆေးတွေကို မြန်မာနိုင်ငံမှာ ဒီပုဂ္ဂိုလ်ကို မြန်မာနိုင်ငံအတွက် တင်သွင်းရောင်းချခွင့်ပြုတယ်ဆိုတဲ့ မူလထုတ်လုပ်တဲ့ ကုမ္ပဏီက အသိအမှတ်ပြုတဲ့ စာရွက်စာတမ်းလိုအပ်ပါတယ်။ သို့မဟုတ်ပါက မူလကာကွယ်ဆေး ထုတ်လုပ်တဲ့ ကုမ္ပဏီက အသိအမှတ်မပြုဘဲ တခြားနည်းလမ်းဖြင့်ရတာ တစ်နည်းအားဖြင့်စထွက်တဲ့ နေရာမှာကတည်းက အတုဖြစ်နိုင်ပါတယ်။ ဒီလိုမျိုးမဖြစ်အောင်ပါ။ ဒါက နံပါတ် ၁ အရေးကြီးဆုံး ဖြစ်ပါတယ်။ ကာကွယ်ဆေး စတင်ထုတ်လုပ်တဲ့နေရာက အသိအမှတ်ပြုရမယ်။ မူရင်းကုမ္ပဏီရဲ့ Letter of Authorization (LoA) ပါရပါမယ်။

ဒ့ါအပြင် NRA လို့ခေါ်တဲ့ National Regulatory Authority သို့မဟုတ် Food and Drug Administration ပါ။ သက်ဆိုင်ရာနိုင်ငံရဲ့ FDA သို့မဟုတ် ကာကွယ်ဆေးနဲ့ပတ်သက်ပြီး အသိအမှတ်ပြုတဲ့ အစိုးရအဖွဲ့အစည်းကနေ အသိအမှတ်ပြုတာရှိရမယ်။ ကာကွယ်ဆေးထုတ်လုပ်သူတွေရဲ့ ကုမ္ပဏီ Profile ကလည်း ကောင်းမွန်ရမယ်။ GMP Certificate လို့ခေါ်တဲ့ Good Manufacturing Practices Certificate ထုတ်လုပ်မှု နည်းလမ်းစဉ် ကောင်းမွန်တဲ့ လက်မှတ်တွေ တင်ပြနိုင်ရမယ်။ Product Characteristics ဆိုတာ တစ်နည်းအားဖြင့် ဒီအထဲမှာ ပါဝင်တဲ့ဆေးရဲ့ အမည်တွေ၊ အထဲမှာ ဘာတွေ ပါဝင်တယ်ဆိုတာမျိုး စုံစုံလင်လင် ပါရမယ်။

နောက်တစ်ခုက Batch or Lot Number ဖြစ်ပါတယ်၊ ဒီလိုဆေးတွေကို ထုတ်တဲ့အခါ အတွဲလိုက် ထုတ်ရပါတယ်။ ဒီအပေါ်မှာ မူတည်ပြီး ဆေးက အာနိသင်ပိုကောင်းလား၊ တစ်ခါတလေ ဆေးက အာနိသင် နည်းသလား

- **မိမိဝယ်ယူသုံးစွဲတဲ့ ဆေးကတ် သို့မဟုတ် ဘူးခွံအပေါ်မှာ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနက အသိအမှတ်ပြုတဲ့ မှတ်ပုံတင်လက်မှတ်** Myanmar Registration Number **ပါ/မပါ ကြည့်ရပါမယ်။ နောက်ပြီး ထုတ်လုပ်တဲ့ရက်၊ သက်တမ်းကုန်ဆုံးမယ့်ရက်တွေကို ရှင်းလင်းစွာဖော်ပြထားရမယ်။ ထုပ်ပိုးမှုစနစ်ကောင်းမွန်ပြီး ဆေးညွှန်းအမှတ်အသားတွေ၊ ပါဝင်ပစ္စည်းတွေကို ပြည့်စုံရှင်းလင်းစွာ ဖော်ပြထားရပါမယ်။ ဆရာဝန်ညွှန်းဆိုမှုနဲ့သောက်ရမယ့် ဆေးတွေဆိုရင် တတ်ကျွမ်းနားလည်တဲ့ ဆေးပညာရှင်ရဲ့ ညွှန်ကြားမှု၊ တိုင်ပင်မှုနဲ့ ဝယ်ယူသင့်ပါတယ်**

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ဒါတွေမှာ ပြန်ကြည့်ဖို့လိုအပ်တဲ့အခါ Batch Number / Lot Number က အရေးကြီးပါတယ်။ ဆေးထုတ်လုပ်တဲ့ ကုမ္ပဏီကလည်း သူ့ရဲ့ထုတ်လုပ်မှု နည်းလမ်းစဉ်မှာကို အပြစ်တစ်ခုခုတွေ့ရတတ်ပါတယ်။ ဒီ Batch က မကောင်းဘူး ပယ်ဖျက်မယ်ဆိုပြီး ဘယ်နိုင်ငံကို ဆေးက ရောက်နေသလဲဆိုတာ လိုက်လံစစ်ဆေးကြည့်ဖို့အတွက် Batch Number/ Lot Number က အရေးကြီးပါတယ်။

နောက်ပြီး Patient Information ဖြစ်တဲ့ လူနာတွေအနေနဲ့ လိုက်နာရမယ့်အချက်တွေ ပါဝင်တဲ့ ကာကွယ်ဆေးရဲ့ ဆေးညွှန်းနဲ့ အကျိုးသက်ရောက်မှုတွေ ဖော်ပြထားတဲ့ စာရွက်ဖြစ်ပါတယ်။ ဒီစာရွက်ထဲမှာ ကာကွယ်ဆေးရဲ့ အာနိသင်၊ ဆေးရဲ့ ဘေးထွက်ဆိုးကျိုးနဲ့ ဆေးမထိုးသင့်သူတွေ ဒါတွေ ပါဝင်ပါတယ်။ Container Labeling ဆိုတာ ကွန်တိန်နာထဲမှာပါတဲ့ တံဆိပ်ဖြစ်ပါတယ်။ Storage and Distribution Plan က ဆေးကို ဘယ်လိုမျိုးသိုလှောင်ထားမလဲ၊ ဘယ်လိုမျိုးဖြန့်ဖြူးမလဲ ဒီအချက်အလက်တွေ လိုအပ်ပါတယ်။ အားလုံးပြန်ကြည့်လိုက်ရင် နံပါတ် ၁ အချက်မှာ အချက် ၈ ချက် ရှိပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဒါကိုထုတ်ပြန်ရတဲ့ ရည်ရွယ်ချက်က နိုင်ငံတကာမှာလည်း ကာကွယ်ဆေး တင်သွင်းထိုးနှံခြင်းကို ကုမ္ပဏီတွေအနေနဲ့ (သို့မဟုတ်) အစိုးရမဟုတ်တဲ့ ပုဂ္ဂလိကကျန်းမာရေးကဏ္ဍကနေ ဆောင်ရွက်တာရှိပါတယ်။ ကာကွယ်ဆေးရဲ့ သဘောကိုက လူသားတွေရဲ့ ကျန်းမာရေးကို အကျိုးပြုတဲ့ Public Good တစ်ခုပါ။ အများပြည်သူက သုံးစွဲနိုင်တဲ့ပစ္စည်းလည်း ဖြစ်ရမယ်။ ဒီအခါ နိုင်ငံတော်အစိုးရအနေနဲ့ ထိုးနှံပေးခြင်းတွေအပြင် ပုဂ္ဂလိကကဏ္ဍကလည်း စနစ်တကျ အရည်အသွေးရှိရှိ၊ ကောင်းကောင်းမွန်မွန် ထိုးနှံပေးနိုင်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံအတွင်းမှာ ကာကွယ်ဆေးရဲ့ လွှမ်းခြုံနိုင်မှုအနေနဲ့ တိုးတက်မှု မြန်မြန်ရရှိမှာ ဖြစ်ပါတယ်၊ နိုင်ငံတော်အနေနဲ့ ထိုးနှံပေးမယ်၊ ပုဂ္ဂလိကကျန်းမာရေးကဏ္ဍကလည်း ထိုးမယ်ဆိုရင် ကာကွယ်ဆေးလွှမ်းခြုံမှု ကောင်းမွန်သွားမှာ ဖြစ်ပါတယ်။ **ဒီလိုရရှိအောင် ဆောင်ရွက်တဲ့အခါ ကာကွယ်ဆေးအတုတွေ ဝင်လာပြီး နည်းလမ်းမကျ၊ စနစ်မကျတာတွေ မဖြစ်စေရေးအတွက် စနစ်တကျနဲ့ ပူးပေါင်းဆောင်ရွက်ပြီး အရည်အသွေးအပြည့်နဲ့ ဘေးကင်းစိတ်ချရတဲ့၊ အာနိသင်ထက်မြက်တဲ့ ကာကွယ်ဆေးတွေကို ပြည်သူတွေ အမြန်ရရှိဖို့အတွက် ဝန်ကြီးဌာနအနေနဲ့ ဒီလိုလမ်းညွှန်ချက်တွေ ထုတ်ပြန်တာဖြစ်ပါတယ်။**

အခြားအချက်တွေအနေနဲ့ တင်သွင်းခွင့်ပြုပြီး ရရှိရင် FDA ကို အဆိုပြုတင်ပြထားလို့ ခွင့်ပြုချက်ရထားတဲ့ ဆေးရုံ၊ ဆေးခန်းမှာ ထိုးနှံရမယ်။ FDA ရဲ့ သတ်မှတ်ချက်အရ ပြင်ပဆေးဆိုင်တွေမှာ မရောင်းရဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒါသည်ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ရဲ့ အရေးပေါ်အသုံးပြုခွင့်ပဲ ရသေးတယ်။ Full Authorization မဟုတ်သေးတဲ့အတွက် အပြင်ဆေးဆိုင်တွေကို လုံးဝ (လုံးဝ) ဖြန့်ဖြူးရောင်းချခွင့် မရှိပါဘူး။ သတ်မှတ်ထားတဲ့ စုရပ်တွေနဲ့ သတ်မှတ်ထားတဲ့ အစီအစဉ်အတိုင်း ထိုးရမယ်။ နောက်ပြီး ပြည်သူလူထုကို ကြိုတင်အသိပေးတာ၊ စီမံခန့်ခွဲမှုတွေ ဆောင်ရွက်ထားတာတွေကို တင်ပြဖို့လိုပါတယ်။

နံပါတ် ၅ အချက်မှာ ကာကွယ်ဆေးကို တင်သွင်းဖြန့်ဖြူးခွင့်ရရှိသူသည် ဆေးဝါးတင်သွင်းခွင့် လက်မှတ်ရရှိထားသူ ဖြစ်ရမယ်။ အမျိုးသားဆေးဝါး ဥပဒေနှင့် အမိန့်ကြေညာစာပါ စည်းကမ်းချက်များကို လိုက်နာရမယ်။ ကာကွယ်ဆေးများ သိုလှောင်ရာတွင် အသုံးပြုသည့် အအေးလမ်းကြောင်းမပြတ်ဖို့ အသေးစိတ်တင်ပြထားတာရှိတယ်။ ကာကွယ်ဆေးအမျိုးအစားအလိုက် အအေးလမ်းကြောင်းထိန်းတဲ့စနစ်က အလွန်အရေးကြီးပါတယ်။ အချို့ကာကွယ်ဆေးဆိုရင် အပေါင်း ၂ မှ ၈ ဒီဂရီအထိ ထားပေးရတယ်။ အချို့ကာကွယ်ဆေးတွေဆိုရင် တော်တော်အေးမှရတယ်။ အနှုတ် ၇၀ ဒီဂရီစင်တီဂရိတ်ထိ ထားရတာတွေရှိတယ်။ ဒါကြောင့် လိုအပ်တဲ့ သင်တန်းပေးခြင်း၊ ရေခဲသေတ္တာများ တပ်ဆင်ခြင်းကို ကျန်းမာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

> ❑ **ကာကွယ်ဆေးထိုးနှံရာမှာ ပူးပေါင်းဆောင်ရွက်ရမယ့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းတွေနဲ့ ဆေးထိုးစုရပ်များရဲ့ အမည်စာရင်းကို ကျန်းမာရေးဝန်ကြီးဌာနကိုတင်ပြပြီး ခွင့်ပြုချက်ရယူရမှာ ဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးနှံပေးမည့်သူတွေဟာ ကာကွယ်ဆေးထိုးနှံခြင်းနဲ့ ပတ်သက်၍လည်းကောင်း၊ ကာကွယ်ဆေးထိုးပြီး နောက်ဆက်တွဲဖြစ်ရပ်များကို စီမံခန့်ခွဲခြင်း သင်တန်းတက်ရောက်ပြီးသူများသာ ဖြစ်ရမယ်။ လိုအပ်ပါကလည်း ကျန်းမာရေးဝန်ကြီးဌာနက သင်တန်းပို့ချပေးမှာ ဖြစ်ပါတယ်**

**ဆေးက မတော်တဆနဲ့ထားရမယ့် အပူချိန်မှာ မရှိရင် အေးလွန်းသွားလို့ ဆေးက ခဲသွားရင် မကောင်းတော့တာ၊ ပူလွန်းရင်လည်း ဆေးရဲ့ အာနိသင် ပျက်သွားတာရှိပါတယ်။ အအေးလမ်းကြောင်း မပြတ်ဖို့က အလွန်အရေးကြီးပါတယ်။ သိုလှောင်ခြင်း၊ ပို့ဆောင်ခြင်းတွေကို အအေးလမ်းကြောင်းမပြတ် ဆောင်ရွက်နိုင်ဖို့လိုပါတယ်။ အအေးလမ်းကြောင်းကျွမ်းကျင်တဲ့ ဝန်ထမ်းတွေကို ခန့်ပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။** အအေးလမ်းကြောင်းမှတ်တမ်းကို အပူချိန်မှတ်တမ်းလို့ ခေါ်ပါတယ်။ ဒါကိုသက်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက တောင်းခံစစ်ဆေးပါက အချိန်မရွေး တင်ပြနိုင်ဖို့ စီစဉ်ထားရမယ်။ လိုအပ်ရင် ကျန်းမာရေးဝန်ကြီးဌာနက အွန်လိုင်းသင်တန်းပေးမှာ ဖြစ်ပါတယ်။

နောက်တစ်ခုက ကာကွယ်ဆေးထိုးနှံပြီးရင် သတင်းပို့တဲ့ စနစ်ပါ။ နေပြည်တော်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ် ကိုဗစ် – ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနဲ့ ချိတ်ဆက်ပြီး ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိတဲ့ Vaccine Management Information System ကာကွယ်ဆေးထိုးနှံတာနဲ့ ပတ်သက်တဲ့ သတင်းပို့စနစ်ကို အချက်အလက်တွေ ထည့်သွင်းပေးရပါမယ်။ ဒါမှ စာရင်းဇယားတွေ အားလုံးက တစ်နေရာတည်းမှာ စုစုစည်းစည်းဖြစ်မှာ ဖြစ်ပါတယ်။ သီးခြားစနစ်ထူထောင်ပြီး မှတ်ပုံတင်တာ၊ ကာကွယ်ဆေးမှတ်တမ်းထုတ်တာတွေကို မပြုလုပ်ရပါဘူး။ နောက်ပိုင်း နိုင်ငံခြားသွားမယ်ဆိုရင် ကာကွယ်ဆေးထိုးနှံပြီးစီးမှု လက်မှတ်လိုတဲ့အခါ National System ထဲမှာ ဝင်သလား၊ မဝင်ဘူးလားဆိုတာ စကားပြောလာမှာဖြစ်ပါတယ်။ ဒါကြောင့် သတင်းပို့စနစ်တစ်ခုတည်းမှာ ပူးပေါင်းဆောင်ရွက်ရပါမယ်။

ကာကွယ်ဆေးထိုးနှံရာမှာ ပူးပေါင်းဆောင်ရွက်ရမယ့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းတွေနဲ့ ဆေးထိုးစုရပ်များရဲ့ အမည်စာရင်းကို ကျန်းမာရေးဝန်ကြီးဌာနကို တင်ပြပြီး ခွင့်ပြုချက်ရယူရမှာ ဖြစ်ပါတယ်။ ကာကွယ်ဆေး ထိုးနှံပေးမည့်သူတွေဟာ ကာကွယ်ဆေးထိုးနှံခြင်းနဲ့ ပတ်သက်၍လည်းကောင်း၊ ကာကွယ်ဆေးထိုးပြီး နောက်ဆက်တွဲဖြစ်ရပ်များကို စီမံခန့်ခွဲခြင်း သင်တန်းတက်ရောက်ပြီးသူများသာ ဖြစ်ရမယ်။ လိုအပ်ပါကလည်း ကျန်းမာရေးဝန်ကြီးဌာနက သင်တန်းပို့ချပေးမှာ ဖြစ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနက ကာကွယ်ဆေးထိုးပေးသူများအား ပုဂ္ဂလိက အစီအစဉ်ဖြင့် ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်ခွင့်မပြုဘူးလို့ ပါပါတယ်။ ကာကွယ်ဆေးထိုးပြီးနောက် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများနှင့် ပတ်သက်၍ စောင့်ကြပ်ကြည့်ရှုခြင်း၊ သတင်းပို့ခြင်းကို ကျန်းမာရေး ဝန်ကြီးဌာနရဲ့ သတင်းပို့စနစ်အတိုင်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးပြီး ပြင်းထန်တဲ့ နောက်ဆက်တွဲဖြစ်ရပ်တွေ ဖြစ်ပေါ်လာပါက သက်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ချက်ချင်းသတင်းပေးပို့ရမှာ ဖြစ်ပါတယ်။

နံပါတ် ၁၁ အချက်က တင်သွင်းမယ့် ကာကွယ်ဆေးတွေနဲ့ပတ်သက်ပြီး ကာကွယ်ဆေး အစစ်အမှန်ဖြစ်ခြင်း၊ ကာကွယ်ဆေးများ အသုံးပြု၍ ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲ ဖြစ်ရပ်များကို တင်သွင်းသူများက တာဝန်ယူကြောင်း ကတိခံဝန်ချက်ကို လက်မှတ်ရေးထိုး၍ တင်သွင်းခွင့်လျှောက်ထားရမှာ ဖြစ်ပါတယ်။ ဒါက ကာကွယ်ဆေး တင်သွင်းထိုးနှံရာမှာ လိုက်နာရမယ့်အချက်တွေ ဖြစ်ပါ တယ်။

နောက်တစ်ခုက လူမှုရေးအသင်းအဖွဲ့တွေနဲ့ ပတ်သက်ပြီး တင်ပြထားတာလည်း ရှိပါတယ်။ သဘောတရားက တူညီနေလို့ ကျွန်တော့်အနေနဲ့ အသေးစိတ် မပြောတော့ပါဘူး။ အဓိက ကာကွယ်ဆေးအတုတွေကို ယုံပြီး မထိုးမိဖို့လိုပါတယ်။ ကာကွယ်ဆေးအတုတွေကို တင်သွင်းရောင်းချခြင်း မပြုဖို့ကိုလည်း မေတ္တာရပ်ခံလိုပါတယ်။ ဒါသည် လူ့အသက်ကို ခုတုံးလုပ်ပြီးစီးပွားရှာတဲ့ကိစ္စဖြစ်လို့ မသင့်တော်ပါဘူး။ ကာကွယ်ဆေးအတုတွေကို တင်သွင်းရောင်းချခြင်းမပြုဖို့ ပြည်သူတွေအနေနဲ့ စိတ်မချရတဲ့ ကာကွယ်ဆေးတွေ၊ ခုနတင်ပြခဲ့တဲ့ အချက်တွေနဲ့ ကိုက်ညီခြင်းမရှိတဲ့ ကာကွယ်ဆေးတွေကို ထိုးနှံခြင်းမပြုဖို့ ကျွန်တော့်အနေနဲ့ အဓိက သတင်းစကားပေးလိုပါတယ်။

အရည်အသွေးကောင်းမွန်၊ အာနိသင်ထက်မြက်၊ ဘေးကင်းလုံခြုံစိတ်ချရတဲ့ ကာကွယ်ဆေးတွေကို ပြည်သူတွေ စနစ်တကျရရှိရေးအတွက် အသိပေး၊ သတိပေးခြင်း ဆောင်ရွက်တာတွေအပြင် နိုင်ငံတော်အနေနဲ့ ပုဂ္ဂလိကကဏ္ဍအတွက် တရားဝင်လမ်းကြောင်းတွေ ဖွင့်ထားပေးတယ်ဆိုတာကို တင်ပြခြင်းဖြစ်ပါတယ်။

နောက်တစ်ခုက ဒီလို ပထမလှိုင်း၊ ဒုတိယလှိုင်းနဲ့ တတိယလှိုင်းဖြစ်ပွားမှုတွေမှာ တတိယလှိုင်းဖြစ်စဉ်က ကူးစက်မှုလည်းမြန်တယ်။ ဆက်တိုက်ကူးစက်မှုတွေကလည်း များတယ်။ ဖြစ်ပွားတဲ့သူများလာတာနဲ့အမျှ အခြေခံအိမ်သုံးဆေးဝါးတွေ ဈေးတက်တဲ့ကိစ္စတွေလည်း ရှိပါတယ်။ ဆေးဝါးတွေ ဝယ်ယူရာမှာ ကျွန်တော့်အနေနဲ့ ပြည်သူများ သိရှိသင့်တဲ့ ကျန်းမာရေးအသိပညာ အခြေခံအချက်အလက်တွေကို အကြမ်းဖျင်း တင်ပြလိုတာက ကိုယ်ဝယ်ယူတဲ့ဆေးဆိုင်က စနစ်တကျမှတ်ပုံတင်ထားတဲ့ ဆေးဆိုင် ဟုတ်၊ မဟုတ် အရင်ကြည့်ဖို့ပါ။

လိုင်စင်သက်တမ်းရှိတဲ့ ဆေးအရောင်းဆိုင် သို့မဟုတ် လုပ်ငန်းကုမ္ပဏီ၊ အဓိက တရားဝင်ဖြစ်ဖို့ လိုပါတယ်။ တရားဝင်ဖြစ်ကြောင်း အထောက်အထားရှိဖို့ လိုပါတယ်။ ဒီလိုဆေးဆိုင်မျိုးဖြစ်ဖို့ လိုပါတယ်။ အွန်လိုင်းကနေ တရားမဝင်ရောင်းချတဲ့၊ အာမခံချက်မပေးနိုင်တဲ့ မည်သည့်ဆေးဝါး ဆေးပစ္စည်းကိုမဆို ဝယ်ယူသုံးစွဲခြင်းက လုံးဝရှောင်ကြဉ်သင့်ပါတယ်။ ဆေးတွေနဲ့ပတ်သက်ပြီး အွန်လိုင်းဈေးကွက်က ရောင်းတာလည်း ဖြစ်နေတယ်။ ဒါပေမယ့် အာမခံချက်ပေးနိုင်လားဆိုတော့ မပေးနိုင်ဘူး၊ တရားဝင်လားဆိုတော့ မဝင်ဘူး၊ အန္တရာယ်ဖြစ်ရင်တောင် ဘယ်သွားပြောရမှန်းမသိဘူး ဆိုတာမျိုး ဖြစ်နေပါတယ်။ အွန်လိုင်းကနေ တရားမဝင်ရောင်းချတဲ့ ဆေးတွေကို လုံးဝသုံးစွဲခြင်းမပြုဖို့၊ တရားဝင်လိုင်စင်သက်တမ်းရှိတဲ့ ဆေးဆိုင်ကပဲ ဝယ်ယူဖို့ ဦးစွာတင်ပြလိုပါတယ်။

နောက်တစ်ခုက မိမိဝယ်ယူသုံးစွဲတဲ့ ဆေးကတ် သို့မဟုတ် ဘူးခွံအပေါ်မှာ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက အသိအမှတ်ပြုတဲ့ မှတ်ပုံတင်လက်မှတ် Myanmar Registration Number ပါ/မပါ ကြည့်ရပါမယ်။ နောက်ပြီး ထုတ်လုပ်တဲ့ရက်၊ သက်တမ်းကုန်ဆုံးမယ့်ရက်တွေကို ရှင်းလင်းစွာ ဖော်ပြထားရမယ်။ ထုပ်ပိုးမှုစနစ် ကောင်းမွန်ပြီး ဆေးညွှန်းအမှတ်အသားတွေ၊ ပါဝင်ပစ္စည်းတွေကို ပြည့်စုံရှင်းလင်းစွာ ဖော်ပြထားရပါမယ်။ ဆရာဝန်ညွှန်းဆိုမှုနဲ့ သောက်ရမယ့်ဆေးတွေဆိုရင် တတ်ကျွမ်းနားလည်တဲ့ ဆေးပညာရှင်ရဲ့ ညွှန်ကြားမှု၊ တိုင်ပင်မှုနဲ့ ဝယ်ယူသင့်ပါတယ်။

ဆေးဈေးအလွန်ကြီးမြင့်ပြီး လတ်တလော ဝယ်ယူရန် ရှားပါးတဲ့ နာမည်ကြီးတံဆိပ်ဆေးတွေကို ဥပမာ – ပါရာစီတမော တံဆိပ်တစ်ခုဆို အားလုံး သိပါတယ်။ အရင်တုန်းက တစ်ကတ်ကို ၂၀၀၊ ၃၀၀ လောက် ပေးရတာက အခု ၄၀၀၀၊ ၅၀၀၀ ပေးတာတောင် ရှာလို့မရဘူး။ ဒီလိုဖြစ်မယ်ဆိုရင် မူလဆေးဝါးဗေဒ အမည်တူမယ်၊ အထဲမှာပါတဲ့ ဆေးပမာဏတူမယ်၊ ပါရာစီတမော ၅၀၀ မီလီဂရမ် တူတာ၊ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက အသိအမှတ်ပြုတဲ့ မှတ်ပုံတင်လက်မှတ်လည်း ပါတယ်။ သက်တမ်းကုန်ဆုံးမယ့်ရက်လည်း ဝေးသေးတယ်ဆိုရင် ဒီလိုဆေးကို ဝယ်ယူသုံးစွဲလို့ရပါတယ်။

မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက အသိအမှတ်ပြုထားတဲ့ မူလဆေးဝါးဗေဒအမည်နဲ့ဆေး Generic Medicine ဖြစ်ရင် သူ့ကကုန်ပစ္စည်းတံဆိပ် Brand Name တွေမပါဘူး။ မူလဆေးဝါးဗေဒအမည် ပါရာစီတမော ၅၀၀ မီလီဂရမ် ဆိုတာပါမယ်၊ ဘူးနဲ့လာရင် လာမယ်။ အောက်မှာကြည့်လိုက်ရင် Myanmar Registration Number ပါမယ်။ ထုပ်ပိုးမှုရော၊ ထုတ်လုပ်မှုရော ကောင်းမွန်တယ်။ သက်တမ်းကုန်ဆုံးမယ့်ရက်တွေလည်း ဖော်ပြထားတယ်။ ဒီလိုဆေးမျိုးဆိုရင် ဝယ်ရင်ဈေးသက်သာတယ်။ အရည်အသွေးလည်း ကောင်းတယ်။ ဒါမျိုးဆိုရင် ဝယ်သောက်သင့်ပါတယ်။ အစားထိုး ဝယ်ယူသုံးစွဲသင့်တဲ့ အကြောင်းကို ဒီနေရာက တင်ပြလိုပါတယ်။

နောက်တစ်ခုက ဈေးအလွန်သက်သာတာကို ကြည့်ပြီး ဝယ်ယူတာကိုလည်း ရှောင်သင့်ပါတယ်။ ဘူးနဲ့ မဟုတ်တော့ဘဲ အလုံးအပြေတွေလည်း ဖြစ်မယ်ဆိုရင် ရှောင်သင့်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အသိအမှတ်ပြု မြန်မာနိုင်ငံ ဆေးဝါးမှတ်ပုံတင်အမှတ်လည်း မပါဘူး၊ စနစ်တကျထုပ်ပိုးမှု မရှိဘူး၊ ထုတ်လုပ်တဲ့ရက်၊ သက်တမ်းကုန်ဆုံးတဲ့ရက် မပါဘူး၊

*စာမျက်နှာ ၁၈ သို့*

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် ပရဟိတအဖွဲ့များသို့ အောက်ဆီဂျင်အိုးများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ဆက်လက်ဖြန့်ဝေ လှူဒါန်း



**နေပြည်တော် ဩဂုတ် ၁၉**

တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့ ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုးခြောက်လုံး၊ Oxygen Concentrator နှစ်လုံး၊ Oxygen Regulator ခြောက်ခု၊ အောက်ဆီဂျင်ပိုက် ခြောက်ချောင်း၊ အောက်ဆီဂျင်အိုးတင်လှည်း နှစ်စီး၊ Mask ၅၀၀၀ ၊ PPE ဝတ်စုံ ၂၀၀၊ လက်အိတ် အစုံ ၂၀၀ နှင့်ဆေးဝါးများကို လည်းကောင်း၊ (ယာပုံ) နမ္မတူမြို့ ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုး သုံးလုံး၊ Oxygen Concentrator တစ်လုံး၊ Flow Meter သုံးခု၊ အောက်ဆီဂျင်အိုးတင်လှည်း တစ်စီး၊ Mask ၂၅၀၀ ၊ PPE ဝတ်စုံ ၁၀၀၊ လက်အိတ်အစုံ ၂၀၀ နှင့် ဆေးဝါးများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) သို့ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၂၅) ကျောင်းဆင်းအရာရှိများက လှူဒါန်းသည့် အောက်ဆီဂျင်အရည်များကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပရဟိတအသင်းများသို့ အောက်ဆီဂျင်အိုး ရှစ်လုံးကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးသို့ မိဘဂုဏ် အောက်ဆီဂျင်စက်ရုံမှ ထုတ်လုပ်သည့် အောက်ဆီဂျင်အိုး ၁၀၅ လုံးကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် အားကစားကွင်းရှိ ကိုဗစ်-၁၉ ကုသရေးစင်တာရှိ လူနာများအတွက် ကိုဗစ်-၁၉ ရောဂါကုသရေးအထောက်အကူပြု ပစ္စည်းများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ Oxygen Concentrator ၁၀ လုံး၊ PPE ဝတ်စုံ ၁၀၀ ၊ Mask ၈၁ ဘူးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကိုလည်းကောင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် နယ်မြေခံ တပ်မတော်သား၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုကူညီရေးအဖွဲ့အစည်းများက အသီးသီးသွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် စေတနာရှင်အလှူရှင်များက ငွေကျပ် ၄၁၂၅ သိန်းကို ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့တော်ခန်းမ၌ ပေးအပ်လှူဒါန်းကြရာ မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ် ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင် လိုအပ်ချက်များ မရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့်တပ်ဆင် လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)ရှိ ဖိအားမြင့် အောက်ဆီဂျင်သိုလှောင်ကန်အတွင်းသို့ ကျွမ်းကျင်ပညာရှင်များက အောက်ဆီဂျင်ဖြည့်သွင်းနေမှုများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ Oxygen Plant စက်ရုံ တည်ဆောက်ပြီးစီးမှုများကို လည်းကောင်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့်စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၉**

ကိုဗစ်- ၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေး စခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိရာ ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက် အကူပြု ပစ္စည်းများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၇၃ ဦးနှင့် အမျိုးသမီး ၁၁၆ ဦး စုစုပေါင်း ၂၈၉ ဦးကို လည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ကိုးဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ၁၁ ဦးတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၁၂၂ ဦးနှင့် အမျိုးသမီး ၁၀၉ ဦး စုစုပေါင်း ၂၃၁ ဦးကိုလည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာအမျိုးသား ၄၆ ဦးနှင့် အမျိုးသမီး ၂၅ ဦး စုစုပေါင်း ၇၁ ဦးကိုလည်းကောင်း အသီးသီး လက်ခံထားရှိကြောင်း သိရသည်။

အထက်ပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၇ မှ*

ဘူးနဲ့မဟုတ်တော့ဘဲ အလုံးအပြေတွေဆိုတော့ ဘာမှမမြင်ရ၊ မသိရတော့ဘူး။ ဒီလိုဆိုရင် ဆေးဝါးအတုလည်း ဖြစ်နိုင်တယ်။ အရည်အသွေးလည်း မပြည့်ဝတာဖြစ်နိုင်တယ်၊ သက်တမ်းလွန်တဲ့ဆေးဝါးလည်းဖြစ်နိုင်တယ်။ ဘူးနဲ့မဟုတ်ဘဲ အလုံးအပြေတွေဖြစ်သွားတော့ မသိနိုင်တော့ဘူး။ ဒီလိုမျိုးတွေကို ဈေးလျှော့ရောင်းတာဆိုရင်လည်း ရှောင်သင့်ပါတယ်။ သောက်မိရင် အကျိုးကျေးဇူး မရှိနိုင်ပါဘူး၊ အန္တရာယ်တောင် ဖြစ်နိုင်ပါတယ်။

ဆေးဝါးဝယ်ယူရာမှာ အဓိက ရှောင်ကြဉ်ရမှာ နောက်တစ်ခုက တော်တော်ကို အန္တရာယ်ကြီးတဲ့ကိစ္စဖြစ်ပါတယ်။ ဒါက စပ်ဆေးဖြစ်ပါတယ်။ ရပ်ရွာထဲမှာလည်း ကြားနေရတယ်။ နေမကောင်းရင် ကွမ်းယာဆိုင်က စပ်ဆေးသောက်လိုက်ရင် နေကောင်းသွားတယ်ဆိုပြီးပေါ့။ ဒါကအတော့်ကို အန္တရာယ်ရှိတဲ့ကိစ္စ ဖြစ်ပါတယ်။ စပ်ဆေးမှာပါတဲ့ အချို့ဆေးတွေက အလုံးအပြေတွေ ရောထားတယ်။ ဘာပါမှန်း၊ ဘာဆေးမှန်းလည်း မသိဘူး။ များသောအားဖြင့် ထည့်တတ်တဲ့ ဆေးတွေက ပဋိဇီဝဆေးတွေ၊ ပြင်းထန်တဲ့ အကိုက်အခဲပျောက်ဆေးတွေ၊ စတီးရွိုက်ဆေးတွေ၊ အချို့ဆိုရင် သက်တမ်းလွန်နေတဲ့ ဆေးတွေလည်း ထည့်တတ်ပါတယ်။

စတီးရွိုက်ဆေးတွေရဲ့ သဘောက ရောဂါကို ခဏတာ သက်သာစေပါတယ်။ နောက်ပြီးရင် ရောဂါရဲ့ ပြင်းထန်မှုက ပိုသထက်ပိုလာပြီး အသက်သေဆုံးတဲ့အထိ အန္တရာယ်ရှိနိုင်ပါတယ်။ စပ်ဆေးကို မကြာခဏ ဝယ်ယူသောက်သုံးမယ်ဆိုရင် ပြင်းထန်တဲ့ အကိုက်အခဲပျောက်ဆေးတွေ၊ စတီးရွိုက်ဆေးတွေကြောင့် အစာအိမ်၊ ကျောက်ကပ်၊ နှလုံးသွေးကြောရောဂါ ဖြစ်ပွားပြီး နောက်ဆက်တွဲ ဘေးထွက်ဆိုးကျိုးအများကြီး ခံစားရနိုင်ပါတယ်။ ပဋိဇီဝဆေးကို ဆေးပတ်လည်အောင် မသောက်တာ၊ အာနိသင်လျော့နေတဲ့ ပဋိဇီဝဆေးတွေကို သောက်တာကြောင့် ဆေးယဉ်ပါးတဲ့ ပြဿနာတွေဖြစ်ပြီး လူ့သက်တမ်းမစေ့ဘဲ စောစီးစွာ အသက်ဆုံးရှုံးနိုင်ပါတယ်။ စပ်ဆေးကို လုံးဝရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်။

နောက်တစ်ခုက ကိုဗစ် - ၁၉ ရောဂါဖြစ်တယ်လို့ သံသယရှိရင် အွန်လိုင်းပေါ်မှာတွေ့တဲ့ ဆေးမြီးတိုတွေနဲ့ ကုသမှုလုံးဝမပြုလုပ်သင့်တာ ဖြစ်ပါတယ်။ နီးစပ်ရာကျန်းမာရေးဌာနကို ဆက်သွယ်ပြီး စနစ်တကျကုသမှုခံယူတာ အကောင်းဆုံးဖြစ်ပါတယ်။ အိမ်တွင်းဆေးမြီးတိုနဲ့ ကုသတာက ရောဂါကြောင့် သေဆုံးမှုကို မြင့်တက်စေပြီး အိမ်မှာရှိတဲ့ ကျန်တဲ့ မိသားစုဝင်တွေကို ကူးစက်မှု မြင့်မားစေတဲ့အတွက် အိမ်မှာဆေးမြီးတိုနဲ့ ကုသခြင်းကိုလည်း လုံးဝရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်။

ဆေးဆိုင်မှာ ဆေးဝယ်တဲ့အခါမှာလည်း အိမ်ကထွက်ပြီဆိုတာနဲ့ ပါးစပ်နဲ့ နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်မယ်။ မေးစေ့မှာ မချိတ်ပါနဲ့။ လက်ကို စက္ကန့် ၂၀ ကြာအောင် စနစ်တကျ ဆေးမယ်။ အခြားသူတွေနဲ့ ခပ်ခွာခွာနေမယ်။ လိုအပ်ရင် ခြောက်ပေအကွာ စနစ်တကျ တန်းစီဝယ်မယ်။ လူစုလူဝေးဖြစ်ခြင်းကို လုံးဝရှောင်ကြဉ်သင့်ပါတယ်။ လိုအပ်တဲ့ ပမာဏကိုသာဝယ်ပြီး မလိုအပ်ဘဲ အလွန်အကျွံဆေးတွေ အမြောက်အမြား မဝယ်ယူဖို့လိုပါတယ်။

ဒီလိုဆေးဝါးဝယ်ယူရေးနဲ့ ပတ်သက်တဲ့ ကျန်းမာရေးအသိပညာတွေကို မိသားစုအချင်းချင်း၊ မိတ်ဆွေအချင်းချင်း မျှဝေခြင်းအားဖြင့် ဆေးဝါးနဲ့ပတ်သက်ရင် ပစ္စည်းမှန်၊ ဈေးနှုန်းမှန် ဝယ်ယူနိုင်မယ့်အပြင် ဆေးဆိုင်ကနေ ရောဂါကူးစက်စေခြင်း၊ အရည်အသွေး မပြည့်မီတဲ့ဆေးတွေ၊ ဆေးအတုတွေကို သောက်သုံးမိလို့ အသက်အန္တရာယ်ဖြစ်စေခြင်း၊ ဆေးမြီးတိုနဲ့ ကိုဗစ် - ၁၉ ရောဂါကို ကုမိလို့ အိမ်မှာနေရင်း အသက်ဆုံးရှုံးရခြင်း အန္တရာယ်တွေကနေ ကင်းဝေးကြမှာဖြစ်တဲ့ အကြောင်း တင်ပြလိုပါတယ်။

**ကျေးဇူးတင်ပါတယ်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၀-၈-၂၀၂၁ သောကြာနေ့

### MRTV HD

**၀၆:၀၀** မေတ္တသုတ်၊ရတနသုတ်၊ မောရပရိတ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** မြရည်ရွှန်းလက် နတ်သစ်ရွက်
**၀၉:၃၀** မျက်မှောက်ရေးရာအဖြာဖြာ
**၀၉:၄၀** Soccer View
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၅** လူမှုစီးပွားမြင်ကွင်းများ
**၁၁:၀၀** ရှမ်းရိုးရာခေါင်းပေါင်း
**၁၁:၃၀** MRTV National News
**၁၅:၀၀** Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ '**ဓာတုဗေဒဘာသာရပ်**'
**၁၆:၃၅** Weekly Sports Info
**၁၇:၀၅** NHK အစီအစဉ်
**၁၇:၂၀** လူငယ်ပန်းဥယျာဉ် အစီအစဉ်
**၁၇:၄၅** အကြမ်းဖက်မှုအန္တရာယ် ညီညွတ်မှုဖြင့် စုပေါင်းကာကွယ်
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၁၅** သုတဝေဖြာသီရိဂေဟာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**နှလုံးသားခေါ်ဆောင်ရာ**' (အပိုင်း-၄၉)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** '**ဝသန်မိုးရာသီ**' တေးသီချင်းများ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်

### mitv

**07:01** News
**07:27** Myanmar Shu Khin Myanmar Sate Yinn (Seint Nay Chi)
**07:34** Taung Byone Nat Festival (Ep-4)
**07:51** Kayah
**08:00** Life In Night ........Art In Life (Ep-2) (Part-2)
**08:27** The Legend Of An ambulatory Surgeon (EP-2)
**08:53** Crocodile Keeper
**09:00** On the River
**09:23** Bottle Gourd Painting
**09:28** The Great Collector: Myanmar Antique Furniture
**09:47** Tigers, Lions and the Guardians
**10:01** Discovering Tribes: Da Nu (Their Life and Customs) (Part-1)
**10:16** The Legend Of An ambulatory Surgeon (EP-1)
**10:42** Clam Farming

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
မိုးသားတိမ်ထုအောက်က လျှိုင်နန်းပတောင်အလှ
**စကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သံတောင်မြို့အလှနှင့်ဘွဲ့ကရင် တိုင်းရင်းသားတို့ရဲ့သဘာဝ
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
အနောက်တောင်အရပ်က ကျွန်းမြို့ဆီသို့
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
အစာအိမ်ရောဂါအကြောင်းသိကောင်းစရာ
**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
သိကောင်းစရာငှက်ဖျားရောဂါအကြောင်း
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ချင်းရိုးရာဆေးအိုးဆေးတံအကြောင်း
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ငါးရံ့နှင့်ကြာရိုးဟင်း
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ပြုံးပဒေသာ(မောင်သာလှနှင့်လည်လွှန်းတဲ့ဘီး)
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
အင်းသားလေ့လျော်ကမ္ဘာကျော်
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
နန့်လျန်ချောင်းသို့အလည်တစ်ခေါက်
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
မနောအလှ

### MRTV PARLIAMENT

**၀၉:၀၀** အဖွင့်၊ အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၁)
**၁၁:၀၀** ဥပဒေရေးရာ အဖြာဖြာဇာတ်လမ်းတို '**တစ်လင်နှင့်တစ်မယား**'
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၁)

### MRTV SPORTS

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည(၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀) နာရီမှ ည(၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

❖ *ကျော့ဖုံးမှ*

ပွဲစဉ် (၂) တွင်လည်း ရင်းနက်စ်အသင်းနှင့် တစ်ဖက်နှစ်ဂိုးစီ သရေကျထားသည်။ ထို့ကြောင့် ဘရက်စ်အသင်းသည် ပွဲစဉ်(၂)အပြီးတွင် ရမှတ်နှစ်မှတ်ဖြင့် အမှတ်ပေးဇယား အဆင့် (၁၂) နေရာတွင် ရပ်တည်နေသည်။ ထို့အပြင် ဘရက်စ်အသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ကိုးပွဲတွင် နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်ခြင်းမရှိဘဲ ရှုံးပွဲငါးပွဲ၊ သရေပွဲ လေးပွဲအထိရှိထားသည်။ ထို့ကြောင့် ဘရက်စ်အသင်း ခြေစွမ်းကျဆင်းနေသည်ကို သတိပြုရမည်။ ပြိုင်ဘက် ပီအက်စ်ဂျီအသင်းက ပွဲစဉ် (၁) တွင် ထရိုင်းယက်စ်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ပွဲစဉ် (၂) တွင် စထရာဘော့အသင်းကို လေးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ ပီအက်စ်ဂျီအသင်းသည် ဩဂုတ် ၂ ရက်က ပြင်သစ်စူပါ ဖလားဗိုလ်လုပွဲတွင် လိုင်လီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီးနောက် ပိုင်း နှစ်ပွဲဆက် ပြန်လည်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ပီအက်စ်ဂျီအသင်း၏ ကစားသမားစုဖွဲ့မှု ကြည့်လျှင် နာဗက်စ်၊ ဒွန်နာရမ်မာ၊ ရာမို့စ်၊ မာကွင်ဟို့စ်၊ ကင်ဘမ်းပီ၊ ဝီလ်ဂျနေဒမ်၊ ဗာရက်တီ၊ ရာဖင်ဟာ၊ နေမာ၊ မက်ဆီ၊ အမ်ဘတ်ပီ၊ အီကာဒီ စသည့်ကစားသမားကောင်းများ ပိုင်ဆိုင်ထားသည့်အတွက် ဘရက်စ်အသင်းအနေဖြင့် ပီအက်စ်ဂျီအသင်းကို ခက်ခက်ခဲခဲ ရင်ဆိုင်ကစားရဖွယ်ရှိနေသည်။

ယနေ့ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းသည် ပြီးခဲ့သည့်သီတင်းပတ်အတွင်း ဘာစီလိုနာအသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိလာသော တိုက်စစ်ကစားသမား မက်ဆီကို ယနေ့ပွဲစဉ်တွင် ထည့်သွင်းအသုံးပြုသွားမလား စောင့်ကြည့်ရမည်ဖြစ်သည်။ သို့သော်လည်း ထွက်ပေါ်လာသတင်းများတွင် မက်ဆီအနေဖြင့် ပီအက်စ်ဂျီအသင်းနှင့် ပွဲဦးထွက်ပွဲစဉ်ကို ဩဂုတ် ၂၉ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ရိမ်းစ်အသင်းနှင့် ပွဲစဉ်တွင် ပါဝင်ကစားဖွယ်ရှိကြောင်း ဖော်ပြထားသည်။

ဘရက်စ်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ ထိပ်တိုက်တွေ့ဆုံခဲ့သည့် နောက်ဆုံး သုံးပွဲတွင် ပီအက်စ်ဂျီအသင်းကသာ သုံးပွဲစလုံး ဂိုးပြတ်အနိုင်ရရှိထားသည်ကို တွေ့ရသည်။ ထို့ကြောင့် ဘရက်စ်အသင်း အနေဖြင့် ပီအက်စ်ဂျီအသင်းနှင့်တွေ့ဆုံတိုင်း ရလဒ်မကောင်းတတ်သည့် အစဉ်အလာကို ယနေ့ပွဲစဉ်တွင် ချေဖျက်ကာ အနိုင်ရလဒ် ဖော်ဆောင်သွားနိုင်မလား စောင့်ကြည့်ရမည် ဖြစ်သည်။

**အောင်ဇော်**

❒ *ကျော့ဖုံးမှ*

အုပ်စုမဲခွဲထားမှု အရ အုပ်စု (A)တွင် တရုတ်(တိုင်ပေ)၊ ဘာရိန်း၊ လာအို၊ အုပ်စု (B) တွင် ဗီယက်နမ်၊ တာဂျစ်ကစ္စတန်၊ မော်လ်ဒိုက်၊ အာဖဂန်နစ္စတန်၊ အုပ်စု (C) တွင် စင်ကာပူ၊ အီရတ်၊ အင်ဒိုနီးရှား၊ အုပ်စု(D) တွင် မြန်မာ၊ ယူအေအီး၊ ဂူအမ်၊ လက်ဘနွန်၊ အုပ်စု (E) တွင် တောင်ကိုရီးယား၊ ဥဇဘက်ကစ္စတန်၊ မွန်ဂိုလီးယား၊ အုပ်စု(F)တွင် ဖိလစ်ပိုင်၊ ဟောင်ကောင်၊ နီပေါ၊ အုပ်စု (G)တွင် ဂျော်ဒန်၊ အီရန်၊ ဘင်္ဂလားဒေ့ရှ်၊ အုပ်စု (H) တွင် ထိုင်း၊ ပါလက်စတိုင်းနှင့် မလေးရှားအသင်းတို့ ပါဝင်နေသည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စုပွဲများကို စက်တင်ဘာ ၁၃ ရက်မှ ၂၅ ရက်အတွင်းပြုလုပ်ရန် သတ်မှတ်ထားပြီး အုပ်စုအလိုက် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် နိုင်ငံများ၏ဆုံးဖြတ်ချက်အတိုင်း ယင်းကာလအတွင်း ယှဉ်ပြိုင်ကစားရခြင်းဖြစ်သည်။ ခြေစစ်ပွဲကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံး တစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သောကြောင့် မြန်မာအသင်းအနေဖြင့် ပွဲတိုင်းအရေးပါနေပြီး ရလဒ်ကောင်းရယူနိုင်မှသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အာရှဖလား အမျိုးသမီးပြိုင်ပွဲတွင် လေးကြိမ် ခြေစစ်ပွဲအောင်မြင်ဖူးပြီး ၂၀၀၃၊ ၂၀၀၆၊ ၂၀၁၀၊ ၂၀၁၄ ခုနှစ်တွင် နောက်ဆုံးအဆင့်သို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့သည်။

**ရဲရင့်လွင်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉ - ၈ - ၂၀၂၁

**ရွှေ**

| | | | | | | |
|---|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၄၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၄၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၄၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၄၈၂၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၇၀ | ကျပ် | ၉၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၈၀ | ကျပ် | ၉၉၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၅၀ | ကျပ် | ၁၀၈၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၆ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၁၄ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ . ၄၉၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၉၄ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၈၉ . ၅၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၄ . ၆၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၂ . ၂၀၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၃ | ၂၇၀၀၀ |
| MTSH | ၃၃၀၀ | ၃၃၀၀ | ၂၅၁၂ | ၈၂၈၉၆၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၈ | ၆၃၂၀၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၄ | ၂၀၈၀၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၅၀၅၀၆ | ၁၃၆၆၂၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၅၀၀၀ | ၁၆ | ၇၉၉၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ငြိမ်းချမ်းရေး ၁၀ နှစ်ခရီးအလွန် သင်ခန်းစာ

မျိုးငြိမ်းငယ်

**၂၀၂၁ ခုနှစ် ဩဂုတ် ၁၈ ရက်က မြန်မာ့ငြိမ်းချမ်းရေးခရီး၏ သက်တမ်း ၁၀ နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့က စတင်ခဲ့သော သမ္မတဟောင်း ဦးသိန်းစိန် အစိုးရသည် အာဏာရရှိပြီး ခြောက်လကျော်အကြာ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် ငြိမ်းချမ်းရေးဖိတ်ခေါ်မှု စတင်ခဲ့ပါ၏။**

> ❑ **နှစ်ပေါင်း ၇၀ ကျော် ကြာမြင့်နေသည့် ပဋိပက္ခများကို ဖြေရှင်းရာတွင် နိုင်ငံရေးစိတ်ရင်းစေတနာမှန်ကန်မှု၊ တစ်ဦးတစ်ဖွဲ့ အကျိုးစီးပွားထက် ဘုံအကျိုးစီးပွားလိုလားမှု၊ စိတ်ရှည်သည်းခံမှု၊ ဖြေရှင်းမှုနည်းလမ်းမှန်ကန်မှုတို့ကဲ့သို့ ကိုင်တွယ်၍မရသော အရည်အသွေးများ လိုအပ်သည်ဖြစ်ရာ လက်နက်ကိုင်ဖြေရှင်းသည့် နည်းလမ်းကို စွန့်လွှတ်၍ နိုင်ငံရေးသဘောထားကွဲလွဲမှုမှအစ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်၍ အနာဂတ်ဒီမိုကရေစီနှင့် ဖက်ဒရယ်နိုင်ငံ တည်ဆောက်ရေးအဆုံး ငြိမ်းချမ်းရေးစားပွဲဝိုင်းတွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့**

ငြိမ်းချမ်းရေး ဖိတ်ခေါ်ရာတွင် "ပြည်တွင်းမှာရှိတဲ့ သဘောထားအမြင်ချင်းမတူကြတဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေကိုလည်း မတူကွဲပြားတာတွေကိုဘေးဖယ်ထားပြီး တိုင်းပြည်အတွက် အမှန်တကယ်အကျိုးရှိစေမယ့် ဘုံအကျိုးစီးပွားတွေမှာ ပူးပေါင်းဆောင်ရွက်ကြဖို့ ကျွန်တော်တို့ အမြဲဖိတ်ခေါ်ပါတယ်။ ဒီအချိန်မှာ ရန်ဖြစ် ငြင်းခုံနေကြရမယ့်အချိန်၊ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အပြစ်ရှာ၊ အပြစ်ပြောနေကြရမယ့်အချိန် မဟုတ်တော့ပါဘူး။ စည်းလုံးညီညွတ်ကြရင် ကြီးပွားတိုးတက်နိုင်တဲ့ ရေခံမြေခံကောင်းတွေ ကျွန်တော်တို့တိုင်းပြည်မှာ ရှိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ သားစဉ်မြေးဆက်အတွက် ကောင်းတဲ့အမွေခံပတ်ဝန်းကျင်ကို တည်ဆောက်သွားကြဖို့ လိုအပ်ပါတယ်"ဟု ဦးသိန်းစိန်က ပြောကြားခဲ့သည်။

ထိုဖိတ်ခေါ်ပြောကြားခဲ့မှုနှင့်အတူ စတင်ခဲ့သော ငြိမ်းချမ်းရေးခရီးသည် ယနေ့ ၁၀ နှစ်ပင်ပြည့်ပြီဖြစ်သည်။ ထို ၁၀ နှစ်ခရီးအတွင်း အနာဂတ်နိုင်ငံတည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်များကို သဘောတူချမှတ်နိုင်ခဲ့ကြသည်။ နှစ်ပေါင်းများစွာ အမြစ်စွဲနေသည့် ပဋိပက္ခများကို ဖြေရှင်းရန် နိုင်ငံရေးစိတ်ဆန္ဒ၊ မှန်ကန်သော ချဉ်းကပ်မှုနည်းလမ်း၊ အချိန်ကာလ၊ ပူးပေါင်းဆောင်ရွက်နိုင်မှုတို့ဖြင့် အချိန်ကာလတိုအတွင်း ငြိမ်းချမ်းရေးခရီးကို စတင်နိုင်ခဲ့သော်လည်း ယင်းအောင်မြင်မှုများနှင့်တွဲလျက်ပင် စိန်ခေါ်မှုများ၊ အကျပ်အတည်းများနှင့်လည်း ရင်ဆိုင်ခဲ့ရသည်။

ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်နေသည့် နိုင်ငံရေးသဘောထားကွဲလွဲမှုများ၊ လက်နက်ကိုင်တိုက်ခိုက်မှုများ ပြေလည်ရန်ဆိုပါက အဓိကလိုအပ်နေသည့် ယုံကြည်မှုတည်ဆောက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် အများသဘောတူ ဘုံရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်ရေး လိုအပ်ပါသည်။ ယင်း လိုအပ်ချက်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် တွဲလျက်ရှိနေသဖြင့် မြန်မာ့ငြိမ်းချမ်းရေး တည်ဆောက်မှုသည် ခက်ခဲနက်နဲလှပြီး တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်း၊ ကိုယ်ကျိုးဆန္ဒတစ်ခုတည်းဖြင့် ဆောင်ရွက်၍မရသည်ကို ငြိမ်းချမ်းရေး ၁၀ နှစ်ခရီးမှ သင်ခန်းစာများ ရရှိနိုင်မည်ဖြစ်သည်။

## တည်ရှိနေဆဲ နက်ရှိုင်းသည့် ပဋိပက္ခများ

မြန်မာနိုင်ငံ အသွင်ကူးပြောင်းရေးအတွက် အခြေခံအကျဆုံးနှင့် ဦးစားပေးလုပ်ဆောင်ရန်မှာ နိုင်ငံအတွင်း နှစ်ကာလကြာမြင့်စွာ အမြစ်စွဲနေသည့် နိုင်ငံရေးသဘောထား ကွဲပြားမှုများ ဖြေရှင်းရန်နှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန် ဖြစ်ပါသည်။ အုပ်ချုပ်ရေးစနစ်အပါအဝင် တရားစီရင်ရေး၊ စီးပွားရေး၊ ပညာရေးကဲ့သို့သော နိုင်ငံ၏အခြားကဏ္ဍများကို ပြုပြင်ပြောင်းလဲရမည်ဖြစ်သော်လည်း ယင်းကဏ္ဍများ ထိထိရောက်ရောက် ပြုပြင်ပြောင်းလဲရေးအတွက် မဖြစ်မနေလိုအပ်သည်မှာ တည်ရှိဆဲ နိုင်ငံရေးပဋိပက္ခများနှင့် လက်နက်ကိုင်ပဋိပက္ခများ ဖြေရှင်းရေး ဦးစွာလိုအပ်နေပါသည်။

ခေတ်အဆက်ဆက် သဘောထားကွဲလွဲမှုများကို လက်နက်ကိုင်တိုက်ခိုက်မှုများဖြင့် ဖြေရှင်းခဲ့ကြသော်လည်း ယင်းနည်းလမ်းဖြင့် အားလုံးအတွက် မှန်ကန်သောအဖြေ ယနေ့ထက်ထိတိုင် မရရှိခဲ့သည်ကို သမိုင်းသင်ခန်းစာရရှိခဲ့ကြပြီးဖြစ်သည်။ အချင်းချင်း လက်နက်ကိုင်တိုက်ခိုက် ဖြေရှင်းခဲ့ကြသဖြင့် တိုက်ပွဲဖြစ်ပွားရာနေရာဒေသအသီးသီးမှ ဒေသခံပြည်သူများ၏ဘဝများ ထိခိုက်နစ်နာဆုံးရှုံးခဲ့ကြရပြီးဖြစ်သကဲ့သို့ ယနေ့ထက်ထိလည်း ခံစားနေရဆဲဖြစ်သည်။ ယင်းမှာ နိုင်ငံတွင်းရှိ နိုင်ငံရေးပဋိပက္ခများကို လက်နက်ကိုင်တိုက်ခိုက်ဖြေရှင်းခြင်းထက် ငြိမ်းငြိမ်းချမ်းချမ်းဖြင့် အတူတကွ ညှိနှိုင်းဖြေရှင်းခြင်းဖြင့်သာ သူနိုင်ကိုယ်နိုင်အဖြေကို ရရှိနိုင်ကြောင်း ပြသနေပါသည်။

## ငြိမ်းချမ်းရေး ပထမ ငါးနှစ်ခရီး

၂၀၁၁ ခုနှစ် ဩဂုတ်လမှစတင်ခဲ့သော ငြိမ်းချမ်းရေး အကောင်အထည်ဖော်မှုသည် ၁၀ နှစ်အတွင်း မည်သည့်အတိုင်းအတာအထိ ခရီးပေါက်၍ မည်မျှထိရောက်ခဲ့သနည်း။ ငြိမ်းချမ်းရေးခရီး ၁၀ နှစ်ခရီးကိုပြန်လည်သုံးသပ်မည်ဆိုပါက မတူညီသောအစိုးရနှစ်ရပ်၏ အကောင်အထည်ဖော်နိုင်မှုကို ပိုင်းခြားကြည့်ရှုရန် လိုအပ်မည်ဖြစ်သည်။ သို့မှသာ ဦးသိန်းစိန်အစိုးရလက်ထက် ငြိမ်းချမ်းရေးရလဒ်နှင့် NLD လက်ထက် ငြိမ်းချမ်းရေးရလဒ်တို့ကို ခွဲခြားရှုမြင်နိုင်မည်ဖြစ်ပြီး အကောင်းအဆိုး သင်ခန်းစာယူနိုင်မည်ဖြစ်သည်။

ဦးသိန်းစိန်အစိုးရလက်ထက်က စတင်ခဲ့သော ငြိမ်းချမ်းရေးသည် ယခင်ကာလများနှင့် ကွဲပြားခြားနားစွာ အားလုံးပါဝင်သော တွေ့ဆုံညှိနှိုင်းအဖြေရှာသည့် နည်းလမ်းဖြင့် ငြိမ်းချမ်းရေးကိုချဉ်းကပ်ခဲ့သည်။ နိုင်ငံရေးပြဿနာကို စစ်ရေးနည်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းမည့် နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ် ထူထောင်ရန် သဘောတူညီခဲ့ကြသည်။ နှစ်ပေါင်း ၇၀ ကျော် ကြာမြင့်နေသည့် ပဋိပက္ခများကို ဖြေရှင်းရာတွင် နိုင်ငံရေးစိတ်ရင်းစေတနာမှန်ကန်မှု၊ တစ်ဦးတစ်ဖွဲ့ အကျိုးစီးပွားထက် ဘုံအကျိုးစီးပွားလိုလားမှု၊ စိတ်ရှည်သည်းခံမှု၊ ဖြေရှင်းမှုနည်းလမ်း မှန်ကန်မှုတို့ကဲ့သို့ ကိုင်တွယ်၍မရသော အရည်အသွေးများ လိုအပ်သည်ဖြစ်ရာ လက်နက်ကိုင်ဖြေရှင်းသည့် နည်းလမ်းကိုစွန့်လွှတ်၍ နိုင်ငံရေးသဘောထားကွဲလွဲမှုမှအစ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်၍ အနာဂတ်ဒီမိုကရေစီနှင့် ဖက်ဒရယ်နိုင်ငံ တည်ဆောက်ရေးအဆုံး ငြိမ်းချမ်းရေးစားပွဲဝိုင်းတွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

တာထွက် ပထမ ငါးနှစ်ခရီးတွင် ငြိမ်းချမ်းရေးဖော်ဆောင်မှု အောင်မြင်ရန်အတွက် မြန်မာ့ငြိမ်းချမ်းရေးစင်တာကို ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် ထူထောင်ခဲ့ပြီး ကျွမ်းကျင်ပညာရှင်များအပါအဝင် ဌာနခွဲ ရှစ်ခု ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ငြိမ်းချမ်းရေးဆွေးနွေးရာတွင် နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပါဝင်သင့် ပါဝင်ထိုက်သူများ အားလုံးပါဝင်ဆွေးနွေးခဲ့ကြသည်။ ငြိမ်းချမ်းရေးဆွေးနွေးနေစဉ်အတွင်းမှာပင် တိုင်းရင်းသားလက်နက်ကိုင်များနှင့် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့ကြသည်။ ၂၀၁၄ ခုနှစ် မတ်လတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA မူကြမ်းကို စတင်ဆွေးနွေးခဲ့ကြသည်။

သက်ဆိုင်သူများအားလုံး ပါဝင်သည့် NCA လက်မှတ်ရေးထိုးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းနေကြစဉ် အစိုးရနှင့် တိုင်းရင်းသားများအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်အား အလျင်စလို လက်မှတ်မထိုးကြရန် ဒေါ်အောင်ဆန်းစုကြည်က သတိပေးပြောကြားကြောင်းကို ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့ RFA သတင်းတွင် တွေ့ရှိရသည်။ သို့သော်လည်း ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် သမိုင်းဝင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို နိုင်ငံတကာအသိသက်သေများ ရှေ့မှောက်တွင် အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့တို့အကြား လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ငြိမ်းချမ်းရေးတည်ဆောက်မှု တာထွက်ခရီးတွင် လက်နက်ကိုင်တိုက်ခိုက်မှု နည်းလမ်းအစား တွေ့ဆုံညှိနှိုင်းဆွေးနွေးသည့် နိုင်ငံရေးယဉ်ကျေးမှု ပျိုးထောင်နိုင်ခြင်း၊ NCA မှတစ်ဆင့် နိုင်ငံရေးလမ်းပြမြေပုံ အဆင့် ၇ ဆင့် သဘောတူဆုံးဖြတ်နိုင်ခဲ့ခြင်းတို့သည် အနာဂတ်နိုင်ငံတည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်များကို ချမှတ်နိုင်ခဲ့ပါသည်။

## ငြိမ်းချမ်းရေး ဒုတိယ ငါးနှစ်ခရီး

၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော NLD အစိုးရလက်ထက်တွင် ဦးသိန်းစိန်အစိုးရလက်ထက်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တာဝန်ယူဆောင်ရွက်နေသည့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေး ဗဟိုဌာန (MPC)ကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကိုလည်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အစည်းအဝေးဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။

NLD အစိုးရသည် ငြိမ်းချမ်းရေးဆောင်ရွက်ရန် ရွေးကောက်ပွဲဝင်စဉ်ကပင် ရွေးကောက်ပွဲကြေညာစာတမ်းတွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။ ၂၀၁၅ NLD အာဏာရရှိလာသည့်အချိန်တွင် ဦးသိန်းစိန်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်နေဆဲ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ဆင့်ကမ်းဆောင်ရွက်ခဲ့သော်လည်း ငြိမ်းချမ်းရေးရည်မှန်းချက်၊ ဦးဆောင်မှု၊ အကောင်အထည်ဖော်မှုတို့တွင် မေးခွန်းထုတ်စရာများ ရှိလာခဲ့သည်ကို တွေ့ရပါသည်။

မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးအကောင်အထည်ဖော်မှု၏ ရည်မှန်းချက်သည် အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းမှုတည်ဆောက်ရေး ရည်မှန်းချက်များ သက်သက်သာမဟုတ်ဘဲ ယုံကြည်မှုတည်ဆောက်ရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ နိုင်ငံရေး ဘုံသဘောတူညီချက်ရရှိရေး၊ အနာဂတ်နိုင်ငံ တည်ဆောက်ရေးဆိုသည့် ရည်မှန်းချက်များ ပါဝင်နေပါသည်။

NLD အနေဖြင့် ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ရာတွင် ယင်းတို့၏ နိုင်ငံရေးရည်မှန်းချက်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကို အဓိကရည်မှန်းဆောင်ရွက်ခဲ့သည်ကို တွေ့ရှိခဲ့ရသည်။ NLD အာဏာရရှိပြီးနောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှတစ်ဆင့် အခြေခံဥပဒေကို ပြင်ဆင်ရန်ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့သည့်အပြင် အကျိုးဆက်အနေဖြင့် ငြိမ်းချမ်းရေးတွင် ဆက်စပ်ပါဝင်နေသူများအကြား ယုံကြည်မှုလျော့နည်းလာပြီး အမျိုးသားရင်ကြားစေ့မှု ကွာဟလာသည်ကို ရင်ဆိုင်ခဲ့ရသည်။

ဦးသိန်းစိန်အစိုးရ လက်ထက်က NCA တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့ဖြင့် လက်မှတ်ရေးထိုးနိုင်ခဲ့သော်လည်း NLD အစိုးရလက်ထက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နှစ်ဖွဲ့သာ ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထို့အပြင် နေပြည်တော်တွင် ၁၀+၁၀ ထိပ်သီးဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်း ကျင်းပခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ဘဲ နောက်ပိုင်းတွင် NCA လက်မှတ်ရေးထိုးပြီးသော RCSS/SSA က JMC အစည်းအဝေးများ၌ ပါဝင်ခြင်းမှ ရပ်ဆိုင်းမည်ဟု ၂၀၁၈ အောက်တိုဘာတွင် ကြေညာခဲ့ပြီး KNU ကလည်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲများပါဝင်ခြင်းမှ ရပ်ဆိုင်းမည်ဟု နိုဝင်ဘာလတွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ငြိမ်းချမ်းရေး ဒုတိယခရီးသက်တမ်းအတွင်း ရခိုင်ပြည်နယ်အပါအဝင် တိုက်ပွဲဖြစ်ပွားမှုများ ပိုမိုမြင့်တက်လာခဲ့ပါသည်။ ယင်းကာလအတွင်း တပ်မတော်မှ အပစ်အခတ်ရပ်စဲပေးမှု ငါးကြိမ်ပြုလုပ်ပေးခဲ့သည်။ NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားအဖွဲ့များအကြားသာမက NCA လက်မှတ်ရေးထိုးပြီးသောအဖွဲ့များ အကြားတွင်ပင် ထိပ်တိုက်ရင်ဆိုင်ခဲ့မှုများ ကြုံတွေ့လာခဲ့ရသည်။

*စာမျက်နှာ ၂၁ သို့*

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## သတင်းထုတ်ပြန်ချက်
## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်

*စာမျက်နှာ ၂၀ မှ*

ငြိမ်းချမ်းရေး ဒုတိယကာလအတွင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ လေးကြိမ် ကျင်းပခဲ့ပြီး ပြည်ထောင်စုသဘောတူစာချုပ်တွင် ထည့်သွင်းမည့် အချက် ၅၁ ချက် သဘောတူညီမှု ရရှိခဲ့သော်လည်း လက်တွေ့တွင် ယင်းသဘောတူညီချက်များ၌ လုံခြုံရေးဆိုင်ရာကိစ္စများ အပါအဝင် နိုင်ငံတည်ဆောက်ရေးအတွက် လိုအပ်သော အဓိကအချက်များ မပါဝင်ကြောင်း ဝေဖန်ထောက်ပြမှုများလည်း တွေ့ရပါသည်။ ထို့အပြင် NCA စာချုပ်ပါ နိုင်ငံရေးလမ်းပြမြေပုံအဆင့် ၇ ဆင့်အတိုင်း ဆောင်ရွက်ရန် သဘောတူခဲ့ကြသော်လည်း NLD လက်ထက်တွင် ဆက်လက်အကောင်အထည်ဖော်မှု အားနည်းခဲ့ခြင်းအကျိုးဆက်မှာ တိုင်းရင်းသားများ အကြား ယုံကြည်မှုလျော့နည်းစေခဲ့သည်။

ထို့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌ အားလုံးပါဝင်သော တွေ့ဆုံညှိနှိုင်း အဖြေရှာရာတွင် နိုင်ငံရေးပါတီများ၊ ပါဝင်သင့်ပါဝင်ထိုက်သည့် အရပ်ဘက်အဖွဲ့အစည်းများပါဝင်ရန် လိုအပ်ကြောင်း ဝေဖန်ထောက်ပြမှုများလည်း တွေ့ရပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်ရန်ဆိုသည်မှာ အားလုံးတွေ့ဆုံညှိနှိုင်းအဖြေရှာမှုကို အခြေခံထားသော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှာ ဗဟိုချုပ်ကိုင်မှုများကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းများ နှောင့်နှေးခဲ့ရသည်ကိုလည်း သင်ခန်းစာယူရမည်ဖြစ်သည်။

ငြိမ်းချမ်းရေး ဒုတိယခရီး၏ နောက်ပိုင်းကာလများတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရပ်တန့်လာရုံသာမက ငြိမ်းချမ်းရေးညီလာခံတွင် ပြောကြားခဲ့ကြသည့် မိန့်ခွန်းများကို ကြည့်ခြင်းအားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဖြစ်ပေါ်နေသည့် အကျပ်အတည်းများကို မြင်နိုင်ပါသည်။ NLD အစိုးရလက်ထက် ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် (Process) ၏ အကျိုးသက်ရောက်မှုကို အကဲဖြတ်ရာ၌ **၃၀ မှတ်**သာ ရရှိခဲ့သည့်အတွက် အားရဖွယ်မရှိခဲ့ဘဲ ငြိမ်းချမ်းရေး အတွက် ကောင်းမွန်သောအခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ခြင်းမရှိသည်ကို သုံးသပ်ရရှိကြောင်း ISP ၏ 21 UPC Report Card တွင် ဖော်ပြထားပါသည်။

### ၁၀ နှစ်ခရီး ငြိမ်းချမ်းရေးသင်ခန်းစာ

မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် နိုင်ငံ အသွင်ကူးပြောင်းရေးအတွက် မရှိမဖြစ် အခြေခံလုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ ထိုလုပ်ငန်းစဉ်များသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေသဖြင့် လုပ်ငန်းစဉ်များ ရှေ့နောက်မှန်ကန်ရန်လည်း အရေးကြီးပါသည်။ ဆိုလိုသည်မှာ နိုင်ငံရေးဘုံသဘောတူညီချက်မရရှိဘဲ အခြေခံဥပဒေပြင်ဆင်ခြင်းသည် အောင်မြင်ရန်ခက်ခဲသကဲ့သို့ ရေရှည်တည်တံ့ရန်လည်း ခက်ခဲနိုင်ပါသည်။ သို့ဖြစ်သည့်အတွက် နိုင်ငံရေးဖြေရှင်းချက်လုပ်ငန်းစဉ် ရှေ့နောက်အစီအစဉ်ချမှတ်ရာတွင် လုပ်ငန်းစဉ်အဆင့်ဆင့်အတွက် လုံလောက်သော အခြေခံသဘောတူညီချက်မည်သည့်အတိုင်းအတာအထိရှိကြောင်း မျက်ခြည်မပြတ်ဆန်းစစ်သုံးသပ်ရန် လိုအပ်ကြောင်း၊ ရှေ့နောက်လုပ်ငန်းစဉ်မှန်ကန်မှသာ ပဋိပက္ခအခြေအနေမှ အခြေခံဥပဒေနှင့်အညီ အုပ်ချုပ်သည့် တည်ငြိမ်သောစနစ်သို့ အောင်မြင်စွာကူးပြောင်းနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံရေးသဘောတူညီချက်ရယူခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်းတို့ ထည့်သွင်းလုပ်ဆောင်ရန်လိုအပ်ပါက အဆင့်ဆင့်လုပ်ဆောင်ရန် လိုအပ်ကြောင်း IDEA ၏ Sequencing peace agreements and constitutions polical settlement process တွင် အကြံပြုဖော်ပြထားပါသည်။

သို့ဖြစ်ရာ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ၁၀ နှစ်ခရီးတွင် အစကောင်းခဲ့သော်လည်း ဒုတိယခရီးစဉ်တွင် ငြိမ်းချမ်းရေးအတွက် စစ်မှန်သော နိုင်ငံရေးစိတ်ဆန္ဒအားနည်းခြင်း၊ နိုင်ငံရေးအကျိုးအမြတ်အတွက် ငြိမ်းချမ်းရေးကို အသုံးချလာခြင်း၊ ပဋိပက္ခဖြေရှင်းရေး လုပ်ငန်းစဉ်များ ကျော်လွန်လုပ်ဆောင်လာခြင်းတို့မှာ နိုင်ငံအသွင်ကူးပြောင်းရေးနှင့် နိုင်ငံတည်ဆောက်ရေးအတွက် ကောင်းကျိုးထက် ဆိုးကျိုးများကို ဖြစ်ပေါ်စေခဲ့သည်။

ယနေ့တွင်လည်း အသွင်ကူးပြောင်းရေး၊ နိုင်ငံတည်ဆောက်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရန်ကျန်ရှိနေဆဲဖြစ်သည်။ ထိုသို့သော အချိန်တွင် ၁၀ နှစ်တာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ သင်ခန်းစာများကို ပြုပြင်၍ အတူလက်တွဲဆောင်ရွက်ကြမည်ဆိုလျှင် အနာဂတ်ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို ငြိမ်းငြိမ်းချမ်းချမ်းနှင့် တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါသည်။ ။

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက် ဆောင်ရွက်စို့**

## တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးအပ်သော အောက်ဆီဂျင်စက်နှင့် ဆက်စပ်ပစ္စည်းများ မြို့နယ်ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းပေးအပ်

**ဇီးကုန်း ဩဂုတ် ၁၉**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဇီးကုန်းမြို့နယ်ပြည်သူ့ဆေးရုံသို့ထောက်ပံ့ပေးအပ်သော အောက်ဆီဂျင်စက်နှင့် ဆက်စပ်ပစ္စည်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ မြို့နယ်ကျန်းမာရေးဦးစီးသို့ ယမန်နေ့က လွှဲပြောင်းပေးအပ်သည်။

မြို့နယ်ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးဝါးကုသမှုခံယူနေသော လူနာများမှ အောက်ဆီဂျင်လိုအပ်သောလူနာများအား အောက်ဆီဂျင်ပေးရာတွင် အသုံးပြုရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သော အောက်ဆီဂျင်စက် နှစ်လုံး၊ အောက်ဆီဂျင်အိုး နှစ်လုံးနှင့် Oxygen Flow meter နှစ်ခုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးအာကာဖြိုး၊ မြို့နယ်ခေတ္တ အုပ်ချုပ်ရေးမှူး ဦးသက်မိုးနှင့် အဖွဲ့ဝင်များက လွှဲပြောင်းပေးအပ်ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ဇော်နိုင်ဦးက လက်ခံယူသည်။

ဇီးကုန်းမြို့နယ်ပြည်သူ့ဆေးရုံ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့က ယခင်ပေးအပ်ခဲ့သော အောက်ဆီဂျင်စက်ငါးလုံးနှင့် ယခုပေးအပ်သော အောက်ဆီဂျင်စက်နှစ်လုံး စုစုပေါင်း ခုနစ်လုံးရှိကြောင်းနှင့် အောက်ဆီဂျင်လုံလောက်စွာရရှိရေးကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ် ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီတို့မှ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တင့်ဆွေ(ပြန်/ဆက်)

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကြက်မွေးမြူရေးခြံ သွားရောက်ကြည့်ရှု ထွက်ရှိကြက်ဥများ စျေးကွက်သို့ စျေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချမှုအားပေး

**မအူပင် ဩဂုတ် ၁၉**

ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း နှင့် တာဝန်ရှိသူများသည် ယမန်နေ့က မအူပင်မြို့ အ.ထ .က(၁)ကျောင်း ကိုဗစ်ကာကွယ်ဆေးထိုးနှံမှုကို အားပေးကာ မအူပင်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ ကိုဗစ်– ၁၉ ကာကွယ်ရေး အထောက် အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က မအူပင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကိုဗစ်– ၁၉ ကာကွယ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အတွက် ရောဂါကာကွယ်ရေးဝတ်စုံ ၁၀၀၊ အောက်ဆီဂျင်လီတာ ၄၀ ဆံ့အိုး အလုံး၂၀၊ အောက်ဆီဂျင်စက် နှစ်လုံးအပါအဝင် ကိုဗစ်–၁၉ ကာကွယ်ရေးဆေးဝါး ပစ္စည်းများနှင့် အလှူငွေကျပ်ငါးသိန်းအား ပေးအပ် လှူဒါန်းရာ ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ကျော်စွာလွင်နှင့် တာဝန်ရှိသူများက လက်ခံယူကြ သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မအူပင်မြို့အမှတ်(၆)ရပ်ကွက်ရှိ အလှူရှင် ဦးဉာဏ်ထွန်း(ခ) ဦးဒလစ်၏ အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မအူပင်မြို့နယ် တလုပ်လပ်အရှေ့ရွာမသို့ သွားရောက်ကာ ဥစားကြက်မွေးမြူရေးခြံကို ကြည့်ရှု စစ်ဆေးရာ မွေးမြူရေးခြံပိုင်ရှင် ဦးအားယူက ဥစား ကြက်အကောင်ရေ ၁၅၀၀၀ မွေးမြူထားပြီး တစ်ရက် လျှင် ပျမ်းမျှကြက်ဥအလုံးရေ ၁၂၀၀၀ ခန့် ထွက်ရှိ ကြောင်းနှင့် စျေးကွက်သို့ စျေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးပေးလျက်ရှိကြောင်း ရှင်းပြသည်။ **(ယာပုံ)**



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မွေးမြူ ရေးလုပ်ငန်းအတွက် မွေးမြူရေးခြံသုံးဆေးဝါးများ ဖြစ်သည့် ဖျန်းဆေးသုံးမျိုးနှင့် ကုသဆေးဝါးခုနစ်မျိုး အား ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်အတွင်း အောက်ဆီဂျင်လုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိ

**တောင်ကြီး ဩဂုတ် ၁၉**

ရှမ်းပြည်နယ် ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီလုပ်ငန်း ညှိနှိုင်းအစည်း အဝေးကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**



ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းက ကိုဗစ်– ၁၉ ရောဂါပိုးတွေ့ရှိသူ ၁၂၀ ရှိကြောင်း၊ တောင်ကြီးမြို့တွင် ရောဂါပိုးတွေ့ရှိမှု လျော့ကျနိုင်ရန် စည်းကမ်းလိုက်နာမှုများ လိုအပ် နေကြောင်း၊ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်များက ကြီးကြပ်ပေးရန် ပြောကြားလိုကြောင်း၊ အောက်ဆီဂျင်နှင့်ပတ်သက်၍ ရှမ်းပြည်နယ် မြောက်ပိုင်းတွင်လည်း လှူမှုကူညီရေးအသင်းတွင် အောက်ဆီဂျင်စက်များတပ်ဆင်နေပြီး တစ်ရက်လျှင် အလုံး ၁၂၀ ထွက်ရှိကြောင်း၊ စက်ရုံတည်ဆောက်မှု ပြီးပါက လီတာ ၄၀ ဆံ့အိုး အလုံး ၈၀၀ ခန့် ထွက်ရှိနိုင်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့မှ မှာယူထားသည့် အောက်ဆီဂျင်စက်များ ရောက်ရှိလာပါက မိုးမိတ်မြို့တွင်တစ်လုံး၊ တောင်ကြီးမြို့တွင် တစ်လုံး၊ မိုင်းဆတ်မြို့တွင် တစ်လုံး စုစုပေါင်းသုံးလုံးကို စက်ရုံတည်ဆောက်ကာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးအလုံး ၆၀၀ ကိုလည်း မှာထားပြီး ခရိုင်များနှင့် PNO အဖွဲ့များအား ၁၀ လုံးစီ ခွဲဝေပေးမည် ဖြစ်ကြောင်း၊ အောက်ဆီဂျင်နှင့် ပတ်သက်၍ မိမိတို့အနေဖြင့် လုံလောက်စွာ ဆောင်ရွက်ထားကြောင်း ပြောကြားသည်။

ဆက်လက်၍ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်နီလင်းအောင်က ကိုဗစ်– ၁၉ ရောဂါပိုးတွေ့ရှိမှု၊ ရောဂါပိုးကူးစက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ် ကိုဗစ်– ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦး၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများက ဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များအား မှာကြားကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## နမ့်ခမ်းမြို့ ပြည်သူ့ဆေးရုံအတွက် အောက်ဆီဂျင်အိုးများနှင့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်း

**နမ့်ခမ်း ဩဂုတ် ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့ရှိ ခုတင် ၁၀၀ ပြည်သူ့ဆေးရုံ၌ ကိုဗစ်– ၁၉ ရောဂါ ကုသရေးတွင် လိုအပ်သည့် အောက်ဆီဂျင်အိုးများနှင့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများကို ယနေ့နံနက်ပိုင်းက အလှူရှင်များက လာရောက်လှူဒါန်းသည်။

နမ့်ခမ်းမြို့ ခုတင် ၁၀၀ ပြည်သူ့ဆေးရုံအတွက် မူဆယ်မြို့ ၁၀၅ မိုင်ရှိ သစ်သီးဝလံကုန်စည်ဒိုင်အလှူရှင်များ၊ နမ့်ခမ်းမြို့ရှိ နမ့်ခမ်း မေတ္တာအဖွဲ့ (ထုန့်မောဝ်)နှင့် အလှူရှင်များက လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ငါးလုံး၊ ၁၀ လီတာဆံ့ အောက်ဆီဂျင်အိုးငါးလုံး၊ Flow Meter ၆၅ ခု၊ အောက်ဆီဂျင်တိုင်းကိရိယာ ၅၀၊ အောက်ဆီဂျင်ပိုက်(reservori bag) ၁၀၀ ၊ အောက်ဆီဂျင် mask အခု ၃၀၀၊ အောက်ဆီဂျင်ပိုက် (nasal cannula)အခု ၂၀၀ ၊ N95 နှာခေါင်းစည်း ၁၉၀၀၊ နှာခေါင်းစည်း ၁၅၀၀၀၊ မျက်နှာအကာ ၂၀၀၊ ဆေးရုံသုံးလက်အိတ်အခု ၁၀၀၀ နှင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ကုသရေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ နမ့်ခမ်းမြို့ ခုတင် ၁၀၀ ပြည်သူ့ဆေးရုံအုပ် ဒေါက်တာ စိုင်းလှတင်က လက်ခံကြောင်း သိရသည်။

**ဘဦး(နမ့်ခမ်း)**

# နမ္မတူမြို့နယ် ပြည်သူ့ဆေးရုံသို့ ကျန်းမာရေးသုံးပစ္စည်းများ လှူဒါန်း

**နမ္မတူ ဩဂုတ် ၁၉**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ နမ္မတူမြို့နယ်တွင် ကိုဗစ်– ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် ကုသရေးအတွက် ကျန်းမာရေးသုံး ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် မြောက်ပိုင်းနမ္မတူမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်သည်။



ထိုသို့ လှူဒါန်းရာတွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စား စစ်ဗျူဟာအခြေချ (နမ္မတူ)မှ ယာယီစစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး ကျော်ဇေဝင်းက လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးသုံးလုံး၊ Flow Meter သုံးစုံ၊ အောက်ဆီဂျင်စက် တစ်လုံး၊ ပါးစပ်နှင့်နှာခေါင်းစည်း ၂၅၀၀ ၊ အဆင့်(၁) ရောဂါကာကွယ်ရေး ဝတ်စုံ ၅၀၊ အဆင့်(၂) ရောဂါ ကာကွယ်ရေးဝတ်စုံ ၅၀၊ လက်အိတ်အစုံ ၂၀၀၊ အောက်ဆီဂျင်အိုးထရော်လီတစ်ခု၊ ပါရာစီတမောအလုံး ၁၀၀၀နှင့် ADIVIT. CZ အားဆေးအလုံး ၁၀၀၀ တို့အား ပေးအပ်လှူဒါန်းရာ နမ္မတူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းထွန်းနှင့် မြို့နယ်ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူများက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ (ဝဲပုံ)

**လူမော် (ပြန်/ဆက်)**

# မြို့သစ်မြို့၌ ဘေလီတံတားလေးစင်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**မြို့သစ် ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မြို့သစ်မြို့တွင် ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးနှင့် ဒေသတစ်ခုမှတစ်ခုသို့ စီးပွားကူးသန်းသွားလာရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် မြို့သစ်မြို့လမ်းဦးစီးဌာနမှ ဘေလီသစ်သားတံတားများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၈ ရက်က မင်းသာကျေးရွာ နန်းတီဆင်းတံတားအား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါနန်းတီဆင်းတံတားသည် မြို့သစ်မြို့ မင်းသာကျေးရွာ တမူး- စေတီကားလမ်း မိုင်တိုင်အမှတ်(၁၉/၂)နှင့် (၁၉/၃) အကြား နန်းတီဆင်းချောင်းတွင် တည်ရှိပြီး အရှည်ပေ ၁၆၀ ရှိ ဘေလီသစ်သားတံတား အမျိုးအစားဖြစ်သည်။

မြို့သစ်မြို့တွင် ဘေလီသစ်သားတံတားများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဩဂုတ်လပထမအပတ်မှစ၍ဆောင်ရွက်ရာ ချောင်းနက်တံတား၊ ကသည်းချောင်းတံတား၊ တီလမ်းဖာတံတား၊ နန်းတီဆင်းတံတားများအား ဘီးလမ်းကြမ်းခင်း လဲလှယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သည်။

ဆက်လက်၍ နောင်ခမ်းတံတား၊ တုံးကျော်တံတား၊ နန်းသလက်တံတား၊ ဝက်ရှုတံတား၊ ကြက်ပန်းတံတား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့သစ်မြို့လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံက သိရသည်။

အဆိုပါတံတားများသည် ကဘော်ချိုင့်ဝှမ်းဒေသ အထက်ပိုင်းကျေးရွာများနှင့် ဟုမ္မလင်းမြို့နယ်သို့ ဆက်သွယ်သွားလာရာတွင်အရေးပါသည့် တံတားများဖြစ်ကြောင်း သိရသည်။**ထွန်းမင်းအောင်(ကဘော်မြေ)**



မြို့သစ်မြို့တွင် ပြုပြင်ပြီးစီးသွားသည့် ဘေလီတံတားတစ်စင်းကို တွေ့ရစဉ်။

## စေတနာရှင် လူမှုဘဝစောင့်ရှောက်ရေးအသင်းသို့ လူနာတင်ယာဉ်သုံးစီး လှူဒါန်း

**မြောက်ဥက္ကလာပ ဩဂုတ် ၁၉**

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် စေတနာရှင် လူမှုဘဝစောင့်ရှောက်ရေးအသင်းသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများနှင့် Dead Body များ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အလှူရှင်များက လူနာတင်ယာဉ်များကို ယနေ့နံနက်ပိုင်းတွင် လာရောက်လှူဒါန်းသည်။**(အောက်ပုံ)**

ထိုသို့လှူဒါန်းရာတွင် အလှူရှင်များဖြစ်ကြသော ဦးစိုးတင့်- ဒေါ်အေးအေးကြည်(အလင်းရောင်ဆေးတိုက်) မိသားစုမှ ငွေကျပ်သိန်း ၈၀ တန်ဖိုးရှိ လူနာတင်ယာဉ်တစ်စီး၊ မုံရွာဆရာမိုး၏ သားဗိုလ်မှူးကျော်ကိုကိုရှိန်း- ဒေါ်မိုးပြည့်ပြည့်ဖြိုး မိသားစုမှ ငွေကျပ်သိန်း ၈၀ တန်ဖိုးရှိ လူနာတင်ယာဉ်တစ်စီး၊ ဦးခင်မောင်လတ်- ဒေါ်ညို(အထည် ဆိုင်) မိသားစုမှ ငွေကျပ် ၈၅ သိန်းတန်ဖိုးရှိ Dead Body သီးသန့်တင်ယာဉ်တစ်စီး လှူဒါန်းရာစေတနာရှင် လူမှုဘဝစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဦးမောင်ဌေးက လက်ခံရယူခဲ့ပြီး အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။



အဆိုပါ အသင်းအနေဖြင့် ကိုဗစ်- ၁၉ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ ကိုဗစ်- ၁၉ ရောဂါရှိသူများနှင့် ဆက်စပ်သူ၊ သံသယရှိသူများကို သက်ဆိုင်ရာ အသွားအလာကန့်သတ်ရေးစင်တာများ၊ ရောဂါတွေ့ရှိပါက ကုသရေးစင်တာများသို့ ပို့ဆောင်ပေးခြင်းနှင့် ပျောက်ကင်းပါက သွားရောက်ခေါ်ယူ၍ အိမ်အရောက်ပို့ဆောင်ပေးခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကွယ်လွန်သူများ၏ Dead Body များကို အခမဲ့သယ်ယူပို့ဆောင်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိကြောင်း အသင်းဥက္ကဋ္ဌ ဦးမောင်ဌေးထံမှ သိရသည်။

**မြမြဝင်း(ပြန်/ဆက်)**

## မိုင်းယောင်းမြို့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

**မိုင်းယောင်း ဩဂုတ် ၁၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာနမှ လဝကမှူး ဦးပွားမောင် ဦးဆောင်သည့် ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် တပ်မတော်သားမိသားစုဝင်များအတွက် အိမ်ထောင်စုလူဦးရေစာရင်းများ၊ ကလေးမွေးတိုးနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်၊ လဲလှယ်ထုတ်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး၊ ပျက်စီးမှုများအား မိတ္တူထုတ်ပေးခြင်းလုပ်ငန်းများကို ဩဂုတ် ၁၈ ရက်က ဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**

မိုင်းယောင်းမြို့နယ် လဝကရုံးတွင် နိုင်ငံတော်မှ သတ်မှတ်ပေးသည့် ရုံးပိတ်ရက်ကာလများအတွင်း ပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၌ မွေးတိုး၊ သေဆုံးစာရင်း ဆောင်ရွက်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်၊ လဲလှယ်ထုတ်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး၊ ပျက်စီးမှုများအား မိတ္တူထုတ်ပေးမှုဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်း တိုး၊ လျှော့၊ ပြောင်းဝင်၊ ပြောင်းထွက် ဆောင်ရွက်ပေးခြင်းလုပ်ငန်းများကို ရုံးဖွင့်ရက်များတွင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ရုံးလုပ်ငန်းချိန်အတွင်း ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**



## ဒလမြို့နယ်နေ ပြည်သူများအား ဈေးနှုန်းသင့်စားသောက်ကုန်များ ဆက်လက်ရောင်းချ

**ရန်ကုန် ဩဂုတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် ဒလမြို့နယ်နေ ပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်အတွက် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ စားသောက်ကုန်သယ်ယူ ပို့ဆောင်ရောင်းချရေးယာဉ်ဖြင့် ယနေ့နံနက်ပိုင်းက ဆက်လက်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ စားသောက်ကုန်ရောင်းချရေးယာဉ်သည် ဒလမြို့နယ် နာရီစင်အနီးတွင် ဒလမြို့နယ်နေပြည်သူများအား ဈေးနှုန်းသက်သာစွာဖြင့် ဆန်၊ ဆီနှင့် ကြက်ဥများအား တတိယနေ့အဖြစ်လာရောက် ရောင်းချပေးခြင်းဖြစ်ပြီး စားသုံးဆီ ၅၀ သား တစ်ဗူးလျှင်ငွေကျပ် ၁၈၅၀၊ ပေါ်ဆန်းဆန်ငါးပြည်အိတ်တစ်အိတ်လျှင်ငွေကျပ် ၈၅၀၀ (တစ်ပြည် ၁၇၀၀ကျပ်နှုန်း)၊ ဆန်ကြမ်းငါးပြည်အိတ်တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀(တစ်ပြည် ၁၀၀၀ကျပ်နှုန်း)၊ကြက်ဥ ၁၀ လုံးတစ်ကတ်လျှင်ငွေကျပ် ၁၃၀၀ ဖြင့် ရောင်းချကြောင်း သိရသည်။

မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်ကိုဆန်းက "ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန်မှာ ပြည်သူတွေ စားရေးသောက်ရေးအခက်အခဲ ဖြစ်နေကြတယ်။ ကျွန်တော်တို့ ဆန်စပါးကုန်သည်များအသင်းက ပြည်သူတွေအတွက် ဈေးနှုန်းသင့် ဆန်နဲ့ဆီကို လာရောင်းချပေးတာပါ။ အခက်အခဲဖြစ်နေတဲ့ ပြည်သူတွေကို အထောက်အကူဖြစ်စေဖို့ ရည်ရွယ်ပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းမှ တန်ဖိုးသင့် ဆန်နှင့်ဆီအား ဩဂုတ် ၁၇ ရက်တွင် ဒလ- တွံတေး ကားလမ်းမကြီး နာရီစင်အနီး၌လည်းကောင်း၊ ဩဂုတ် ၁၈ ရက်တွင် အုံ့ကြီးအနောက်ရပ်ကွက်နှင့်ဩဂုတ် ၁၉ ရက်တွင် နာရီစင်အနီး၌ လည်းကောင်း ရောင်းချပေးခဲ့သည်။

**မောင်ယဉ်ဦး**

## သုံးခွမြို့နယ် အောက်ဆီဂျင်ထုတ်လုပ်သည့် စက်ရုံနှင့် ဘိုးဘွားရိပ်သာတွင် အသုံးပြုနိုင်ရန် ငွေကျပ်သိန်း ၃၄၀ တန်ဖိုးရှိ မီးစက်တစ်လုံးလှူဒါန်း

**သုံးခွ ဩဂုတ် ၁၉**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် ကိုဗစ်လူနာများနှင့် အောက်ဆီဂျင် အသုံးပြုနေရသူများ၊ အောက်ဆီဂျင်လိုအပ်ချက်များပြားလာသဖြင့် အရေးပေါ်လွယ်ကူအဆင်ပြေစွာ ရရှိအသုံးပြုနိုင်ရန် အောက်ဆီဂျင် ထုတ်လုပ်သည့် စက်ရုံနှင့် ဘိုးဘွားရိပ်သာတွင် အသုံးပြုရန်အတွက် ငွေကျပ်သိန်း ၃၄၀ တန်ဖိုးရှိ Power Max ၁၅၀ ကေဗွီအေမီးစက်ကြီးတစ်လုံးကို ယမန်နေ့က လှူဒါန်းကြောင်း သိရသည်။

အဆိုပါ မီးစက်ကို သုံးခွမြို့နယ် ဘိုးဘွားရိပ်သာအတွင်းရှိ အောက်ဆီဂျင်စက်ရုံနှင့် ဘိုးဘွားရိပ်သာအတွက် မီးပျက်ပါက အဆင်သင့်အသုံးပြုနိုင်ရန် ဦးအောင်သန်း- ဒေါ်လှရီ (သား) ကိုထင်လင်းအောင်- မအေးအေးဆင့်( မြေး)မောင်ဉာဏ်မင်းထွန်း၊ သမီး မမေအိမွန်၊ ကိုကျော်မင်းဟန် မိသားစုက လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ အောက်ဆီဂျင်လီတာ ၄၀ ဆံ့ အိုးအလုံး ၁၂၀ ဖြည့်တင်း ထုတ်လုပ်ပေးနိုင်သော အောက်ဆီဂျင်စက် ရောက်ရှိနေပြီဖြစ်သည့်အတွက် ယခုလှူဒါန်းသော အဆိုပါမီးစက်တပ်ဆင်ပြီးပါက သုံးခွမြို့နယ် ပြည်သူများအား အောက်ဆီဂျင်ပြတ်လတ်မှုမရှိစေရေး ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြစ်ကြီးနားမြို့နယ်၌ ရေပြင်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြသ ရေဘေးအန္တရာယ်ကျရောက်နိုင်မှု အခြေအနေအတွက် ပြင်ဆင်ထားရှိ

မြစ်ကြီးနား ဩဂုတ် ၁၉

**ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယမန်နေ့က မြစ်ကြီးနားမြို့နယ်အတွင်းရှိ ရေဝပ်သည့် ရပ်ကွက်များ၏ မြေပြင်အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများအဖွဲ့သည် ပမ္မတီးရပ်ကွက် နယ်မြေ (၅) ရေဝပ်ရေအိုင်ခြင်းများအတွက် ရွှေလမ်းမကြီးလမ်းဘေး ဝဲ/ ယာ ကျောက်စီရေမြောင်းနှင့် ကွန်ကရစ်တံတား ဆောင်ရွက်ရန်လျာထားသည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များကို ဖြည့်စွက်ညှိနှိုင်းပေးသည်။

ယင်းနောက် အဆိုပါရပ်ကွက်ရှိ တောင်သူများ၏ လယ်ယာမြေများ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေမြုပ်ဖုံးလွှမ်းမှု မရှိစေရန် ရေနုတ်မြောင်းများ တူးဖော်ဖောက်လုပ် ဆောင်ရွက်ပေးနိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မော်ဖောင်းနယ်မြေရှိ ဝဥစိုက်ပျိုးထားခြင်းဖြစ်ထွန်းအောင်မြင်မှု အခြေအနေများကို လေ့လာကြည့်ရှုပြီး အဆိုပါ ဝဥအား ပြည်နယ်၏ ထုတ်ကုန်အဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ဝဥစိုက်သည့် တောင်သူများ ပိုမိုများပြားလာစေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများအား တိုက်တွန်းမှာကြားသည်။

ထို့နောက် မိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရွှေအိုက်ရပ်ကွက် ဘီစီလမ်း ရေဝပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မိုးတွင်းကာလတွင် ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် အဆိုပါလမ်းကို အမြန်ဆုံးပြုပြင်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြားသည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြို့မရပ်ကွက်ရှိ စည်ပင်သာယာမြစ်ဆိပ်တွင် ရေပြင်ရှာဖွေကယ်ဆယ်ရေးသရုပ်ပြသမှုကို အားပေးကြည့်ရှုကြပြီး ပြည်နယ်မီးသတ်ဦးစီးဌာန၊ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ၊ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေး (မြစ်ကြီးနား)၊ ပေးဆပ်သူ လူမှုကူညီရေးအသင်းတို့အား ထောက်ပံ့ငွေများ ပေးအပ်သည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဧရာဝတီမြစ်ကမ်းတစ်လျှောက် ရေထိန်းနံရံများနှင့် ရေဘေးအန္တရာယ်ကျရောက်နိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဗန်းမော်မြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်း မိုးစပါးစိုက်ခင်း ဧက ၂၈၀၀ ကျော် ရေကြီးနစ်မြုပ်

**ဗန်းမော် ဩဂုတ် ၁၉**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ်တွင် မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ဧရာဝတီမြစ်၊ တာပိန်မြစ်ရေမြင့်တက်လာပြီး မိုးစပါးစိုက်ခင်းများတွင် ဩဂုတ် ၁၈ ရက်မှ စတင်၍ ရေကြီးနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေကြီးနစ်မြုပ်လျက်ရှိသော ဗန်းမော်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၃ အုပ်စုမှ ကွင်းပေါင်း ၂၄ ကွင်းရှိ မိုးစပါးစိုက်ကေများ ရေကြီးနစ်မြုပ်လျက်ရှိပြီး အဆိုပါကွင်းတွင် တောင်သူပေါင်း ၆၇၄ ဦး၊ စိုက်ဧကပေါင်း ၁၅၉၉ ဧက တို့သည် ရေကြီးနစ်မြုပ်လျက်ရှိပြီး ဩဂုတ် ၁၉ ရက်တွင်လည်း ကျေးရွာအုပ်စု ၇ အုပ်စု၊ ကွင်းပေါင်း ၁၃ ကွင်း၊ တောင်သူပေါင်း ၂၈၁ ဦး၊ မိုးစပါးစိုက်ဧရိယာ ၁၂၉၂ ဧကတို့ကို ထပ်မံ၍ ရေကြီးနစ်မြုပ်လျက်ရှိကြောင်း သိရသည်။



ဗန်းမော် မြို့နယ်တွင် ရေကြီး နစ်မြုပ်လျက်ရှိသည့် စုစုပေါင်း ကျေးရွာအုပ်စု ၂၀၊ ကွင်းပေါင်း ၃၇ ကွင်း၊ တောင်သူ ၉၅၅ ဦး၊ မိုးစပါးစိုက်ဧရိယာ စုစုပေါင်း ၂၈၉၁ ဧကတို့တွင် ရေကြီးနစ်မြုပ်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ သိရသည်။

ဗန်းမော်မြို့နယ်တွင် ဧရာဝတီမြစ်ရေ၏ စိုးရိမ်ရေအမှတ်မှာ ၁၁၅၀ စင်တီမီတာဖြစ်ပြီး ဩဂုတ် ၁၉ ရက် နေ့လယ် ၁၂ နာရီခွဲတွင် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ၉၈၀ စင်တီမီတာအထိ မြင့်တက်လာသည့်အတွက် မိုးစပါးစိုက်ကေများ ရေကြီးနစ်မြုပ်မှု စတင်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ညောင်ဦးမြို့ မဏိစည်သူ ဈေးဝန်ထမ်းများအတွက် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်း

ညောင်ဦး ဩဂုတ် ၁၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ မဏိစည်သူဈေးတွင် တာဝန်ထမ်းဆောင်နေသော ဈေးဝန်ထမ်းများ ကိုဗစ် – ၁၉ ကာလ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် ယမန်နေ့က ညောင်ဦးမြို့ အမှတ်(၂) ယွန်းတန်းရပ်ကွက်နေ မန္တယ်နီမိသားစု (စားသောက်ကုန်ပစ္စည်းရောင်းဝယ်ရေး)က ညောင်ဦးမြို့ မဏိစည်သူဈေးရုံးသို့ လာရောက်ပြီး စားသောက်ကုန်ပစ္စည်း ၁၁ မျိုး ထောက်ပံ့လှူဒါန်းကြောင်း သိရသည်။

ထိုသို့ ဈေးဝန်ထမ်းများ ကိုဗစ် – ၁၉ ကာလ စားဝတ်နေရေး အခက်အခဲမဖြစ်စေရေးအတွက် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ရာတွင် အလှူရှင်မန္တယ်နီမိသားစု (စားသောက်ကုန်ပစ္စည်းရောင်းဝယ်ရေး)က ဆန် ၂၈ ပြည်၊ ကြက်သွန်ဖြူ၊ ငါးပိ၊ ကုလားပဲ၊ ခေါက်ဆွဲခြောက်ထုပ်၊ ဆား၊ ငရုတ်သီးခြောက်၊ ပဲမှုန့်၊ လက်ဖက်ခြောက်၊ ကြက်သားမှုန့်၊ ဂျင်း စသည့် စားသောက်ကုန်ပစ္စည်း ၁၁ မျိုးနှင့် ဆပ်ပြာတို့ကို ထောက်ပံ့လှူဒါန်းရာ ဈေးတာဝန်ခံ ဦးအောင်ကျော်မြင့်နှင့် တာဝန်ရှိသူများက လက်ခံကြကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

# တိုက်ကြီးမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**တိုက်ကြီး ဩဂုတ် ၁၉**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ရန်ကုန်- ပြည်လမ်း ဗောဓိကုန်းရပ်ကွက်ရှိ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသရုပ်ပြ လေ့ကျင့်ဆောင်ရွက်နေမှုများကို ယမန်နေ့က ဆောင်ရွက်ကြောင်း သိရသည်။

တိုက်ကြီးမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးနိုင်ဦး ဦးဆောင်သော ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များက ကြိုတင်သရုပ်ပြ လေ့ကျင့်ဆောင်ရွက်လျက်ရှိရာ အမှတ်(၁) တပ်မတော် တန်းမြင့်လေ့ကျင့်ရေး သင်တန်းကျောင်းမှ ဒုဗိုလ်မှူးကြီး ရဲကျော်သူ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးရဲမင်းအောင်၊ အဖွဲ့ဝင်(၂) ဦးမောင်မောင်လတ်နှင့် တိုက်ကြီးမြို့မ ရဲစခန်းမှ ရဲမှူးသန်းဦးတို့ ပါဝင်သောအဖွဲ့က လာရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက မြို့နယ်မီးသတ်ဦးစီးဌာနတွင် အသုံးပြုရန်အတွက် ပါးစပ်၊ နှာခေါင်းစည်းများနှင့် ပိုးသတ်ဆေးပုံးတို့ကို ပေးအပ်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်ဦးက လက်ခံယူကြောင်း သိရသည်။



**စန်းကလျာခိုင်(ပြန်/ဆက်)**

# အိမ်မဲမြို့နယ်သို့ အောက်ဆီဂျင်ထုတ်စက် ရောက်ရှိ

**အိမ်မဲ ဩဂုတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်သို့ အောက်ဆီဂျင်ထုတ်စက် ဩဂုတ် ၁၈ ရက်က ရောက်ရှိသည်။

အဆိုပါ အောက်ဆီဂျင်ထုတ်စက်မှာ ကွယ်လွန်သွားကြပြီ ဖြစ်သော အဖွား ဒေါ်ရင်းထော်၊ ဖခင်ကြီး ဦးအန်လူ - မိခင်ကြီး ဒေါ်စန်းကြည် သား ဦးအီချောင်းတို့အား ရည်စူးပြီး ကျန်ရစ်သူသားသမီး၊ မြေးမြစ်တို့က လှူဒါန်းပေးခြင်း ဖြစ်ကာ ယင်း အောက်ဆီဂျင်ထုတ်စက်ကို ရေတံခွန်သောက်ရေသန့်စက်ရုံဝင်းအတွင်း ယာယီထားရှိကြောင်း သိရသည်။



ယင်း အောက်ဆီဂျင်စက်နှင့် ပတ်သက်၍ ဆောင်ရွက်နိုင်ရန် မြို့မိမြို့ဖနှင့် စေတနာရှင် အလှူရှင်များက လှူဒါန်းပေးလျက်ရှိရာ ဩဂုတ် ၁၈ ရက်အထိ ငွေကျပ် သိန်း ၃၃၀ ကျော်ရရှိပြီး အောက်ဆီဂျင်ထုတ်စက် ထားရှိနိုင်ရေးအတွက် မြို့နယ် အောက်ဆီဂျင် ဖြစ်မြောက်ရေးကော်မတီ မှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အောက်ဆီဂျင်ထုတ်စက်ကို ဩဂုတ် ၁၉ ရက်တွင် စတင် လည်ပတ်နိုင်ရေးအတွက် ရန်ကုန်မြို့မှ ကျွမ်းကျင်ပညာရှင်များဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# ကျောက်တော်မြို့၌ အောက်ဆီဂျင်စက်ရုံ စတင်တည်ဆောက်လျက်ရှိ

**ကျောက်တော် ဩဂုတ် ၁၉**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်တွင် အတည်ပြုလူနာအချို့နှင့် နာမကျန်းလူနာများအတွက် အောက်ဆီဂျင်ပေးထားရသည့် အခြေအနေများကြောင့် အောက်ဆီဂျင်ပြတ်လပ်မှုမရှိစေရေးအတွက် ကျောက်တော်မြို့နယ် ပြည်သူများနှင့်စေတနာရှင် အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ဆီဂျင်စက်ရုံကို မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ စတင်တည်ဆောက်လျက်ရှိကြောင်း မြို့နယ်အောက်ဆီဂျင်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလူလူချေထံမှ သိရသည်။

အဆိုပါအောက်ဆီဂျင်စက်ရုံမှာ အလျားပေ ၅၀၊ အနံပေ ၃၀နှင့်အမြင့် ၁၈ ပေရှိ အာစီတစ်ထပ် အဆောက်အအုံဖြစ်ပြီး သတ်မှတ်ထားသော မြေကွက်ပေါ်တွင် အောက်ဆီဂျင်စက်ရုံဖြစ်မြောက်ရေးကော်မတီမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါစက်ရုံတည်ဆောက်ရေးအတွက် စေတနာရှင်အလှူရှင်များက ငွေကျပ်သိန်း ၂၀၀ ဖြင့် မတည်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အောက်ဆီဂျင်စက်ရုံတည်ဆောက်ပြီးပါက မြို့နယ်ပြည်သူ့ဆေးရုံအတွင်းရှိ အရေးပေါ်လူနာများအတွက် အချိန်မီဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး တစ်နေ့လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်ဘူးအလုံး ၈၀ ခန့် ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ခင်မောင်ထွန်း(ပြန်/ဆက်)

## ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ

# သုံးခွမြို့နယ်၌ အောက်ဆီဂျင်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်တော့မည်

**သုံးခွ ဩဂုတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ကိုဗစ်လူနာများနှင့် အောက်ဆီဂျင်အသုံးပြုနေရသူများ အောက်ဆီဂျင်လိုအပ်မှုအား လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်ရန်အတွက် တရုတ်နိုင်ငံမှ မှာယူခဲ့သော အောက်ဆီဂျင်ထုတ်စက်သည် ရန်ကုန်ဆိပ်ကမ်းမှ တစ်ဆင့် ထားရှိမည့် ဘိုးဘွားရိပ်သာသို့ ဩဂုတ် ၁၈ ရက်က ရောက်ရှိလာသည်။

အဆိုပါ အောက်ဆီဂျင်စက်သည် တစ်နေ့လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့အိုး အလုံး ၁၂၀ ဖြည့်တင်းထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ယင်း ငွေကျပ်သိန်း ၉၀၀ ကျော်တန်ဖိုးရှိ အောက်ဆီဂျင်ထုတ်စက်ကို ဦးအုန်းဆိုင် မိသားစု New Golden Gate(1991) Co.,Ltd.ခေတ်သစ်ပွဲရုံ ဘုရင့်နောင် ရန်ကုန်မြို့နှင့် ဦးကျော်ဝင်း Bright Light Group Co.,Ltd.၊ကြက်တံဆိပ်ပဲမျိုးစုံရောင်းဝယ်ရေးမိသားစုတို့က လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

အောက်ဆီဂျင်ထုတ်စက်ထားရှိရန် ငွေကျပ်သိန်း ၃၅၀ ခန့်တန်ဖိုးရှိ အဆောက်အအုံကို ဦးဆာသရား - ဒေါ်လာလီသာ မိသားစုက ဆောက်လုပ်လှူဒါန်းကြောင်း၊ ငွေကျပ်သိန်း ၃၄၀ တန်ဖိုးရှိ Power Max ၁၅၀ ကေဗွီအေ အင်ဂျင်မီးစက်ကို ဦးအောင်သန်း - ဒေါ်လှရီ မိသားစုက လှူဒါန်းကြောင်းသိရသည်။


ယခုရက်ပိုင်းအတွင်း အောက်ဆီဂျင်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း၊ သုံးခွမြို့နယ်အတွက်သာမက အခြားမြို့နယ်များမှ အောက်ဆီဂျင်လိုအပ်သူများအတွက်လည်း အောက်ဆီဂျင်ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။ **ကိုကျော် (သုံးခွ)**



# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဩဂုတ် ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




ဩဂုတ် ၂၁ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် သူတစ်ပါးအပေါ် ကောင်းမွန်သော စိတ်ထားထားရှိပါက မိမိတွင်လည်း တူသော အကျိုးကိုရရှိနိုင်မည်ဖြစ်ကြောင်း ပညာပေးရေးဆွဲထားသည့် **"ပုပုပါဝင်သည့် ကိုယ်ပျောက်ဝိဇ္ဇာ"** မျက်နှာဖုံးဇာတ်လမ်း၊ ဝါခေါင်လတွင် ကျရောက်သည့် စာရေးတံမဲပွဲအကြောင်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် **"ဝါခေါင်လနှင့် စာရေးတံမဲပွဲ"** သုတဆောင်းပါး၊ အပေါင်းအသင်းများကို ပေါင်းသင်းရာ၌ ကောင်းမွန်သော သူများကိုသာ ပေါင်းသင်းသင့်ကြောင်း ပညာပေးတင်ဆက်ထားသည့် **"ခွေးတောက်သရက်ပင်ချင်း ယှက်တော့"** နှစ်မျက်နှာကာတွန်း၊ အကြီးပီပီ ငယ်ရွယ်သူများကို သနားငဲ့ညှာတတ်သော မိုးသဲအကြောင်းကို တင်ဆက်ထားသည့် **"ကလေးခေါင်းဆောင်"** ကလေးဝတ္ထု၊ သတိအလွန်မေ့တတ်လွန်းသော ဦးအောင်ကြီးအကြောင်းကို ဟာသ ဖြစ်ဖွယ် တင်ဆက်ထားသည့် **"ဦးအောင်ကြီး"** တစ်မျက်နှာကာတွန်း၊ မိမိဘဝကို မကျေနပ်ဘဲ အခြားသူများဘဝကို လောဘတကြီးဖြင့် ရယူလိုသောဆန္ဒကြောင့် ပုံစံပြောင်းသွားသော ကြက်ဟင်းခါးသီးအကြောင်းကို တင်ဆက်ထားသည့် **"အခါးဒဏ္ဍာရီ"** ပုံပြင်၊ သူတစ်ပါးကို ကူညီဆောင်ရွက်ပေးပါက မိမိအခက်အခဲကြုံသောအခါတွင် အကူအညီရနိုင်ပုံကို တင်ဆက်ထားသည့် **"စည်းကမ်းရှိမှ ပျော်ရွှင်ရ"** နှစ်မျက်နှာကာတွန်း၊ တည်းခိုခန်းတစ်ခုသို့ သွားရောက် တည်းခိုသောအခါ တည်းခိုမည့်သူနှင့် ဧည့်သည်လက်ခံသည့်သူတို့ အပြန်အလှန်ပြောဆိုပုံဖြင့် တင်ဆက်ထားသည့် ရွှေသွေးအင်္ဂလိပ်စကားဝိုင်း၊ အင်္ဂလိပ်စာ သင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများ ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်ပန်းတောင်းမြို့၌ အိမ်ထောင်စု ၂၀၀၀ အတွက် ဆန်နှင့် စားသောက်ကုန်များလှူဒါန်း

**ကျောက်ပန်းတောင်း ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ပရဟိတလူငယ်များနှင့် အလှူရှင်များ စုပေါင်း၍ ဩဂုတ် ၁၈ ရက်က တမ္ဗဝတီရပ်ကွက်ရှိ တမ္ဗဝတီဈေးသစ်ကြီး၌ အိမ်ထောင်စု ၂၀၀၀ အတွက် သက်ဆိုင်ရာရပ်ကွက်များအလိုက်၊ ပရဟိတအသင်းများသို့ ဆန်နှင့် စားသောက်ကုန်များ ပေးအပ်လှူဒါန်းကြသည်။


"ကျွန်တော်တို့ ဒီနေ့လှူတဲ့တန်ဖိုးအနေနဲ့ကတော့ ဆန်အလှူရှင်တွေလှူတာက ၈၅ အိတ် တစ်အိတ်ကို ပျမ်းမျှငွေကျပ် ၃၀၀၀၀ နှုန်းနဲ့ဆိုဆန်တန်ဖိုးက ငွေကျပ် ၂၅ သိန်း၊ ကြက်ဥနဲ့ ကုန်စိမ်းတန်ဖိုးက ငွေကျပ် ၃၅ သိန်း စုစုပေါင်းငွေကျပ်သိန်း ၆၀ ဖိုးပါ။ နောက်ထပ်လည်း အလှူခံရရှိမှု အပေါ်မူတည်ပြီး ဆက်လှူသွားမှာပါ" ဟု ပရဟိတညီအစ်ကိုများအဖွဲ့မှ ကိုသက်ဝင်း (သန့်စက်သုံးဆီ)က ပြောသည်။

ယခုလှူဒါန်းမှုတွင် အခြေခံလူတန်းစား အိမ်ထောင်စု ၂၀၀၀ အတွက် တစ်အိမ်ထောင်လျှင် ဆန် တစ်ပြည်၊ ကြက်ဥငါးလုံး၊ ဂေါ်ဖီနှစ်ထုပ်၊ ပန်းမုန်လာတစ်ထုပ်နှင့် မုန်ညင်း၊ အာလူး၊ ရွှေဖရုံသီး၊ ခရမ်းသီး၊ ဂေါ်ရခါးသီးအစရှိသည့် မီးဖိုချောင်သုံး စားသောက်ကုန်များ ပါဝင်ကြောင်း သိရသည်။

အဆိုပါ ပရဟိတလူငယ်ညီအစ်ကိုများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခမဲ့ပိုးသတ်ဆေးဖျန်းခြင်း၊ ကိုဗစ်-၁၉ တတိယအကျော့တွင်လည်း အောက်ဆီဂျင်ရရှိရေးအတွက် အခြားမြို့များသို့ သွားရောက်ရှာဖွေဝယ်ယူကာ သုဂတိရှင်အသင်းနှင့် ချိတ်ဆက်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးကြသည်။ ယခုအခါ အခြေခံအိမ်ထောင်စုများအတွက် ပြည်သူမှပြည်သူသို့ လှူဒါန်းခြင်းအစီအစဉ်ကို အလှူခံရရှိငွေများဖြင့် ဆက်လက် ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

# ဘဝနတ်ထံပျံလွန်တော်မူ



**နေပြည်တော် ဩဂုတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မဟာဗောဓိလမ်း၊ (၁၄) ရပ်ကွက်၊ မဟာဓမ္မိကာရုံ (ကျိုက်ပိ) ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက၊ နိုင်ငံတော် ဩဝါဒါစရိယ၊ ရွှေတိဂုံစေတီတော် မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ဓမ္မာနုဓမ္မ မဟာဒွါရနိကာယဂိုဏ်း (ပန္နရသမ) သာသနာပိုင် ဆရာတော် ဘဒ္ဒန္တဂုဏောသန (အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက)၊ မဟာထေရ် မြတ်ကြီးသည် သက်တော် (၉၂)နှစ်၊ သိက္ခာတော်(၇၃)ဝါအရ ၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း(၁၂)ရက်၊ (၁၉-၈-၂၀၂၁)၊ ကြာသပတေးနေ့ နံနက်(၀၃ : ၅၃)နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် ယင်းနေ့ မွန်းလွဲ(၁၅:၀၀) နာရီအချိန်တွင် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အန္တိမအဂ္ဂိစျာပန ကျင်းပပြုလုပ်ခဲ့ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

---

## နိုင်ငံတော်ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မဟာဗောဓိလမ်း၊ (၁၄)ရပ်ကွက်၊ မဟာဓမ္မိကာရုံ(ကျိုက်ပိ)ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက၊ ဓမ္မာနုဓမ္မမဟာဒွါရနိကာယဂိုဏ်း (ပန္နရသမ)သာသနာပိုင်ဆရာတော်ဘဒ္ဒန္တဂုဏောသန (အဘိဓဇမဟာရဋ္ဌဂုရု၊အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏ ထေရုပ္ပတ္တိအကျဉ်း

### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ လေးအိမ်တန်းကျေးရွာတွင် ခမည်းတော် ဦးစိန်အုပ်၊ မယ်တော် ဒေါ်ကျင်ယုံမှ ၁၂၉၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁) ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၆ ခုနှစ်၊ တပေါင်းလဆန်း(၉) ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ချောင်းဖျားကျေးရွာ မဟာဗောဓာရာမကျောင်း ဆရာတော်ဘဒ္ဒန္တအတုလဝံသကို ဥပဇ္ဈာယ်ပြု၍ အဘိုး ဦးဖိုးတုတ်၊ အဘွားဒေါ်ဖွားဥတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၁၁ ခုနှစ်၊ နယုန်လပြည့်ကျော်(၁၂)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ချောင်းဖျားကျေးရွာ မဟာဗောဓာရာမကျောင်း ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော်ဘဒ္ဒန္တအတုလဝံသကို ဥပဇ္ဈာယ်ပြု၍ အဘိုး ဦးဖိုးတုတ်၊ အဘွား ဒေါ်ဖွားဥတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်သည် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ချောင်းဖျားကျေးရွာ မဟာဗောဓာရာမကျောင်းဆရာတော် ဘဒ္ဒန္တအတုလဝံသ၊ ဓနုဖြူမြို့ သဒ္ဓမ္မဇောတိကာရာမပါဠိတက္ကသိုလ်တောင်ပေါ်ကျောင်း ဆရာတော် ဘဒ္ဒန္တပုညိန္ဒ၊ ဘဒ္ဒန္တဉာဏသာဂရ၊ ဘိုကလေးမြို့ ဓမ္မိကာရာမကျောင်း ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မာလင်္ကာရ၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အလယ်တောရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသူရိယ၊ မန္တလေးမြို့ ဘုရားကြီးကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တနာရဒ၊ မိုးကောင်းညောင်ရမ်း ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇောတိက၊ ညောင်ကန်တိုက် ဆရာတော် ဘဒ္ဒန္တဉာဏဝရ၊ ရွှေရေးဆောင်တိုက်ဆရာတော် စသော ဆရာတော်များထံမှ ပရိယတ္တိ စာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး သာသနဓဇဓမ္မာစရိယ၊ ဒီဃနိကာယ ပါဠိပါရဂူဘွဲ့တို့ကို အောင်မြင်ရရှိတော်မူခဲ့ပါသည်။

### သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် သဒ္ဓမ္မဇောတိကာရာမ(ပါဠိတက္ကသိုလ်)တောင်ပေါ်စာသင်တိုက်နှင့် မဟာဓမ္မိကာရုံ(ကျိုက်ပိ)ပရိယတ္တိစာသင်တိုက်တို့၌ စာသင်သား ရဟန်း/သာမဏေများအား စာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ သာသနာတော်၏ အသက်ဖြစ်သော သိမ်ပေါင်း(၂၀)ကျော်ကို သိမ်သမုတ်ပေးတော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ၁၉၈၀ ပြည့်နှစ်(ပထမအကြိမ်)မှ (စတုတ္ထအကြိမ်)အထိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ (စတုတ္ထအကြိမ်)မှ(ပဥ္စမအကြိမ်)အထိ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ၂၀၁၈ ခုနှစ်မှစ၍ ဓမ္မာနုဓမ္မ မဟာဒွါရနိကာယဂိုဏ်း (ပန္နရသမ) သာသနာပိုင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ရွှေတိဂုံစေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ၂၀၁၃ ခုနှစ်မှစ၍ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော်အလှူခံ ရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနစုရာဝဟဂုဏ်၊ သာသနဟိတရေဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဍ္ဍနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ်၊ ခမာ၊ ဇာဂရိယဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၁၁ ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ၂၀၁၆ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ် လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၂)နှစ်၊ သိက္ခာတော်(၇၃)ဝါအရ ၁၃၈၃ ခုနှစ်၊ ဝါခေါင်လ ဆန်း(၁၂)ရက်၊ (၁၉-၈-၂၀၂၁)၊ ကြာသပတေးနေ့၊ နံနက်(၀၃:၅၃)နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ယင်းနေ့ မွန်းလွဲ (၁၅ :၀၀) နာရီအချိန်တွင် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အန္တိမအဂ္ဂိစျာပန ကျင်းပပြုလုပ်ခဲ့ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။



တိုက်ကြီးမြို့နယ် အဖျောက်မြို့ အမှတ်(၃)ရပ်ကွက်ရှိ သဲအင်းရိပ်သာကျောင်းတိုက် ဆရာတော်ထံ တိုက်ကြီးတပ်နယ်မှ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၉**

တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ် လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့ အမှတ်(၃)ရပ်ကွက်ရှိ သဲအင်းရိပ်သာကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် မဟာအောင်မြေမြို့နယ်၌ ဝါကပ်သီတင်း သုံးတော်မူကြသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင် ၃၇၆၉ ပါး၊ ပုသိမ်ကြီးမြို့နယ် လေးကျွန်းမာန်အောင်သာမဏေကျော်စာသင်တိုက်နှင့် ပျော်ဘွယ်မြို့နယ် ရန်အောင်ကျေးရွာ ဇေယုတောင်တောရကျောင်းတို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

**သစ်တောနှင့်သစ်ပင် ချင်ခင်တဲ့လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

---

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်ရှိ သံဃာတော်များအား ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

**နေပြည်တော် ဩဂုတ် ၁၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူစုစုပေါင်း ၁၉၁၄ ဦးတို့ကို လည်းကောင်း၊ ဧရာဝတီ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၅ မြို့နယ်အတွင်းမှ ထေရ်ကြီး ဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၂၈၆၁ ဦးတို့ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ကိုးမြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ပြည်သူစုစုပေါင်း ၅၃၄၆ ဦးတို့ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်တွင် သီတင်းသုံးနေသော သံဃာတော် အပါး ၁၇၀ အပါအဝင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူ စုစုပေါင်း ၁၁၆၅၇ ဦးတို့ကိုလည်းကောင်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၉**

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော် တို့တွင် မုတ်သုံလေ အားနည်းနေသည်။

မြန်မာ့ ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**


### ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် ကုန်စည်ပွဲရုံများစီမံခန့်ခွဲရေးဌာန ကွပ်ကဲမှုအောက်ရှိ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်-ရတနာဈေး သန့်စင်ခန်းအား BOT စနစ်ဖြင့် အငှားချထားရန်အတွက် အိတ်ပိတ်တင်ဒါအဆိုပြုလွှာများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၃-၈-၂ဝ၂၁ရက်မှ ၂၂-၉-၂ဝ၂၁ရက်အထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** - ဒုတိယထပ်၊ ဈေးများဌာန၊ မြို့တော်ခန်းမ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** - ၂၃-၉-၂ဝ၂၁ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီ

၅။ တင်ဒါစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန၏ ဖုန်း-ဝ၁-၃၇၆၇ဝ၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။ ၁၄-၇-၂ဝ၂၁ ရက်မှ စတင်ရောင်းချထားသည့် တင်ဒါလျှောက်လွှာဝယ်ယူထားမှုများ အကျုံးဝင်ပြီး တင်ဒါစည်းကမ်းပြင်ဆင်ချက်များအား လာရောက်ထုတ်ယူရန်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**


# စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအတွက် ဆန်၊ ဆီ၊ စားသောက်ကုန်ပစ္စည်းများထောက်ပံ့

**နေပြည်တော် ဩဂုတ် ၁၉**

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် တပ်မတော်နှင့် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် တောင်ပိုင်းအတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ဆန်၊ စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကိုလည်းကောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ အမေ့ရင်ခွင်ပရဟိတကျောင်းရှိ ကလေးငယ်များအတွက် ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် နှာခေါင်းစည်းများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မင်္ဂလာဇေယျူ ကျန်းမာရေးစောင့်ရှောက်ရေးအသင်းနှင့် မြင်းခြံခရိုင် ပြည်သူ့ဆေးရုံနှင့် စဉ့်ကူးမြို့နယ် ပြည်သူ့ဆေးရုံတို့တွင် တက်ရောက်ကုသနေသူများအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို လည်းကောင်း တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်များက သွားရောက် ထောက်ပံ့လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**








Myanmar Digital News နဲ့ နေ့စဉ်သတင်းတွေ ရယူဖတ်ရှုလိုက်ပါ....




- အွန်လိုင်းကနေ အမြို့မြို့အနယ်နယ်က သတင်းတွေကို မှန်မှန်နဲ့ မြန်မြန် ဖတ်ရှုချင်သလား။ မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာတွေကို Online ပေါ်မှာပဲ ဖတ်ချင်သလား၊ Download ဆွဲပြီး Offline နဲ့ပဲ ဖတ်ချင်သလား။
- Myanmar Digital News အမည်နဲ့ Mobile Application ကို Android, IOS တို့နဲ့လည်း အလွယ်တကူ ရယူဖတ်ရှုနိုင်ပါပြီ။
- အင်္ဂလိပ်ဘာသာနဲ့ ဖတ်ရှုချင်သူတွေအတွက်လည်း English Version နဲ့ ဖတ်ရှုနိုင်ပါပြီ။
- လွယ်ကူမြန်ဆန်စွာ ဖတ်ရှုချင်သူတွေအတွက် Myanmar Digital News မှာ အခုပဲ ဝင်ရောက်ဖတ်ရှုလိုက်ပါ။
- ၂ဝ၁၇ ခုနှစ်မှ ယနေ့အထိ ထုတ်ဝေခဲ့တဲ့ မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာများကို ရက်စွဲအလိုက် ရှာဖွေဖတ်ရှုနိုင်ပါပြီ။



### ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ကျန်းမာရေးနှင့် ဈေးများလုပ်ငန်းတာဝန်ခံအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ကုန်စည်ပွဲရုံများနှင့် စခန်းများမှ အောက်ဖော်ပြပါလုပ်ငန်း (၇)ခုအား ၁-၁ဝ-၂ဝ၂၁ရက်မှ ၃၁-၃-၂ဝ၂၂ရက်ထိ (၆လ) တင်ဒါစနစ်ဖြင့် အငှားချထားရန်အတွက် အိတ်ပိတ်တင်ဒါအဆိုပြုလွှာများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) နံ့သာကုန်းစက်ဘီးနှင့် ယာဉ်အပိုပစ္စည်း ရောင်းဝယ်ရေးစခန်း ယာဉ်ဝင်ခကောက်ခံခြင်း၊
(ခ) ဘုရင့်နောင်ပွဲရုံနှင့်ကုန်တင်ယာဉ်ရပ်နားစခန်း ယာဉ်ဝင်ခ၊ ယာဉ်ရပ်နားခကောက်ခံခြင်း၊
(ဂ) စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းယာဉ်ဝင်ခ၊ ယာဉ်ရပ်နားခကောက်ခံခြင်း၊
(ဃ) ကျိုက္ကဆံယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်းယာဉ်ဝင်ခ၊ ယာဉ်ရပ်နားခကောက်ခံခြင်း၊
(င) ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း ဆိပ်ကမ်းကပ်ခနှင့် ကုန်တင်ကုန်ချ ဆိပ်ကမ်းခွန်ကောက်ခံခြင်း၊
(စ) ကျိုက္ကဆံယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်း ယာယီပစ္စည်းစုပုံခွန်ကောက်ခံခြင်း
(ဆ) စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း အဆောင်အမှတ်(၁၁၃)၊ အခန်းအမှတ်(၉)ငှားရမ်းခြင်း။

၂။ တင်ဒါစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကုန်စည်ပွဲရုံများ၏ ဖုန်း-ဝ၉-၄၂ဝ၁၄၄၁၁၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။ ၂၉-၆-၂ဝ၂၁ရက်မှ စတင်ရောင်းချထားသည့် တင်ဒါလျှောက်လွှာ ဝယ်ယူထားမှုများ အကျုံးဝင်ပြီး တင်ဒါစည်းကမ်း ပြင်ဆင်ချက်များအား လာရောက်ထုတ်ယူရန်ဖြစ်ပါသည်။

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၃-၈-၂ဝ၂၁ရက်မှ ၂၂-၉-၂ဝ၂၁ရက်ထိ

၄။ **တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** - (၇)လွှာ၊ ၁၂ထပ်ခွဲရုံး၊ (၄၆)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

၅။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၂၃-၉-၂ဝ၂၁ရက် (ကြာသပတေးနေ့) နံနက် ၁ဝနာရီ

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**


## အိုဇုန်းလွှာနှင့် ရာသီဥတုကောင်းမွန်ဖို့ လက်တွဲညီညီ ဆောင်ရွက်စို့


### ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် အောက်ဖော်ပြပါ Shop House ဆိုင်ခန်းများ၊ တိုက်ခန်းများတို့ကို တင်ဒါစနစ်ဖြင့် ရောင်းချခြင်း၊ အငှားချထားခြင်းတို့ဆောင်ရွက်မည်ဖြစ်သဖြင့် အဆိုပြုလွှာ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) အင်းစိန်မြို့နယ်၊ အဆင့်မြင့်လက်ကားဈေး (တညင်းကုန်း)စီမံကိန်းမှ Shop House ဆိုင်ခန်း(၈)ခန်းအား ရောင်းချခြင်း၊
(ခ) ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ အမှတ်(၁/၅-အေ)ရှိ မြေ(ဝ.၅)ဧကနှင့် ယင်းမြေပေါ်ရှိ (၅၈x၇၈)ပေနှင့် (၃၁x၂၅)ပေအရွယ်ရှိ နှစ်ထပ်တိုက်အဆောက်အအုံ(၂)လုံးတို့အား စားသောက်ဆိုင်လုပ်ငန်းနှင့်ဆက်နွှယ်သည့် အလားတူဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရန်အတွက် အငှားချထားခြင်း၊
(ဂ) ဒဂုံမြို့နယ်၊ ပြည်သူ့ရင်ပြင်နှင့်ပြည်သူ့ဥယျာဉ်အတွင်းရှိ မြေဧရိယာ (၃.၂၈)ဧကနှင့်အဆိုပါမြေပေါ်ရှိ နှစ်ထပ်အဆောက်အအုံအား အငှားချထားခြင်း။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၃-၈-၂ဝ၂၁ရက်မှ ၂၂-၉-၂ဝ၂၁ရက်အထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ**

အပိုဒ် ၁။ (က) အတွက် - မြို့တော်ခန်းမ(ဒုတိယထပ်)၊ ဈေးများဌာန
အပိုဒ် ၁။ (ခ) အတွက် - (၁ဝ)ထပ်ရုံး၊ စည်ပင်လမ်း၊ ကျောက်တံတားမြို့နယ်
အပိုဒ် ၁။ (ဂ) အတွက် - ဒဂုံမြို့နယ်၊ ဦးဥတ္တမပန်းခြံအတွင်းရှိ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန (ရုံးချုပ်)

၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၂၃-၉-၂ဝ၂၁ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီ

၅။ တင်ဒါစည်းကမ်းနှင့်အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများနှင့် ကုန်စည်ပွဲရုံများစီမံခန့်ခွဲရေးဌာန၏ ဖုန်း-ဝ၁-၃၇၆၇ဝ၈၊ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ (၁ဝ)ထပ်ရုံး၊ စည်ပင်လမ်း၊ ကျောက်တံတားမြို့နယ်၏ ဖုန်း-ဝ၁-၈၂၄၉၅၂၅ နှင့် ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန၏ ဖုန်း-ဝ၉-၅ဝ၄၉ဝ၇၁၊ ဝ၉-၄၅၅၂ဝ၃၇၄ဝတို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။ ၅-၇-၂ဝ၂၁ရက်မှစတင်ရောင်းချထားသည့် တင်ဒါလျှောက်လွှာဝယ်ယူထားမှုများ အကျုံးဝင်ပြီး တင်ဒါစည်းကမ်းပြင်ဆင်ချက်များအား လာရောက်ထုတ်ယူရန်ဖြစ်ပါသည်။

**တင်ဒါကော်မတီ**
**ရန်ကုန်မြို့တော်စည်ပင်သာယာကော်မတီ**


# လယ်ဝေး၊ ဒေါပုံနှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၉**

နေပြည်တော်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၈ ရက် နံနက် ၁၁ နာရီတွင် လယ်ဝေးမြို့နယ် သာဝတ္ထိကျေးရွာ သာဝတ္ထိပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ချစ်ကိုကို မောင်းနှင်ပြီး ဝဏ္ဏလိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉ဝဝ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၈ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက်ရှိ အောင်နိုင်ထွန်း(ခ) ဗိုက်ပူ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၂ဝဝ ၊ အိုက်စ် သုညဒသမ ဝ၆ ကီလိုနှင့် ဆေးခြောက် သုည ဒသမ ဝ၁၅ ကီလိုတို့ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက်ပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု ဝမ်နား ခမ်းကျေးရွာအနီးတွင် ချင်းဇော မောင်းနှင်ပြီး အားဆာ(ခ)ဘီလီ လိုက်ပါလာသည့် ဆိုင်ကယ်ကို စစ်ဆေးရန် ရပ်တန့် ခိုင်းစဉ် ချင်းဇောမှာ ထွက်ပြေးသွားပြီး အားဆာထံမှ စိတ်ကြွ ရူးသွပ်ဆေးပြား ၈ဝဝဝဝ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း
## ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ
## ဆရာတော် ဘဒ္ဒန္တ ဂုဏေသန
## အဘိဓဇမဟာရဋ္ဌဂုရု၊
## အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ၊
## အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊
## နိုင်ငံတော်ဩဝါဒါစရိယ
## သက်တော်(၉၂)၊ သိက္ခာတော်(၇၃)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မဟာဓမ္မိကာရုံပရိယတ္တိစာသင်တိုက်၊ ကျိုက်ပိကျောင်းဦးစီးနာယကဆရာတော်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ ဂုဏေသနသည် (၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်) ၁၉-၈-၂၀၂၁ ရက်၊ (ကြာသပတေးနေ့)နံနက် ၃:၅၃ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ကြားသိရပါသဖြင့် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့အတွက် ကြီးမားသောဆုံးရှုံးမှုဖြစ်ကြောင်း ဦးခိုက်ပူဇော်ကန်တော့၍ လေးမြတ်စွာ မှတ်တမ်းတင်အပ်ပါသည်။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း တစ်လပြည့်
## ဆရာတော် ဘဒ္ဒန္တဇယန္တ မဟာထေရ်
## (သာသနဓဇ ဓမ္မာစရိယ)
## သက်တော်(၇၉)နှစ်၊ သိက္ခာတော် (၅၈)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံ(တောင်)၊ စံပြရပ်ကွက်၊ ဂွတ္တာလစ်မင်းလမ်း၊ သာသနာရာမိက ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဆရာတော်ဘဒ္ဒန္တဇယန္တ(မဟာထေရ်)သည် ၁၃၈၃ခုနှစ် ဝါဆိုလဆန်း ၁၄ရက်၊ ၂၂-၇-၂၀၂၁ရက် (ကြာသပတေးနေ့) နံနက် ၅:၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားသည်မှာ ၂၂-၈-၂၀၂၁ရက်တွင် တစ်လပြည့် မြောက်ပြီဖြစ်ပါသဖြင့် ဆရာတော်ကြီးအား ရည်စူး၍ ဆွမ်း၊ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ကို သံဃာတော်အရှင်သူမြတ်တို့အား လှူဒါန်းမှုပြုလုပ်မည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးရှိ တပည့်သံဃာတော်များနှင့်တကွ ဒါယကာ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**တပည့်သံဃာတော်များနှင့်**
**ဒါယကာ ဒါယိကာမများ**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော် ဆိုင်ကယ် စီးနင်း သူများသည် ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုး တပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်း**
**ထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အမှတ်(၂)လမ်းမကြီးဘေး၊ ရှမ်းတဲကြီးအထက်ကျေးရွာ၊ ကွင်းအမည် ဥက္ကံကွင်း၊ ကွင်းအမှတ် ၁၀၈၄(က)၊ ဦးပိုင်အမှတ် ၃/က၊ ဦးခင်မောင်သိန်း အမည်ပေါက် ဧရိယာ ၃ ဒသမ ၆၄ဧကရှိ မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း(အလျား ၉၂ပေ x အနံ ၃၁၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဦးခင်မောင်သိန်းထံမှ အရပ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်သန်းသန်းဝင်း ၁၃/လလန(နိုင်)၀၅၅၄၇၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
**ဒေါ်အေးမင်းသန့်**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၅၉)
**Thant Law Firm**
အမှတ်(၄၂)၊ ပထမထပ်၊ အင်းစိန်လမ်းကြီးနှင့် စံရိပ်ငြိမ်(၂)လမ်းထောင့်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၅၀၀၂၇၈၃၃

## ကွယ်လွန်သူ ဦးဝင်းကြည် ကျန်ရစ်သော ပစ္စည်းအရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးတားမြစ်ကြေညာခြင်း

ဦးဝင်းကြည်နှင့် ဇနီး ဒေါ်သန်းသန်းအေးတို့တွင် သားသမီး(၄)ဦး မွေးဖွားခဲ့ပါသည်။ ဦးဝင်းကြည်သည် (၄-၈-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်ပါသည်။ ကွယ်လွန်သူ ဦးဝင်းကြည် ကျန်ရစ်သော ရွှေ့ပြောင်း နိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်တို့ကို ဇနီး ဒေါ်သန်းသန်းအေးက အမွေဆက်ခံ ပိုင်ဆိုင်ပါသည်။ ဦးဝင်းကြည်သည် ပိုင်ဆိုင်မှု စာရွက်စာတမ်းများနှင့် ဂရန်များကို သိမ်းဆည်းထားသူဖြစ်ပါသည်။ ကွယ်လွန်သူ ကျန်ရစ်ခဲ့သော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းအရပ်ရပ်တို့ကို ဇနီး ဒေါ်သန်းသန်းအေး သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူမျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်ခြင်း၊ အာမခံအဖြစ် တင်သွင်းခြင်း၊ စီမံခန့်ခွဲခြင်းများကို မပြုလုပ်ရန် တားမြစ် သတိပေးအပ်ပါသည်။ လိုက်နာခြင်းမရှိဘဲ တားမြစ်ချက်ကို ဖောက်ဖျက်ပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးတားမြစ်ကြေညာအပ်ပါသည်။

**ဇနီးဒေါ်သန်းသန်းအေး၏**
**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဖြူဖြူစိုး(L.L.B, D.B.L)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀ရ၅၄)
တိုက်-၉/၁၁၊ အခန်း(၂၀၂/အေ)၊ ဒုတိယထပ်၊
၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)
## Open Tender ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မင်းတုန်းတံတား(ရေနံ့သာ)တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်လျက်ရှိသော စက်သုံးဆီ(ဒီဇယ်ဆီ)နှင့် လုပ်ငန်းခွင်သုံးပစ္စည်းများဝယ်ယူခြင်းကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်။

၂။ COVID-19 ရောဂါကူးစက်ပြန့်ပွားမှုမဖြစ်စေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ တင်ဒါစိစစ်ရွေးချယ်ခြင်း အစီအစဉ်အား ဆောင်ရွက်မည်ဖြစ်ပါသည်။

| | |
|---|---|
| **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** | - ၂၀-၈-၂၀၂၁ ရက် |
| **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** | - ၁-၉-၂၀၂၁ ရက် |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** | - ၃-၉-၂၀၂၁ ရက် နံနက်၁၀:၀၀ နာရီ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** | - ရောဝတီတံတား (သရက်-အောင်လံ) ရှင်းလင်းဆောင်ခန်းမ၊ အောင်လံမြို့ |

၃။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မေတ္တာလမ်း၊ တောင်ဥက္ကလာပ(မြင်သာ)၊ ရန်ကုန်မြို့၊ ရောဝတီတံတား(သရက်-အောင်လံ) စီမံကိန်းနှင့်မင်းတုန်းတံတား(ရေနံ့သာ) စီမံကိန်းလုပ်ငန်းခွင်ရုံးတို့တွင် ၂၀-၈-၂၀၂၁ ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းရမည့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| ရန်ကုန်မြို့ | - ၀၉-၄၀၁၅၅၆၂၃၃ |
| ရောဝတီတံတား(သရက်-အောင်လံ)စီမံကိန်း | - ၀၉-၂၅၄၃၂၂၅၄၀ |
| မင်းတုန်းတံတား(ရေနံ့သာ)စီမံကိန်း | - ၀၉-၂၅၅၅၆၀၀၀၅၊ ၀၉-၄၃၁၆၅၁၀၈ |

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အမည်မှန်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ကျန်စစ်သားရပ်ကွက်နေ ဦးသိန်းသန်းထွန်း၏ သမီးဖြစ်သူ မဖူးပွင့်ဟန်၏ အမည်မှန်မှာ မအိသူသူဟန် ၉/ဇယသ(နိုင်)၀၁၈၁၃၃ ဖြစ်ပါကြောင်း။

## အမည်မှန်

ဦးလှမောင်၏ သမီး မုံရွာမြို့၊ မအူအုပ်စု၊ လင်းပင်ဝရွာနေ ဒေါ်စန်းစန်းအေး၏ အမည်မှန်မှာ အလပြ ဆရာမ ဒေါ်ချိုချိုမြင့် ၅/ရဘန(နိုင်)၀၁၉၂၇၅ ဖြစ်ပါကြောင်း။

## နှိုးဆော်တိုက်တွန်းခြင်း

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ ရန်အောင်(၁)ရပ်ကွက်၊ မဟာလယ်တီစံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ အကျိုးတော်ဆောင်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကုဏ္ဍာဝုဓ၊ သက်တော် ၇၃ နှစ်၊ သိက္ခာတော် ၅၃ ဝါသည် ၃-၈- ၂၀၂၁ ရက်၊ နံနက် ၁၀ နာရီတွင် ဘဝနတ်ထံ စံမြန်းတော်မူခဲ့ပြီး ယင်းနေ့ ညနေ ၄:၄၅ နာရီတွင် အဂ္ဂိစျာပန အခမ်းအနား ကျင်းပပြီးစီးခဲ့ပြီးဖြစ်ပါသည်။ သရီရဓာတုပဝါဟနပူဇာ ဓာတ်ပြာတော်များကို အကြောင်းပြု၍ အန္တိမစျာပနပွဲကို COVID-19 ကင်းစင်သည့်ကာလတွင် ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်ထားပါသဖြင့် ရဟန်းရှင်လူအများ ပြည်သူအပေါင်းတို့မှ အလှူတော်ငွေများကို အောက်ဖော်ပြပါ လူပုဂ္ဂိုလ်များထံတွင် လှူဒါန်းပူဇော်နိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန် ဖုန်းနံပါတ်များ-**

| | | | |
|---|---|---|---|
| (၁) | ဘဒ္ဒန္တပညာဝုဓ | ကန်လည်ကျောင်းတိုက် ပျဉ်းမနားမြို့ | ၀၉-၄၂၀၇၃၀၆၇၂ |
| (၂) | ဦးမိုးဇော်ရွှေ | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန | ၀၉-၄၂၉၂၀၇၉၆၄ |
| (၃) | ဦးရဲမြင့် | ဒုတိယအမြဲတမ်းအတွင်းဝန်(ငြိမ်း) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ၀၉-၂၅၀၇၀၀၅၆၆ |
| (၄) | ဦးအောင်ခင် | ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၀၉-၅၃၁၀၆၂၂ |
| (၅) | ဦးဆန်းထွန်းအောင် | ညွှန်ကြားရေးမှူး နေပြည်တော်သာသနာရေးမှူးရုံး | ၀၉-၇၆၅၁၀၆၂၇၂ |
| (၆) | ဦးလှထွန်း | လုပ်ငန်းရှင် ပျဉ်းမနားမြို့ | ၀၉-၄၂၈၃၀၀၆၃၃ |
| (၇) | ဦးမောင်မောင်သန်း | မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပျဉ်းမနားမြို့ | ၀၉-၄၅၀၀၁၂၃၂ |
| (၈) | ဒေါ်တင်ထွေးမော် (သုခမ္မသိင်္ဂီ) | ငွေပလ္လင်မိသားစု ဇမ္ဗူသီရိမြို့နယ် | ၀၉-၇၆၇၆၅၅၅၇ |

**မှတ်ချက်** - အန္တိမစျာပနပွဲကို သင့်တော်သည့်နေ့ရက်တွင် ကျင်းပမည်ဖြစ်ပြီး ကျင်းပမည့်နေ့ရက်ကို အလှူရှင်များထံ ကြိုတင်အသိပေးမည်ဖြစ်ပါသည်။

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပြည်ထောင်စုလမ်းနေ ဦးမျိုးဝင်း ၁၂/ကမတ(နိုင်)၀၃၄၇၃၈၏သား မောင်သီဟအောင် ၁၂/ဒဂမ(နိုင်)၀၃၁၄၆၉ သည် ဖခင်ဖြစ်သူကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ**

**ဦးမျိုးဝင်း**
**၁၂/ကမတ(နိုင်)၀၃၄၇၃၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့မတောင်ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ်(၂၇)နေ ဒေါ်စန်းစန်းသင်း(ဘ)ဦးလှကြည် ၁၂/သကတ(နိုင်)၁၀၀၃၂၆၊ ဒေါ်သင်းသင်းနွယ်(ဘ)ဦးလှကြည် ၁၂/သကတ(နိုင်)၁၀၆၆၁၂ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ မြို့မတောင်ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ်(၂၉)ဟုခေါ်တွင်သည့် ၄၀'x၆၀' အကျယ်ရှိ မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ခင်မြင့်(ဘ)ဦးအေးဖေ ၁၂/သလန(နိုင်)၀၁၂၆၆၁ က လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် အဆိုပါမြေကွက်ကြီးအတွင်းမှ ခေါင်းရင်းဘက်ခြမ်းအစိတ်အပိုင်းဖြစ်သော (၂၀x၆၀)ပေအကျယ်ရှိ မြေကွက်နှင့်လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား ကျွန်မတို့၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၇ ရက်အတွင်း ခိုင်မာသော စာရွက်စာတမ်း(မူရင်း)အပြည့်အစုံဖြင့် ကျွန်မတို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဒေါ်စမ်းစိမ့်စိမ့်အေး(LL.B)** | **ဒေါ်ခိုင်သူဇာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၉၄၉/၂၀၁၃)** | **(စဉ်-၉၇၃၄/၂၀၁၄)** |
| **ဖုန်း-၀၉-၄၂၀၅၃၁၁၀** | **ဖုန်း-၀၉-၄၂၀၅၃၁၀၁** |

**(ရုံးခန်း)ရန်ကုန်တောင်ပိုင်းခရိုင်၊ တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့နယ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်-(၃/၂၀၂၁)
## ၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်
## ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) တောအုပ်ကြီး (၄၄)နေရာအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) သိပ္ပံ(သစ်တော)ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- (ဂ) ၃၁-၈-၂၀၂၁ ရက်တွင် အသက်(၃၀)ထက် မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူ၊ မဟာဘွဲ့(သစ်တော)ရပြီးသူဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဃ) အနည်းဆုံး လုပ်သက်တစ်ဆက်တည်း(၅)နှစ် တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (င) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်၍ ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အောက်ပါအထောက်အထားများ(pdf format ဖြင့် scan ဖတ်၍)ပူးတွဲလျက် administration@forest.gov.mm သို့ ၂၆-၈-၂၀၂၁ ရက် နောက်ဆုံးထား၍ Online စနစ်ဖြင့်သာ ပေးပို့လျှောက်ထားရမည် (လူကိုယ်တိုင် လာရောက်လျှောက်ထားရန်မလိုပါ)-
- (က) ဘွဲ့လက်မှတ်မူရင်း (စာမေးပွဲဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်း တင်ပြရန်)၊
- (ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မူရင်း (စစ်ဆေးသည့်အခါ အောင်လက်မှတ်မူရင်း တင်ပြနိုင်ရမည်။)
- (ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံထားသည့် ပြစ်မှု/မှုခင်းကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊
- (ဃ) ပြင်ပမှ လျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်း၊
- (င) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်း

၄။ စည်းကမ်းနှင့် မကိုက်ညီသော(သို့မဟုတ်) မပြည့်စုံသော (သို့မဟုတ်)သတ်မှတ်ရက်ထက်ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲကို မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ ဘာသာရပ်များဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲ ကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာနှင့် စာမေးပွဲဖြေဆိုရန်အတွက် လျှောက်ထားသူတစ်ဦးချင်းစီ၏ စာမေးပွဲခုံနံပါတ်များကို သစ်တောဦးစီးဌာန၏ Website www.forestdepartment.gov.mm နှင့် www.facebook.com/forestdepartment.gov.mm တို့တွင် ကြိုတင်ကြေညာပေးသွားမည်ဖြစ်ပါသည်။

၆။ လက်ရှိ COVID-19 သတ်မှတ်ချက်များအရ နေပြည်တော်တွင် နေထိုင်သူများကို သစ်တောသုတေသနဌာနတွင်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေထိုင်သူများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံးများတွင်လည်းကောင်း ရေးဖြေစစ်ဆေးသွားမည်ဖြစ်ပါသဖြင့် လက်ရှိနေရပ်လိပ်စာနှင့် ရေးဖြေဖြေဆိုလိုသည့် တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော် တို့အား တိကျစွာ ထည့်သွင်းဖော်ပြလျှောက်ထားရပါမည်။

၇။ အခြားစုံစမ်းမေးမြန်းလိုပါက သစ်တောဦးစီးဌာန၊ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၀၅၄၀၃၊ ၀၆၇-၃၄၀၅၁၈၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး လျှောက်လွှာပုံစံများကို အောက်ဖော်ပြပါ Link https://bit.ly/3o07Tob တွင် Download ရယူနိုင်ပါသည်။

**သစ်တောဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၅/၂ ရပ်ကွက်၊ မြရတနာလမ်း၊ အမှတ်-၆၄ ဟုခေါ်တွင်သော (၄၀'x၆၀')ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ်နေအိမ် (၂)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးအား တရားဝင်ပိုင်ဆိုင်သူ ဦးအောင်ဇော်တိုး ၁/ဗမန(နိုင်)၀၆၅၉၂၂ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မြအေး ၁၁/မဥန(နိုင်)၀၄၃၄၄၀ နှင့် ဒေါ်အေးသိန်း ၁၁/မအန(နိုင်)၀၃၃၈၁၈ တို့က ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စရပ်အား ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဒေါ်ဇင်မာထွန်း(LL.B,D.B.L)** | **ဦးထွန်းလင်းကျော် (LL.B,D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၁၀၀၇၃** | **စဉ်-၁၃၀၁၅** |

**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၄၄၈၀၀၈၇၁၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အမှတ်(၂)လမ်းမကြီးဘေး၊ သနပ်ပြင်ကျေးရွာ၊ ကွင်းအမည်-တလုပ်ကုန်းကွင်း၊ ကွင်းအမှတ်-၁၀၅၇-ခ၊ ဦးပိုင်အမှတ်-၂၅/၂၊ ဦးအောင်ငွေအမည်ပေါက် အကျယ်အဝန်း(အလျား၅၃ ပေx အနံ ၁၃၅ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးအောင်ငွေ ကွယ်လွန်ပြီးနောက် တရားဝင်အမွေဆက်ခံကာ လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာသူ ကွယ်လွန်သူ ဦးအောင်ငွေ၏ဇနီး ဒေါ်ဖြူတုတ် ၁၂/လကန(နိုင်)၀၆၆၇၉၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
**ဒေါ်အေးမင်းသန့်**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၅၉)
**Thant Law Firm**
အမှတ်-၄၂၊ ပထမထပ်၊ အင်းစိန်လမ်းမကြီးနှင့် စံရိပ်ငြိမ်(၂)လမ်းထောင့်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၅၀၀၂၇၈၃၃

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေကန် ဒါယိကာမကြီး**

## ဒေါ်သိင်္ဂီဟန် (ပြည်မြို့)

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့နေ ဒေါ်သိင်္ဂီဟန် အသက်(၆၇)နှစ်သည် ၁၅-၈-၂၀၂၂ ရက် ည ၉:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးကျော်ဆန်း-ဒေါ်ကြည်ကြည်ဝင်း မိသားစု**
**ပြန်ကြားရေးဝန်ကြီးဌာန**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်အုန်းမြင့်

**ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ အရှေ့တိုင်းပညာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်**
**ပါမောက္ခ (အဘိဓမ္မာတက္ကသိုလ် UA)**

**အသက် (၈၀)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၃)လမ်းအောက်လမ်း၊ အမှတ် (၁၇)နေ (ဦးမှုန်-ဒေါ်ညီမကြီး)တို့၏သမီးကြီး၊ (ဦးစိန်ဌေး)- သုတေသနမှူး-ငြိမ်း)-CRO၊ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ဇနီး၊ ဦးစောထွန်း (လက်ထောက်ညွှန်ကြားရေးမှူး/အဏုမြူစွမ်းအင်ဌာန)-ဒေါက်တာမြစန္ဒီ(ပါမောက္ခ၊ သန်လျင်နည်းပညာတက္ကသိုလ်)၊ ဒေါ်မြသန္တာ (Mya Thandar Aung Fashion) ဦးဇော်ဝင်းထွန်း-ဒေါက်တာမြဇာလီ (ကထိက၊ ရုက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးနေမျိုးဦး-ဒေါ်မြဥမ္မာ (CB Bank)၊ ဦးဝဏ္ဏ (Sunscreen Myanmar Co.,Ltd.)-ဒေါ်အေးကေခိုင် (System Analyst)၊ ဦးလွှမ်းမိုး-ဒေါ်စုမေခိုင် (Sunscreen Myanmar Co.,Ltd.)တို့၏ ချစ်လှစွာသောမိခင်၊ မြတ်ရတနာပိုင် (TTC)၊ မင်းရဲထက်ပိုင်တို့၏ အဘွားသည် ၁၈-၈-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၂၂ရက် (ကြာသပတေးနေ့)နံနက် ၉ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

**ကျန်ရစ်သူမိသားစု**

---

**အထူးကျေးဇူးတင်ရှိခြင်း**

## ဦးဇေယျာမောင်

**ဥက္ကဋ္ဌ၊ ဇေယျာရွှေပြည်ယာဉ်လိုင်း**

**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့၊ ဂန္ဓမာလမ်း၊ ခြံအမှတ်(၁၂)နေ ဒေါ်ခိုင်ခိုင်တိုးမြင့်၏ခင်ပွန်း ဦးဇေယျာမောင်သည် ၁၁-၈-၂၀၂၂ ရက် နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၃နာရီတွင် ဂူသွင်းသင်္ဂြိုဟ်ပြီးစီး၍ ၁၇-၈-၂၀၂၂ရက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာပြီးစီးပါကြောင်း၊ လိုအပ်သည့် အကူအညီများ ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သားတပည့်များ၊ ဖုန်းနှင့်သော်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍ ဝမ်းနည်းကြောင်း သတင်းမေးကြသောသူများအား အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**
**(ဒေါ်ခိုင်ခိုင်တိုးမြင့်နှင့် တပည့်များ)**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး နှင့် ဒါယိကာမကြီး**

## ဗိုလ်မှူးကေသန်းထွဋ် (ငြိမ်း)တပ်မတော်(လေ)

**အသက်(၈၂)နှစ်**

## ဒေါ်အေးအေးမြ(ခ)ဒေါ်တင်အေး

**အသက်(၈၅)နှစ်**

မန္တလေးမြို့နေ(ဦးလှတင်-ဒေါ်တင်မိ)တို့၏သား၊ (ဦးသန်းဆွေ-ဒေါ်ကြင်ကြင်)တို့၏ညီ၊ (ဒေါ်အေးအေးမြ)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာနေမျိုးထွဋ်-ဒေါက်တာအိအိသိန်း၊ ဦးမျိုးမင်းထွဋ်(CE,UNITEAM)-ဒေါ်သန့်ဇင်ဝေတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ ဒေါက်တာဝေယံမင်းထွဋ်၊ မောင်စွမ်းထက်မင်းထွဋ်၊ မောင်ပြည့်ဖြိုးထွဋ်၊ မငွေစင်မင်းထွဋ်၊ မောင်ကျော်စိုးထွဋ်တို့၏ အဘိုးသည် ၁၈-၈-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၀၀:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းနှင့် ရန်ကုန်မြို့နေ (ဦးမြတ်မောင်-ဒေါ်စိန်ပု)တို့၏သမီး၊ (ဦးသန်းထွန်း-ဒေါ်ကြည်ကြည်မြ)၊ (ဦးလှရွှေ-ဒေါ်မြင့်မြင့်သိန်း)တို့၏အစ်မ၊ (ဗိုလ်မှူးကေသန်းထွဋ်) (ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဒေါ်အေးအေးမြ(ခ)ဒေါ်တင်အေး သည် ၁၈-၇-၂၀၂၂ရက် (တနင်္ဂနွေနေ့) ည ၉:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၂၂ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးသန်းထွန်းအောင်(ကိုထွန်း)

**မကွေး**

**အသက် (၆၆)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်စန်းစန်းဝင်း(မချို)၏ခင်ပွန်း၊ ကိုအောင်သက်ထွန်း၊ မစုစုသိမ့်အောင်-ကိုဇော်ဝင်းထွဋ်တို့၏ဖခင်၊ မဆုရတနာထွဋ်၏အဘိုး ဦးသန်းထွန်းအောင်သည် ၁၄-၈-၂၀၂၂ရက် နံနက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေး မိတ်သင်္ဂဟအပေါင်းတို့အား ဝမ်းနည်းစွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## သစ်တောသစ်ပင် ဒို့ချစ်ခင်
## နှစ်စဉ်စိုက်ပျိုး အလှတိုး

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး**
**နာယကကြီး၊ ရန်ကုန်တိုင်းဒေသကြီး ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ**
**နာယကကြီး၊ ပအိုဝ်းအမျိုးသား ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေး အမှုဆောင်အဖွဲ့**
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ မြေတိုင်းဦးစီးဌာန (သစ်တောရေးရာဝန်ကြီးဌာန)**
**ကျောင်းအုပ်ကြီး၊ တိုင်းရေဒီယိုသိပ္ပံ**
**နတ်မောက်ကျောင်းသားဟောင်း**

## ဦးမောင်မောင်တင်

**အသက်(၇၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် (၈၃၈)နေ ဒေါ်နန်းသိန်းငွေ၏ ချစ်လှစွာသောခင်ပွန်း ဦးမောင်မောင်တင်သည် ၁၄-၈-၂၀၂၂ ရက် (စနေနေ့) ညနေ ၆:၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုကော်မတီ**
**ပအိုဝ်းအမျိုးသား ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေးအမှုဆောင်အဖွဲ့**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး**

## ဒေါ်ဌေးဌေးကြည်

**အသက်(၆၅)နှစ်**

သရက်မြို့၊ လမ်းမတော်လမ်း၊ ရွှေဘုံသာရပ်ကွက်နေ (ဦးစန်းမောင် ကျန်းမာရေးမှူး-ဒေါ်ခင်လှ)တို့၏ ဒုတိယသမီး၊ ဦးသန်းငွေ(ဦးစီးအရာရှိ(ငြိမ်း)၊ ဆောက်လုပ်ရေးအဖွဲ့-၂)၏ဇနီး၊ မအိလဲ့ဖြူ (Group HR, Yoma Group) ၏ချစ်လှစွာသောမိခင် ဒေါ်ဌေးဌေးကြည် (စာရင်းကိုင် ၃-ငြိမ်း၊ ဆောက်လုပ်ရေးအထူးအဖွဲ့-၂)သည် ၁၈-၈-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၂၂ ရက်တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေး အကြောင်းကြားပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါက်တာဏီဝင်းဇော်

**ပါမောက္ခ(ဌာနမှူး)**
**စာကြည့်တိုက်နှင့် သုတပညာဌာန**
**ရန်ကုန်တက္ကသိုလ်**

**အသက်(၅၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ရွာသစ်၊ အောင်ရတနာလမ်း၊ အမှတ် ၄/၁နေ (ဦးခင်ဇော်)ကျန်းမာရေးမှူး(ငြိမ်း)-ဒေါ်သန်းဝင်းတို့၏ ချစ်လှစွာသော သမီးကြီး၊ ဒေါ်ဖြူဝင်းဇော်၊ (ဦးကျော်သူ)-ဒေါ်အေးဝင်းဇော်၊ ဦးသိန်းတိုးအောင်-ဒေါ်ညိုဝင်းဇော်၊ ဒေါ်ကြည်ဇင်ဝင်းဇော်၊ ဦးမျိုးမြင့်ထွန်း-ဒေါ်စန္ဒီဝင်းဇော်တို့၏ ချစ်လှစွာသော အစ်မကြီး၊ မောင်ထူးဝေယံ၊ မောင်ရဲသီဟသူ၊ မောင်စွမ်းလင်းထက်၊ မောင်သော်ဇင်ဘုန်းတို့၏ အဒေါ် ဒေါက်တာဏီဝင်းဇော်သည် ၁၅-၈-၂၀၂၂ ရက် (တနင်္ဂနွေနေ့) ည ၁၀:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၂၂ရက် နံနက် ၁၀:၀၀နာရီတွင် ထောက်ကြန့်မြို့၊ မြို့ရှောင်လမ်း၊ သုသာန်၌ ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးစီးပါကြောင်းနှင့် ကွယ်လွန်သူအား ရည်စူး၍ ၂၁-၈-၂၀၂၂ရက်(စနေနေ့) နံနက် ၅:၃၀ နာရီတွင် အောင်ရတနာလမ်းနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ရီရီသာ(VIOLET PO THA)

**ဓာတုဗေဒဌာန၊ RIT (ငြိမ်း)**

**အသက်(၈၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ (ပါမောက္ခ ဦးဘိုးသာ-ဒေါ်ရင်မိ)တို့၏ သမီး၊ (ဦးဘွား-ဒေါ်ရင်)တို့၏ ချွေးမ၊ (ဦးစိန်ထွန်း)၊ (ဦးလှထွန်း)တို့၏ ညီမ၊ (ဦးခင်မောင်လတ်-ဒေါ်အေးအေးသာ)တို့၏ အစ်မ၊ (ဦးမြင့်သိန်း)(စက်မှု ၁)၏ ချစ်လှစွာသောဇနီး၊ ဦးစိုးသိန်း (CORNERSTONE Co.,Ltd)၊ ဦးဝင်းသန်းဦး(Noble Marine Management)-Dr.မီမီသိန်း၊ ဦးမောင်မောင်ကျော်-Dr.မြမြသိန်း (ဝိတိုရိယ ဆေးရုံ)၊ ဦးသန်းရွှေ-ဒေါ်သိန်းသိန်းဆွေတို့၏ မိခင်၊ ဦးကျော်နန္ဒထွန်း၊ မမြဆုငြိမ်းတို့၏ အဘွား၊ မအိန္ဒြေရှင်းသန့်ကျော်၏ အဘွားသည် ၁၈-၈-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃:၄၅ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၀:၃၀ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုး၊ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## (၁) လပြည့်လွမ်းဆွတ်သတိရခြင်း

## ဦးထွန်းထွန်းဦး

**ဒုတိယညွှန်ကြားရေးမှူး(ဥပဒေနှင့် အကျိုးဆောင်ဌာန)**
**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

**အသက်(၅၇)နှစ်**

ဖေဖေကွယ်လွန်သွားသည်မှာ ၂၀-၈-၂၀၂၂ ရက်တွင် (၁)လပြည့်မြောက်ပြီဖြစ်သော်လည်း ကျန်ရစ်သူမိသားစုမှ နေ့စဉ် လွမ်းဆွတ်သတိရလျက် ရည်စူးလှူဒါန်းသော ကုသိုလ်အစုစုတို့ကို အမျှပေးဝေပါသည်။

**ဖေဖေ မြင့်မြတ်သော ဘုံဘဝမှ သာခုခေါ်ဆိုနိုင်ပါစေ**

| | |
|---|---|
| ဖေဖေ | ဦးတင်ထွဋ်(ကျန်းမာရေးမှူး(ငြိမ်း)) |
| မေမေ | ဒေါ်ခင်သန်းအေး(စား/ဖျော်(ငြိမ်း)) |
| ဇနီး | ဒေါ်မြငွေး(မန်နေဂျာ(ငြိမ်း) မြန်မာ့စီးပွားရေးဘဏ်) |
| ညီမ | ဒေါ်အေးအေးတူး(Mpt) |
| ညီ | ဦးရဲဝင်းထွဋ်(ဦးစီးအရာရှိ (စ.စ.စ) |
| သမီး | မကြည်ဆုဆုသာ |
| တူ | မောင်အားမာန်ဦး |

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

## အဘိဇဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကောဝိဒ

**သက်တော် (၉၃) နှစ်၊ သိက္ခာတော်(၇၃)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ဘုရားကြီးစံပြရွာ ဘုရားလေးမြိုင်တောင်တော်မြတ်၊ ရတနာမာရ်အောင်ဆရာတော် အဘိဇဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကောဝိဒ မထေရ်မြတ်ကြီးသည် ဝါခေါင်လဆန်း(၁၁)ရက်၊ ၁၈-၈-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက်(၇:၀၀)နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဝါခေါင်လပြည့်ကျော်(၂)ရက်၊ ၂၄-၈-၂၀၂၂ ရက် (အင်္ဂါနေ့)တွင် နိဗ္ဗာန်စံကျောင်းချမည်ဖြစ်ပါကြောင်း တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းအား အသိပေး အကြောင်းကြား အပ်ပါသည်။

**တပည့်ဒါယကာ၊ ဒါယိကာမများ**
**ဈာပနဖြစ်မြောက်ရေးအဖွဲ့**

---

## ဦးထွေးဟန်

**ဗိုလ်မှူး(ငြိမ်း) လေ-၁၁၄၅**
**အတွင်းရေးမှူး(ငြိမ်း)**

**အသက် (၉၄)နှစ်**

(ဦးဖိုးဟန်-ဒေါ်လေးမေ)တို့၏သားအငယ်ဆုံး၊ (ဦးဘမွန်း-ဒေါ်မေပု)တို့၏ သားသမက်၊ (ဒေါ်ယဉ်ယဉ်မွန်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးလင်းဟန်-ဒေါ်လဲ့လဲ့ဝင်း၊ ဒေါ်ယဉ်မိုးဟန်၊ ဦးဝဏ္ဏဟန်-ဒေါ်သက်ထွေးဟန်တို့၏ချစ်လှစွာသောဖခင်ကြီး၊ မောင်သန့်လင်းဟန်၊ မောင်ကျော်သက်ဟန်၊ မောင်ရဲလင်းဟန်၊ မနှင်းရဝေဟန်တို့၏အဘိုး ဦးထွေးဟန်သည် ၁၇-၈-၂၀၂၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် နေပြည်တော်ကွေ့ကြီးသုသာန်၌ မီးသင်္ဂြိုဟ် ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးထွေးဟန်

**အတွင်းရေးမှူး(၁)မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (ယခင်)**

**အသက်(၉၄)နှစ်**

(ဦးဖိုးဟန်-ဒေါ်လေးမေ)တို့၏သား၊ (ဦးဘမွန်း-ဒေါ်မေပု)တို့၏သားသမက်၊ (ဒေါ်ယဉ်ယဉ်မွန်း)၏ခင်ပွန်း၊ (ဒေါက်တာ ရွှေတင်-ဒေါက်တာတင်တင်မွန်း)၊ (ဦးမောင်မောင်မွန်း-ဒေါ်စန်းလှိုင်)၊ ဦးတင်လတ်-(ဒေါ်ဝင်းဝင်းမွန်း)တို့၏ညီ/အစ်ကို၊ ဒေါက်တာဥာဏ်ကျော်တင်၊ (ဒေါက်တာမူယာတင်)၊ ဒေါက်တာသူဇာ မေတင်၊ ဒေါက်တာနန္ဒာမွန်း၊ ဦးဇေယျာမွန်း၊ ဒေါ်သီတာမွန်း၊ ဒေါ်နီလာမွန်း၊ ဒေါ်သန္တာမွန်း၊ ဦးကျော်စွာလတ်၊ ဦးဗညားလတ်၊ ဒေါ်သဉ္ဇာလတ်၊ ဒေါ်မွန်းစေတနာလတ်တို့၏ ဦးလေး/ဘကြီးသည် ၁၇-၈-၂၀၂၂ရက်တွင် နေပြည်တော်၌ ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တူ၊ တူမများ**

---

## ဦးဇော်မင်း

**B.Com(AA)R.L(ဇော်မင်းဂစ်တာဥယျာဉ်)**
**မန်နေဂျာ(စာရင်း)(ငြိမ်း)**
**ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း**

**အသက်(၇၆)နှစ်**

ရန်ကုန်မြို့နေ [ဦးအောင်ညွှန့်(အရာရှိ၊ အကောက်ခွန်)-ဒေါ်မြသွင်]တို့၏သား၊ [ဗိုလ်မှူး မျိုးမြင့်(ညွှန်မှူး-ငြိမ်း၊ ရုပ်ရှင်)-ဒေါ်သန်းသန်းမြင့်]တို့၏သားသမက်၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ အမှတ် (၈၂၆၊ ၄-ဘီ)နေ ဒေါ်လင်းလင်းမြင့် (PPD-ငြိမ်း)၏ခင်ပွန်း၊ (ဦးခင်မောင်ရင်)(ညွှန်မှူး-ငြိမ်း၊ က.ည.န)-ဒေါ်သန်းသန်းအေး၊ (ဦးဇော်ဝင်း-ဒေါ်လှလှအေး)တို့၏ အစ်ကိုကြီး၊ [ဗိုလ်မှူးမျိုးမြင့် (လေ-ငြိမ်း)-ဒေါ်မာလာမြင့်]၊ ဦးမိုးမြင့်-ဒေါ်မို့မို့ဟန်တို့၏မောင်/အစ်ကို၊ ကပ္ပတိန်အောင်ဇော်-ဒေါ်အေးအေးနိုင်၊ ဦးမြတ်ဇော်-ဒေါ်သင်းသင်းဆန်း၊ ဦးနွဲ့မြင့်သိန်း-ဒေါ်စပယ်(MRTV-ငြိမ်း)၊ ဦးဘုန်းကြည်အောင်(ဒု-ညွှန်ချုပ်၊ ပြည်ထောင်စုလွှတ်တော်ရုံး)-ဒေါ်မြစန်းရည်၊ ဦးမြတ်ဘုန်းမျိုး-ဒေါ်အိချို၊ ဦးသောင်းထိုက်ဟန်တို့၏ဘကြီး/ဦးလေးသည် ၁၇-၈-၂၀၂၂ ရက် ည ၁၀:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၂၂ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ကန့်ကွက်နိုင်ပါကြောင်း**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်( မြောက်ပိုင်း )မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ ရွှေစင်(၂)လမ်း၊မြေကွက်အမှတ်(၁၁၉၆)၊အကျယ်အဝန်း(၂၉ပေ၆လက်မ × ၆၀ပေ)ရှိ ဦးဖြိုးဝေဦး (၅/ကလဝ(နိုင်)၀၂၇၇၇၅)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးမြင့်နိုင်ဦး (၁၄/ဖပန(နိုင်)၀၄၂၃၄၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများကဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။**

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်မျိုးနိုင်** |
| LL.B, D.B.L, D.I.L, | LL.B, D.B.L, |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ (စဉ်-၄၅၆၅၃) |

**Hein Htet San Law Firm** ဖုန်း:- ၀၉၂၅၀၂၉၀၇၈၀ ၊ ၀၉၅၅၀၆၁၄၆ ၊
အမှတ်(၁၅) ၊ ပထမထပ်၊ သံသုမာလမ်း ၊ (၁၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ၊ ရန်ကုန်မြို့။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

---

**ယနေ့ သတင်းအညွှန်း**

**မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်၌ PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့မှ အမျိုးသားနှစ်ဦးက အရပ်သားပြည်သူတစ်ဦးကို သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်၍ ငွေကျပ်သိန်း ၇၀၀ လုယက်ယူဆောင်**

ပြည်တွင်းသတင်း စာ - ၁၂

**ဩဂုတ် ၁၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၅၉၀ တွေ့ရှိ**

စာ - ၁၅

**ငြိမ်းချမ်းရေး ၁၀ နှစ်ခရီးအလွန် သင်ခန်းစာ**

ဆောင်းပါး စာ - ၂၀



## လာအိုနိုင်ငံမှ ပြန်လည်လွှဲပြောင်းလာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၃၄၈ ဦးအား နွေးထွေးစွာ ကြိုဆိုလက်ခံ

**တာချီလိတ် ဩဂုတ် ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းဖုန်း(က) ကျေးရွာအုပ်စုရှိ ဝမ်ပုံဆိပ်ကမ်း၌ လာအိုနိုင်ငံမှ ပြန်လည်လွှဲပြောင်းလာသော အခက်အခဲများနှင့် ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၃၄၈ ဦး(**အပေါ်ပုံ**)ကို ယနေ့ မွန်းလွဲ ၁နာရီက တာချီလိတ်မြို့နယ်မှ တာဝန်ရှိသူများက နွေးထွေးစွာ ကြိုဆိုလက်ခံခဲ့ကြောင်း သိရသည်။

အဆိုပါ လာအိုနိုင်ငံမှ လွှဲပြောင်းလာသည့် ရွှေ့ပြောင်းမြန်မာ အလုပ်သမား ၃၄၈ ဦးတွင် အမျိုးသား ၂၁၈ ဦး နှင့် အမျိုးသမီး ၁၃၀ တို့ဖြစ်ပြီး ၎င်းတို့အား တာချီလိတ်ခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊

*စာမျက်နှာ ၉ ကော်လံ ၁* ❍

## လီဂူးဝမ်း ပွဲစဉ် (၃) အဖြစ် ဘရက်စ်နှင့် ပီအက်စ်ဂျီအသင်းတို့ ယှဉ်ပြိုင်ကစားမည်



ပီအက်စ်ဂျီ တိုက်စစ်မှူး အမ်ဘတ်ပီ စထရာဘော့အသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

ပြင်သစ်လီဂူးဝမ်း ပွဲစဉ် (၃) အဖြစ် ဩဂုတ် ၂၁ ရက် နံနက်တွင် ဘရက်စ်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ လီဂူးဝမ်းပွဲစဉ် (၂) ယှဉ်ပြိုင်ကစားအပြီးတွင် အိန်ဂျား၊ ကလီမွန့်ဖုသ်နှင့် ပီအက်စ်ဂျီအသင်းတို့က ရာနှုန်းပြည့် နိုင်ပွဲနှင့်အတူ အမှတ်ပေးဇယားကို အစဉ်လိုက် ဦးဆောင်ထားသည်။

ဘရက်စ်အသင်းသည် ပွဲစဉ် (၁) တွင် လိုင်ယွန်အသင်းနှင့် တစ်ဖက် တစ်ဂိုးစီ သရေကျထားသလို

*စာမျက်နှာ ၁၉ ကော်လံ ၃* ❖

## ၂၀၂၂ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ မြန်မာနှင့် လက်ဘနွန် ပွဲဦးထွက်ကစားရမည်

**ရန်ကုန် ဩဂုတ် ၁၉**

၂၀၂၂ အာရှဖလား အမျိုးသမီးခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာအသင်းသည် လက်ဘနွန်အသင်းနှင့် ပွဲဦးထွက် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ယင်းခြေစစ်ပွဲတွင် အုပ်စု (D) ၌ ပါဝင်နေပြီး စက်တင်ဘာ ၁၇ ရက်မှ ၂၃ ရက်အတွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းပါဝင်သည့် အုပ်စု (D) ပွဲစဉ်များကို လက်ဘနွန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားပြီး မြန်မာ၊ ယူအေအီး၊ လက်ဘနွန်၊ ဂူအမ်အသင်းတို့ ပါဝင်နေသည်။ ပွဲစဉ်ရေးဆွဲထားမှုအရ စက်တင်ဘာ ၁၇ ရက်တွင် မြန်မာနှင့် လက်ဘနွန်၊ ယူအေအီးနှင့် ဂူအမ်၊ စက်တင်ဘာ ၂၀ ရက်တွင် မြန်မာနှင့် ဂူအမ်၊ လက်ဘနွန်နှင့် ယူအေအီး၊ စက်တင်ဘာ ၂၃ ရက်တွင် မြန်မာနှင့် ယူအေအီး၊ လက်ဘနွန်နှင့် ဂူအမ်အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

*စာမျက်နှာ ၁၉ ကော်လံ ၃* ❒